ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၆)ရက် ၊ စနေနေ့ ၊ (7-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၈၃)

ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၇၉ နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၇၉ နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါ။

ယနေ့ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်သည့် ၇၉ နှစ်မြောက် ရှမ်းပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် အေးချမ်းသာယာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၂၀ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊

စာမျက်နှာ ၁၆ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလူငယ်မောင်မယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်
အယ်ဒီတာ့အာဘော်

စိုက်ပျိုးမွေးမြူရေးကို အခြေခံသော နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သဘာဝအရင်းအမြစ်ကောင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်နေသည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်လာသည့်အခါ ကျေးလက်ဒေသများသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထိုသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလုပ်ဆောင်ရမည်မှာ ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်ရေးဖြစ်သည်။ ကုန်ထုတ်လုပ်မှုကို တိုးတက်အောင် ထုတ်လုပ်နိုင်မှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများ သာယာဝပြောမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရမည်ဖြစ်သည်။ ပြည်တွင်း စိုက်ပျိုး မွေးမြူရေးကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်ဆိုပါက နိုင်ငံ၏ GDP များ တစ်နည်းအားဖြင့် နိုင်ငံ့ဝင်ငွေ တိုးတက်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်စေရန်အတွက် တစ်ဧကပန်းတိုင်ရည်မှန်းချက်အတိုင်း အထွက်နှုန်းရရှိရေးက စတင်ရမည်ဖြစ်သည်။ တစ်ဧကပန်းတိုင်ရည်မှန်းချက်ရရှိရေးအတွက် အရေးကြီးသည်မှာ မျိုး၊ မြေ၊ ရေ၊ နည်းပင်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးများကောင်းမွန်မှုရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ခြင်း၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ခြင်းနှင့် သင့်လျော်သည့်မြေ၊ သင့်လျော်သည့်မြေဩဇာများကို ရရှိအောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေနှင့် အောင်ရေကို ဖူလုံစွာရရှိနိုင်ရေးဆောင်ရွက်ခြင်း၊ နည်းဆိုရာတွင် စိုက်နည်းစနစ်များ မှန်ကန်မှုရှိစေရေး၊ ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေး ဖော်ဆောင်ခြင်းဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်မီရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံ့စီးပွားတိုးတက်ရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်မှသည် အရေးကြီးသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်ပြီး ထိုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိရိုးဖလာနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းထက် ခေတ်မီ နည်းပညာများ အသုံးပြု၍ တိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစေရန် ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှုကောင်းကောင်းဖြင့် စနစ်တကျဆောင်ရွက်ရန်လိုသည့်အပြင် စဉ်ဆက်မပြတ်တိုးတက်နေသော စိုက်ပျိုးမွေးမြူနည်းများကိုလည်း သုတေသနများ ပြုလုပ်ဆောင်ရွက်ပါက ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ပေါကြွယ်ဝစေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ကာ အရည်အသွေးမြင့်မားသောထုတ်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံ၏ GDP တစ်နည်းအားဖြင့် နိုင်ငံ့ဝင်ငွေများတိုးတက်လာပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်ပါသောကြောင့် နိုင်ငံ့ဝင်ငွေတိုးတက်စေရေး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းများကို ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

စဉ်ကိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စဉ်ကိုင် ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၅ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်နှင့် မြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၄၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်း ဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာသစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၆၀ ကို ငွေကျပ် ၃၆ ဒသမ ၇ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၉ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၆ ဒသမ ၄၅ သန်းကို ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

မန္တလေး ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်နှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် မူဝါဒ၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ အတိုင်း တိကျမှန်ကန်စွာ လိုက်နာကာ သမာသမတ်ကျကျ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီ၏ တွဲဖက်အတွင်းရေးမှူး၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူးကိုယ်စား ဒုတိယတိုင်းဦးစီးမှူးက တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ခရိုင်များမှ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ယခင်အစည်းအဝေး ဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ အကြံပြုကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

စစ်ကိုင်း ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီးဧက ၁၄၆၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲကြီးဧက ၁၄၆၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၄၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ အတွက် လိုအပ်တဲ့ မျိုးကောင်း မျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲကြီးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ စျေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းစျေးကွက်တွင်သာမက ပြည်ပစျေးကွက်သို့ပါတင်ပို့နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူးဒေါ်မြတ်မိုးဝင်းကပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

နွေစပါး၊ နွေသီးနှံမျိုးစေ့များနှင့် မြေသြဇာများပံ့ပိုးပေးအပ်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

မန္တလေး ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါး၊ နွေသီးနှံမျိုးစေ့များနှင့်မြေသြဇာများ ပံ့ပိုးပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေဦးစီးဌာန တိုင်းဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ်ဦးစီးမှူးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ တောင်သူများတက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စပါးသီးနှံ၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လိုအပ်သည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ အရည်အသွေးမီသွင်းအားစုများ အချိန်ကိုက်အချိုးကျသုံးစွဲစေရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ တိုးတက်စေရေး စသည့် မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ လုပ်ငန်းများဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများ၏ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးကို အဓိကရည်ရွယ်၍ အရည်အသွေးကောင်း၊ အထွက်ကောင်းမျိုးကောင်းမျိုးသန့်မျိုးစေ့များနှင့် သွင်းအားစုများကို ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် သီးနှံအထွက်နှုန်းများ၊ ထုတ်လုပ်မှုများတိုးတက်အောင်မြင်စေရန် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးသွယ်ဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အားလုံးပါဝင်ပိုင်းဝန်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက စပါးသီးနှံ ဧက ၁၀၀၀ အတွက် စပါးမျိုးစေ့အိတ်များ၊ ဝါသီးနှံဧက ၅၀၀ အတွက် ဝါမျိုးစေ့အိတ်များ၊ နှမ်းသီးနှံ ဧက ၂၀၀ အတွက် နှမ်းမျိုးစေ့အိတ်များ၊ ကော်ဖီသီးနှံ ဧက ၃၀ အတွက် ကော်ဖီမျိုးစေ့အိတ်များ၊ ပိုက်ဆန်လျှော် ဧက ၁၀၀၀ အတွက် ပိုက်ဆန်လျှော်မျိုးစေ့အိတ်များ၊ စိုက်ပျိုးသီးနှံဧက ၁၀၀၀ အတွက် သွင်းအားစုမြေသြဇာအိတ်များကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူများကို လိုက်လံနှုတ်ဆက်အားပေးပြီး တောင်သူများထံ ဖြန့်ဝေပေးသည့် စပါးမျိုးစေ့များ၊ ဝါမျိုးစေ့များ၊ နှမ်းမျိုးစေ့များ၊ ကော်ဖီမျိုးစေ့များ၊ ပိုက်ဆန်လျှော်မျိုးစေ့များနှင့် သွင်းအားစုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ကလေးဝ ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၅၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၆၉ တင်းထွက်ရှိကြောင်း သိရသည်။

"ကလေးဝမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၈၅၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်ကပြောပြသည်။

ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

အုတ်ဖိုမြို့နယ် အညာတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

အုတ်ဖို ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အညာတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ရန်၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အညာတန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အေးမြတ်**

ရေတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ငပုတော ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ရေတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၆၄၈ ဧကကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါမြေပဲများ အခက်အခဲမရှိစနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေတ်ကောင်းမြို့မှာ မြေပဲ ၃၆၄၈ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာတော့ မြေပဲဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲတွေကို လျာထားဧကပြည့်မီအောင် အခက်အခဲမရှိစနစ်တကျ စိုက်ပျိုးနိုင်ဖို့အတွက် နည်းပညာနဲ့စိုက်ပျိုးရေးလမ်းညွှန်ချက်တွေကို မြေပြင်ထိ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ မြေပဲစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ် မြေပဲအပါအဝင် ဆောင်းသီးနှံတွေစိုက်ပျိုးနိုင်ဖို့ကိုလဲ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



ဘူးသီးစားသုံးခြင်းမှရရှိမည့် ကျန်းမာရေးအကျိုးကျေးဇူးများ

ဘူးသီးတွင် ရေဓာတ် ၉၂ ရာခိုင်နှုန်းထိ ပါဝင်နေသောကြောင့် ဘူးသီးသည် ကျန်းမာရေးနှင့် အညီညွတ်ဆုံးအသီးတစ်မျိုးဖြစ်ပြီး အပူငြိမ်းစေသော အအေးစာဖြစ်သည်။ ဘူးသီးတွင် အမျှင်ဓာတ်ကြွယ်ဝမှုကြောင့် အစာခြေဖျက်မှုကို အားကောင်းစေပြီး ဗီတာမင် A၊ ဗီတာမင် B၊ ဗီတာမင် C၊ ဗီတာမင် E၊ ဗီတာမင် K၊ သံဓာတ် (Fe)၊ ဇင့် (Sn)၊ ဖောလိတ် (Folic Acid)၊ ဆိုဒီယမ် (Na)၊ ပိုတက်ဆီယမ် (K)၊ မဂ္ဂနီဆီယမ် (Mg)၊ မဂ္ဂနီးစ် (Mn)၊ ကာဗိုဟိုက်ဒရိတ် (ကစီဓာတ်)၊ ကယ်လ်စီယမ် (Ca) နှင့် ပရိုတင်း (အသားဓာတ်) အစရှိသည့် အာဟာရဓာတ်များလည်း ပါဝင်နေသည့်အပြင် ကယ်လိုရီပါဝင်မှုနည်းသောကြောင့် အရွယ်သုံးပါးမရွေးအားလုံးအတွက် အကျိုးပြုသည့် ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။

ဆားမပါ ချက်ပြုတ်ထားသော ဘူးသီး ၁၀၀ ဂရမ် (၃.၅ အောင်စ) တွင် ပါဝင်သော အာဟာရတန်ဖိုး

ဆားမပါ၊ ချက်ပြုတ်ထားသော ဘူးသီး ၁၀၀ ဂရမ် (၃ ဒသမ ၅ အောင်စ)တွင် ရေ ၉၅ ဂရမ်၊ စွမ်းအင် ၁၅ ကီလိုကယ်လိုရီ၊ ကာဗိုဟိုက်ဒရိတ် ၃ ဒသမ ၆၉ ဂရမ်၊ Dietary Fiber အမျှင် ၁ ဒသမ ၂ ဂရမ်၊ အဆီဓာတ် သုည ဒသမ ၀၂ ဂရမ်၊ ပရိုတင်း သုည ဒသမ ၆ ဂရမ်၊ ဗီတာမင် B1 (Thiamine) သုည ဒသမ ၀၂ ဂရမ်၊ ဗီတာမင် B2 (Riboflavin) သုည ဒသမ ၀၂၂ မီလီဂရမ်၊ ဗီတာမင် B3 (Niacin) သုည ဒသမ ၃၉ မီလီဂရမ်၊ ဗီတာမင် B5 (Pantothenic Acid) သုည ဒသမ ၁၄၄ မီလီဂရမ်၊ ဗီတာမင် B6 သုည ဒသမ ၀၃၈ မီလီဂရမ်၊ ဗီတာမင် B9 (Folate) ၄ မိုက်ခရိုဂရမ်၊ ဗီတာမင် C ၈ ဒသမ ၅ မီလီဂရမ်နှင့် သတ္တုဓာတ်များဖြစ်သည့် ကယ်လ်စီယမ် ၂၄ မီလီဂရမ်၊ သံဓာတ် သုည ဒသမ ၂၅ မီလီဂရမ်၊ မဂ္ဂနီဆီယမ် ၁၁ မီလီဂရမ်၊ မဂ္ဂနီးစ် သုည ဒသမ ၀၆၆ မီလီဂရမ်၊ ဖော့စဖရတ် (P) ၁၃ မီလီဂရမ်၊ ပိုတက်စီယမ်(K) ၁၇၀ မီလီဂရမ်၊ ဆိုဒီယမ်(Na) ၂ မီလီဂရမ်၊ သွပ် (Zn) သုည ဒသမ ၇ မီလီဂရမ် ပါဝင်သည်။

ပြုတ်ထားသောဘူးသီးတစ်လုံးတွင် ရေ ၉၅ ရာခိုင်နှုန်း၊ ကာဗိုဟိုက်ဒရိတ် လေးရာခိုင်နှုန်း၊ ပရိုတင်း တစ်ရာခိုင်နှုန်းနှင့် အဆီဓာတ်အနည်းငယ် တို့ပါဝင်သည်။ ချက်ပြုတ်ထားသော ဘူးသီး ၁၀၀ ဂရမ် (၃ ဒသမ ၅ အောင်စ) တွင် ဗီတာမင် C အလယ်အလတ်ပမာဏ (နေ့စဉ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း) ကိုပေးစွမ်းပြီး အခြားသောသေးငယ်သည့် အာဟာဓာတ်များသိသာစွာ ပါဝင်မှုမရှိပေ။

ဘူးသီးကပေးသော ကျန်းမာရေးကောင်းကျိုးများ

အသည်းနှင့်သွေးသားသန့်ရှင်းစေပြီး သွေးတိုးနှင့်နှလုံးရောဂါကိုလည်း သက်သာစေသည့် ဘူးသီး၏ အာဟာရအကျိုးကျေးဇူးများစွာကို ဆက်လက်ဖော်ပြအပ်သည်။

ရေဓာတ်ဖြည့်ပေးနိုင်ခြင်း

ဘူးသီးတွင် ရေဓာတ် ၉၆ ရာခိုင်နှုန်း ပါဝင်ခြင်းကြောင့် ရေဆာရေငတ်မှုကို သက်သာစေပြီး မောပန်းနွမ်းနယ်မှုများကိုမဖြစ်စေဘဲ လန်းဆန်းနေစေနိုင်သည်။ ကိုယ်လက်လေ့ကျင့်ခန်းလုပ်ပြီးသည့်အခါ ဆုံးရှုံးသွားသည့်ရေဓာတ်၊ သကြားဓာတ်နှင့် ကာဗိုဟိုက်ဒရိတ်များကို ပြန်လည်ဖြည့်တင်းနိုင်စေရန် ဘူးသီးကိုစားပေးနိုင်သည်။ ပရိုတင်းနှင့် အခြားအာဟာရဓာတ်များ ကြွယ်ဝသည့်ဘူးသီးက ကြွက်သားများကျန်းမာစေရန် အကောင်းဆုံးအားဖြည့်ပေးသည်။ ဘူးသီးဖျော်ရည်သောက်သုံးပေးခြင်းဖြင့် တစ်နေ့တာလိုအပ်သည့် ရေဓာတ်ထိန်းပေးနိုင်သည်။ အစာခြေခြင်း၊ သွေးလှည့်ပတ်ခြင်းနှင့် အပူချိန်ထိန်းညှိခြင်းအပါအဝင် ခန္ဓာကိုယ်၏လုပ်ဆောင်ချက်များကို ထိန်းသိမ်းရန်အတွက် ရေဓာတ်မရှိမဖြစ်လိုအပ်သည်။

ဘူးသီးတွင် ပြည့်ဝဆီနှင့် ကယ်လိုရီပါဝင်မှုနည်းပြီး အမျှင်ဓာတ်၊ ဗီတာမင် C၊ ရီဘိုဖလေဗင်၊ သွပ် (Zn)၊ သိုင်ယာမင်၊ သံဓာတ် (Fe) နှင့် မဂ္ဂနီဆီယမ် (Mg) တို့ပါဝင်မှုများသောကြောင့် အသည်းကို သန့်စင်စေပြီး ပြန်လည်အားဖြည့်ပေးကာ အရက်ကြောင့် ထိခိုက်မှုများကို ကာကွယ်ပေးသည်။

ဘူးသီးသည် အသည်းပုံမှန်အလုပ်မလုပ်နိုင်သူများအတွက် များစွာအကျိုးပြုသည်။

ဘူးရွက်ကရသည့် ဘူးသီးအရည်သည် အသားဝါခြင်းကိုသက်သာစေပြီး ဆံပင်ဖြူခြင်းကို လျော့ကျစေသည်။ ဘူးသီးဖျော်ရည် သောက်သုံးပေးခြင်းဖြင့် ဆံပင်များကို ပြန်လည်နက်မှောင်သန်စွမ်းစေသည်ဟုဆိုကြသည်။

ဘူးသီးစားပေးခြင်းဖြင့် ကိုယ်ခန္ဓာနုံးချည့်ညောင်းညာမှုများကို လျော့ကျစေကာ လန်းဆန်းစေသည်။ ဘူးသီးတွင် အယ်လ်ကာလိုင်း (Alcalyne) ဂုဏ်သတ္တိရှိသောကြောင့် အက်စစ်ဓာတ်လွန်ကဲမှု၊ အစာမကြေမှုနှင့် အစာအိမ်အနာတို့ကို သက်သာစေနိုင်သည်။

ကျောက်ကပ်ရောင်ခြင်းကိုသက်သာစေခြင်း

ရေဓာတ်ပါဝင်မှုများပြီး အအေးစာဖြစ်သောကြောင့် ဆီးမကောင်းသူများနှင့် ယူရစ်အက်စစ်များ၍ ဆီးပူသောသူများသည် ဘူးသီးကို ဖျော်ရည်လုပ်ပြီး သံပရာရည်ဖြင့်ရောကာ သောက်သုံးပေးခြင်းဖြင့် သက်သာစေပြီး ကျောက်ကပ်ရောင်ခြင်းကိုလည်း ကုသပေးနိုင်စွမ်းရှိသည်။

မျက်စိကျန်းမာရေးကိုကောင်းမွန်စေခြင်း

ဘူးသီးတွင် ဘီတာကယ်ရိုတင်း ပမာဏများစွာပါဝင်သောကြောင့် မျက်စိအမြင်အာရုံကို ကောင်းမွန်စေသည်။ ဘူးသီးသည် အစာအိမ်ဝေဒနာ၊ အစာအိမ်အူလမ်းကြောင်း ပိုးဝင်ခြင်းနှင့် လိပ်ခေါင်းစသည်တို့ကိုလည်း သက်သာစေသည့်အပြင် ဘူးသီးတွင် သွေးများကို သန့်စင်စေသည့်အာနိသင်လည်း ပါဝင်နေသောကြောင့် ရောဂါအများစုကို တွန်းလှန်ပေးနိုင်သည်။

ဘူးသီးတွင်ပါဝင်သည့် ပပ်တိုက် (Petide) နှင့် အယ်လ်ကာလွိုက် (Alkaloids) များက သွေးတွင်းသကြားဓာတ်ပမာဏကို လျော့ကျစေသောကြောင့် ဆီးချိုရောဂါရှိသူများ အသင့်အတင့်စားနိုင်သည်။

အပူငြိမ်းစေခြင်း

ဘူးသီးတွင် ရေဓာတ် ၉၂ ရာခိုင်နှုန်းထိ ပါဝင်နေသောကြောင့် ခန္ဓာကိုယ်အပူငြိမ်းစေပြီး ရေဓာတ်ဖြည့်ပေးနိုင်သည့်အပြင် အစာအိမ်ကိုအေးစေနိုင်ပြီး ခန္ဓာကိုယ်က အပူချိန်ကိုလျှော့ချပေးနိုင်သည်။ ဘူးသီးသည် ချွေးထွက်များသည့်နွေရာသီတွင် စားသုံးပေးသင့်သော အစားအစာတစ်မျိုးဖြစ်ပြီး ဆုံးရှုံးသွားသည့်ရေဓာတ်ကို အကောင်းဆုံးဖြည့်ပေးနိုင်ကာ လူကိုပြန်လည်လန်းဆန်းစေသည်။ အပူလျှပ်ခြင်းမှလည်းကာကွယ်ပေးသည်။ ဝမ်းလျှောခြင်းကြောင့် ရေငတ်နေသူများ၊ အဆီဓာတ်များသော အစားအစာ သို့မဟုတ် ဆီကြော်မုန့်စားသုံးပြီးနောက် ရင်ပူနေသူများသည် ဘူးသီးကိုဖျော်ရည်လုပ်ကာ ဆားအနည်းငယ်ရော၍ သောက်သုံးပေးသင့်သည်။ နှာခေါင်းသွေးလျှံခြင်း၊ ဝက်ခြံနှင့် ပါးစပ်ထဲတွင် အနာဖြစ်ခြင်းကဲ့သို့ ပြဿနာများကင်းစေရန်အတွက်လည်း ဘူးသီးစားသုံးပေးနိုင်သည်။

ကိုယ်အလေးချိန်ကျစေခြင်း

ဘူးသီးတွင် ကိုလက်စထရောပါဝင်မှုအလွန်နည်းပါးပြီး အမျှင်ဓာတ်ကြွယ်ဝသောကြောင့် အဆာခံနိုင်စေသကဲ့သို့ ရေဓာတ် ၉၆ ရာခိုင်နှုန်းပါဝင်သောကြောင့် ဘူးသီး ၁၀၀ ဂရမ်စားသည့်အခါ ၁၂ ကယ်လိုရီသာ ရရှိစေသောကြောင့် ကိုယ်အလေးချိန် လျော့ကျစေသည့် အစားအစာအဖြစ်လည်း စားသုံးကြသည်။ ထို့ပြင် ဘူးသီးတွင် ကိုယ်အလေးချိန်ထိန်းညှိပေးနိုင်သည့် ဗီတာမင် C၊ ဗီတာ မင် B၊ ဗီတာမင် K၊ ဗီတာမင် A၊ ဗီတာမင် E၊ သံဓာတ် (Fe) ဖောလိတ် (Folate)၊ ပိုတက်ဆီယမ် (K) နှင့် မဂ္ဂနီဆီယမ် (Mg) တို့ ကြွယ်ဝစွာပါဝင်သောကြောင့် ခန္ဓာကိုယ်က အာဟာရပြည့်ကာ ဆာလောင်ခြင်းကိုလျှော့ချပေးပြီး ကိုယ်အလေးချိန်လျော့ကျစေနိုင်သည်။ နံနက်စောစောတွင် ဘူးသီးကို အရည်ကြိတ်ပြီး ဘာမျှမစားမီဖျော်ရည်လုပ်သောက်ခြင်းဖြင့် ကိုယ်အလေးချိန်လျှော့ရန်အတွက် အထောက်အကူဖြစ်စေနိုင်သည်။

ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို သက်သာစေခြင်း

ဆီးလမ်းကြောင်းပိုးဝင်သည့်အခါ ဘူးသီးတစ်စိတ်စာကို အရည်ကြိတ်ပြီး သံပရာရည် အနည်းငယ်နှင့်သောက်ပေးခြင်းဖြင့် ဆီးလမ်းကြောင်း ပိုးဝင်ခြင်းကို သိသာစွာသက်သာစေမည်ဖြစ်သည်။

အစာခြေစနစ်ပြဿနာများကင်းဝေးစေခြင်း

ဘူးသီးတွင် ရေဓာတ်နှင့် ပျော်ဝင်နိုင်သည့်အမျှင်ဓာတ်နှင့် မပျော်ဝင်နိုင်သည့်အမျှင်ဓာတ်တို့ပါဝင်မှုမြင့်မားသောကြောင့် ကြေပျက်လွယ်ပြီး အစာကြေလွယ်စေခြင်း၊ ဝမ်းချုပ်ခြင်းကိုသက်သာစေသကဲ့သို့ ဝမ်းမှန်စေပြီး အစာခြေစနစ်ပြဿနာများဖြစ်ကြသည့် လေနာခြင်း၊ လိပ်ခေါင်းဖြစ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းကို သက်သာစေနိုင်သည်။ ဝမ်းမှန်စေသဖြင့် အစာခြေစနစ်တစ်လျှောက်သန့်စင်စေပြီး အူမကြီးကိုသန့်စင်စေကာ အူမကြီးကျန်းမာ၍ ရောဂါကင်းစေသည်။ ဝမ်းကိုက်နေသည့်အခါ ဘူးသီးဖျော်ရည်ထဲကို ဆားနည်းနည်းထည့်ပြီး သောက်ပေးခြင်းဖြင့် ကိုယ်တွင်းမှဆုံးရှုံးသွားသည့်ရေဓာတ်နှင့် ဓာတ်ဆားဓာတ်များကို ဖြည့်ပေးနိုင်သည်။ ဘူးသီး၊ ဘူးရွက်သည် အစာခြေစနစ်ကို အေးမြစေသော အာနိသင်ရှိပြီး အချဉ်ဓာတ် သို့မဟုတ် အစာအိမ်နာနေသူများအတွက် အကျိုးပြုနိုင်သည်။

နှလုံးကျန်းမာစေခြင်း

ဘူးသီးတွင် ဆိုဒီယမ် (Na)၊ ပိုတက်စီယမ် (K) နှင့်မရှိမဖြစ်လိုအပ်သည့် အာဟာရဓာတ်များ ပါဝင်သောကြောင့် သွေးဖိအားကို မှန်ကန်ကောင်းမွန်စေပြီး သွေးတွင်းကိုလက်စထရောကို ကျဆင်းစေနိုင်သောကြောင့် နှလုံးကျန်းမာစေရန် အကောင်းဆုံးအားဖြည့်ပေးသည်။ ထို့ကြောင့် ဘူးသီးက သွေးတိုးရောဂါသမားများနှင့် နှလုံးရောဂါဝေဒနာရှင်များကို များစွာအကျိုးပြုကြောင်း သိရှိရသည်။

ရောင်ရမ်းမှုကိုသက်သာစေခြင်း

ဘူးသီးတွင် ရောင်ရမ်းမှုကို ဆန့်ကျင်သည့်ဂုဏ်သတ္တိများရှိပြီး ဝက်ခြံနှင့်အဖုအပိန့်များကို လျော့ပါးစေနိုင်သည်။ ဘူးသီးဖျော်ရည်ကို အရေပြားပေါ်တွင် လိမ်းပေးခြင်းဖြင့် ရောင်ရမ်းနေသော အသားအရေကို သက်သာစေပြီး နီရဲခြင်းကိုလျှော့ချပေးနိုင်သည်။

စိတ်ဖိစီးမှုပြေလျော့စေသောဘူးသီး

ဘူးသီးတွင် ဦးနှောက်နှင့်အာရုံကြောများကို ကျန်းမာစေနိုင်သည့် Choline ပါဝင်နေသောကြောင့် မှတ်ဉာဏ်ကောင်းစေပြီး ဦးနှောက်စွမ်းဆောင်ရည်ကို တိုးတက်စေနိုင်သကဲ့သို့ စိတ်ဖိစီးခြင်းနှင့် စိတ်ဓာတ်ကျခြင်းများကို သက်သာစေနိုင်သည်။ ထို့ကြောင့် ဘူးသီးသည် စိတ်ကျန်းမာရေးကောင်းမွန်စေရန် စားသုံးပေးသင့်သည့် အစားအစာတစ်ခုဖြစ်သည်။ ဘူးသီးဖျော်ရည်တွင် နှမ်းဆီအနည်းငယ်ထည့်သောက်ပါက ညဘက်အိပ်မပျော်ခြင်းကို သက်သာစေနိုင်သည်။

အရေပြားကျန်းမာရေးကိုမြှင့်တင်ပေးခြင်း

ဘူးသီးဖျော်ရည်တွင် ကြွယ်ဝစွာပါဝင်သည့် ဓာတ်တိုးဆန့်ကျင်အာနိသင်ပစ္စည်းများက Free Radical များကို တိုက်ဖျက်နိုင်ပြီး Oxidative Stress များကို လျှော့ချပေးနိုင်သောကြောင့် အချိန်ကြာမြင့်လာသည်နှင့်အမျှ အသားအရေကို ပိုမိုကြည်လင်တောက်ပလာစေနိုင်သည်။ ဘူးသီးတွင် ရေဓာတ်ပါဝင်မှုမြင့်မားသောကြောင့် အသားအရေကို ရေဓာတ်ဆက်လက်ဖြည့်တင်းပေးနိုင်ပြီး ကျန်းမာသည့်အသားအရေကို ထိန်းသိမ်းရန်အတွက် ဘူးသီးကို စားသုံးပေးနိုင်သည်။ နံနက်စာမစားမီ ဘူးသီးကို ဖျော်ရည်ပြုလုပ်ပြီး နေ့စဉ်တစ်နေ့လျှင် တစ်ခွက်ပုံမှန်သောက်သုံးပေးပါက အရွယ်တင်နုပျိုစေသည်။ မိတ်၊ အင်ပျဉ်ကဲ့သို့ အရေပြားပေါ်တွင် အဖုအပိန့်

စာမျက်နှာ ၅ သို့ á

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး က ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈က ၆၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ထီးချိုင့် ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီးကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈က ၆၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် စပါး ၁၀၆၂ ၈ကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဧနဝါရီလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈က ၆၈၈၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ စပါး ၁၀၆၂ ၈က စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၈က ၆၈၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထား ၈ကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာတွေနဲ့ သီးနှံတွေ ပျက်စီးဆုံးရှုံးမှု မရှိစေဖို့ အသိပညာပေး ဆောင်ရွက်ထားပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင် အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ကြည်လင်ချမ်းမြေ ရှမ်းပြည်နယ်နေ့

- ရှမ်းပြည်နယ်နေ့ ချမ်းမြေ့သာပါစေ
  တိုင်းရင်းသားထု ပေါင်းစုအတူနေ
  မြန်မာတို့မြေ နှစ်တွေကြာညောင်း
  ရင်းနှီးချစ်ကြည် ပဝေသဏီ
  မြေဆီမြေလွှာ ကောင်းသည်နှင့်လေး။

- အားလုံးစုပေါင်း အောင်ကြောင်းအလီလီ
  တောင်ပေါ်ဒေသ ဆန္ဒလွန်တူညီ
  ဖေဖော်ဝါရီ ဖြစ်တည်ခုနစ်ရက်
  ညီညွတ်ကြစေ တို့ရှမ်းမြေ
  ကောင်းမွေခံစား ဆက်သည်နှင့်လေး။

- ရှေ့သို့ဆက်လက် ဆောင်ရွက်ကြလျှင်
  ပင်လုံစာချုပ် ရေးထုတ်စုံစုံလင်
  တိုင်တိုင်ပင်ပင် စီစဉ်ကျန
  လွတ်လပ်တူညီ တို့မြန်ပြည်
  ချစ်ကြည်စည်းလုံး စသည်နှင့်လေး။

- ရှမ်းပြည်နယ်အလှ စာသမကုန်ပါ
  အင်းလေးကန်ကြီး အုံ့ချီးလွန်သာယာ
  ကျေးငှက်စုံစွာ လူးလာပျံသန်း
  ထူးခြားလှေလှော် ရှုမြင်သော်
  ရွှင်ပျော်ထူးစွာ ဆန်းသည်နှင့်လေး။

- ပြည်နယ်အဝန်း ငြိမ်းချမ်းပါလျှင်
  ပြည်သူလူထု နေမှုဘဝတွင်
  ကြီးပွားစေချင် အစဉ်လှပ
  ကျောင်းနေလည်းပျော် စာလည်းတော်
  တွေးခေါ်မျှတ ကြသည်နှင့်လေး။
- လှပစုံလင် ပြည်တစ်ခွင်
  ကြည်လင်ချမ်းမြေ့သည်။
- ရှမ်းပြည်နယ်တွင် ကြည့်ရှုမြင်
  သွင်ပြင်လန်းတော့သည်။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

á စာမျက်နှာ ၄ မှအဆက်

အနီကွက်ထပါက ဘူးသီးကိုကြိတ်ချေ၍ ၎င်းအနှစ်များဖြင့် လိမ်းပေးခြင်းဖြင့် ချက်ချင်းသက်သာပျောက်ကင်းစေသည်။

ဘူးသီးတွင် သိုင်ယာမင် (Thaimine)၊ ဗီတာမင် C ၊ သွပ် (Zn)၊ သံဓာတ် (Fe) နှင့် မဂ္ဂနီဆီယမ် (Mg) တို့များစွာ ပါဝင်သောကြောင့် အထွေထွေကျန်းမာရေးကို ကောင်းမွန်စေသည်။

ဘူးသီးဖျော်ရည်၏ကောင်းကျိုးများ

အစာအိမ်အချဉ်ပေါက်ခြင်း၊ ဝက်ရူးပြန်ခြင်း၊ အစာမကြေခြင်း၊ အကြောများတောင့်တင်းခြင်းကို ဘူးသီးဖျော်ရည်သောက်သုံးပါက သက်သာစေနိုင်သည်။ နာတာရှည်အိပ်မပျော်နိုင်ဘဲ မျက်စိကြောင်နေသူများသည် ဘူးသီးကိုဖျော်ရည်ပြုလုပ်ပြီး နှမ်းဆီနှင့်ရောရှိ ဦးခေါင်းခွံ (ဦးရေပြား)ကို သုတ်လိမ်း၍ နှိပ်နယ်ပေးခြင်းဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်စေနိုင်သည်။ ထို့ပြင် အစာအိမ်အက်စစ်အထွက်လွန်သူများအတွက် သက်သာပျောက်ကင်းစေခြင်း၊ နှလုံးအားကောင်းစေခြင်း၊ အဆိပ်ပြေစေခြင်း၊ချောင်းဆိုးခြင်းကြောင့် အသက်ရှူလေပြွန်ရောင်ခြင်း၊ လည်ချောင်းနာခြင်းနှင့် ပန်းနာရင်ကျပ်ခြင်းတို့ကို ကုသပေးနိုင်စွမ်းရှိပြီး ဆီးချိုရောဂါသည်များအတွက် အထူးသင့်လျော်သည်။

အနှစ်ချုပ်

အစိမ်းရောင်ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သော ဘူးသီးတွင် ရေဓာတ်ပါဝင်မှုများပြားသဖြင့် အပူငြိမ်းစေခြင်း၊ ကိုယ်အလေးချိန်ကျစေခြင်း၊ ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို သက်သာစေနိုင်ခြင်း၊ အစာခြေခြင်းကိုအကူအညီပေးပြီး ဝမ်းကိုအေးစေကာ အစာခြေစနစ်ပြဿနာများကင်းဝေးစေခြင်း၊ နှလုံးကျန်းမာစေခြင်း၊ စိတ်ဖိစီးမှုပြေလျော့စေခြင်း၊ ရေဓာတ်ဖြည့်ပေးခြင်း၊ ဘူးသီးသတ္တုရည်ကို အမြဲတစေသုံးစွဲပါက ကျန်းမာရေးအထောက်အကူဖြစ်စေခြင်း၊ အသည်းနှင့် ကျောက်ကပ်ရောင်ခြင်းများကို သက်သာစေပြီး ဆီးလမ်းကြောင်းပိုးဝင်ခြင်းကို သက်သာပျောက်ကင်းစေခြင်း၊ သွေးတွင်းရှိသကြားဓာတ်ကို ထိန်းညှိပေး၍ ဆီးချို၊ သွေးချိုရောဂါဖြစ်သူများစားသုံးရန် သင့်တော်ခြင်း၊ ဝမ်းချုပ်ခြင်းကိုသက်သာစေပြီး အိပ်မပျော်သော ရောဂါကိုကုသနိုင်ခြင်းတို့ကြောင့် ကျန်းမာရေးအတွက်ဘူးသီးကို အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် စားသုံးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

နိုင်ငံတကာ သတင်းများ

လစ်သူရေးနီးယားနိုင်ငံနှင့် ဆွေးနွေးရန် လမ်းဖွင့်ထားကြောင်း တရုတ်အစိုးရ ပြောကြား

ပေကျင်း ဖေဖော်ဝါရီ ၆

လစ်သူရေးနီးယားနိုင်ငံ နှင့် ဆွေးနွေးမှုများပြုလုပ်ရေးအတွက် လမ်းဖွင့်ထားကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တရုတ်(တိုင်ပေ)ကို ဗေးလ်နီးယပ်စ်မြို့၌ သံရုံးဖွင့်ခွင့်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း လစ်သူရေးနီးယားဝန်ကြီးချုပ် အင်ဂါရူဂျင်နီက ပြောကြားခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါတုံ့ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

လစ်သူရေးနီးယားအစိုးရသည် ၂၀၂၁ ခုနှစ်တွင် ဗေးလ်နီးယပ်စ်မြို့၌ တရုတ်(တိုင်ပေ)သံရုံးဖွင့်ခွင့်ပေးရန်ဆုံးဖြတ်ခဲ့ရာ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာခဲ့ရသည်။

လစ်သူရေးနီးယားအစိုးရ၏ အဆိုပါဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံသည် လစ်သူရေးနီးယား နိုင်ငံနှင့် သံတမန် ဆက်ဆံရေးအဆင့် လျှော့ချခဲ့သည်။

သို့ရာတွင် လစ်သူရေးနီးယားအစိုးရ၏ ၂၀၂၁ ခုနှစ်ဆုံးဖြတ်ချက်မှာ မှားယွင်းခဲ့သည်ဖြစ်ရာ မိမိတို့အနေဖြင့် တရုတ်နိုင်ငံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်စတင်ရန် ပြင်ဆင်နေကြောင်း လစ်သူရေးနီးယားဝန်ကြီးချုပ် ရူဂျင်နီက ဖေဖော်ဝါရီ ၃ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

တရုတ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးကို ပြန်လည်ပြင်ဆင်ရေးအတွက် လစ်သူရေးနီးယားနှင့် ဆွေးနွေးရန် တံခါးဖွင့်ထားသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

အိန္ဒိယနိုင်ငံ၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုကြောင့် အလုပ်သမား ၁၈ ဦးသေဆုံး

ဒေလီ ဖေဖော်ဝါရီ ၆

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မီဂါလီယာပြည်နယ် တရားမဝင် ကျောက်မီးသွေးတွင်း တစ်တွင်း ဖေဖော်ဝါရီ ၅ ရက်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အလုပ်သမား ၁၈ ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် တရားမဝင်ကျောက်မီးသွေးတွင်းမှာ တောင်ကုန်းတောင်တန်းထူထပ်သော အိမ်ဂျိန်းတီးယားဟေးလ် ခရိုင်၌ တည်ရှိကြောင်း မီဂါလီယာပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

ကျောက်မီးသွေးတွင်းပေါက်ကွဲမှုအတွင်း အလုပ်သမားတစ်ဦး ဒဏ်ရာရရှိခဲ့ရာ ဆေးရုံသို့တင်ပို့ထားကြောင်း သိရသည်။

ပေါက်ကွဲမှု ဖြစ်ပွားချိန်တွင် ကျောက်မီးသွေးတွင်းထဲ၌ အလုပ်သမား မည်မျှရှိသည်ကို မသိရသေးကြောင်း သိရသည်။

အလားတူ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း မီဂါလီယာပြည်နယ် တာဝန်ရှိသူများက ပြောကြားထားသည်။

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်း ဒေသများ၌ ကျောက်မီးသွေးတွင်း အလုပ်သမားများသည် လူတစ်ကိုယ်စာ ဝင်သာရုံ မြေအောက်ဥမင်ငယ်များ တူး၍ ကျောက်မီးသွေးများကို တရားမဝင် တူးဖော်လေ့ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

နျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ်သစ်ရယူရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် တောင်းဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၆

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ အကြား ၂၀၁၀ ပြည့်နှစ်တွင် ရယူခဲ့သည့် မဟာဗျူဟာလက်နက်များ ဖြန့်ကြက်မှုဆိုင်ရာစာချုပ် သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် နျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ် သစ်တစ်ရပ်ရယူရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဖေဖော်ဝါရီ၅ရက်တွင်တောင်းဆိုခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ ဖြန့်ကြက်နိုင်မည့် နျူကလီးယားထိပ်ဖူးအရေအတွက်နှင့် ပစ်လွှတ်မှုစနစ်အရေအတွက်တို့ကို ကန့်သတ်ပေးထားသော မဟာဗျူဟာလက်နက်များဖြန့်ကြက်မှုစာချုပ်သည် ဖေဖော်ဝါရီ ၅ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည်။

မဟာဗျူဟာလက်နက်များဖြန့်ကြက်ရေးစာချုပ် သက်တမ်းကုန်ဆုံးခဲ့သည့်တိုင် ယင်းစာချုပ်ပါ ပြဋ္ဌာန်းချက်များကို မိမိတို့ဆန္ဒအလျောက် ဆက်လက်စောင့်ထိန်းရန် ရုရှားသမ္မတယူတင်က ကမ်းလှမ်းထားသော်လည်း အဆိုပါကမ်းလှမ်းချက်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ငြင်းပယ်ထားကြောင်း သိရသည်။

မိမိတို့အနေဖြင့် မဟာဗျူဟာလက်နက်များဖြန့်ကြက်မှုစာချုပ်ကို သက်တမ်းတစ်နှစ်ထပ်တိုးမည့်အစား ပိုမိုခေတ်မီ၍ရေရှည်တည်တံ့မည့် စာချုပ်သစ်တစ်ခု ထပ်မံရယူသင့်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်။

မဟာဗျူဟာလက်နက်များဖြန့်ကြက်မှုထိန်းချုပ်ရေးစာချုပ် သက်တမ်း ကုန်ဆုံးမှုကြောင့် အင်အားကြီး နိုင်ငံများအကြား နျူကလီးယား လက်နက်များ အပြိုင်အဆိုင် တပ်ဆင်လာနိုင်သည်ဟု လေ့လာသူများက သတိပေးထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

နှစ်နိုင်ငံတပ်မတော် အဆင့်မြင့်တာဝန်ရှိသူများ ဆွေးနွေးပွဲ ပြန်လည်စတင်ရန် ရုရှားနှင့်အမေရိကန်တို့ သဘောတူ

ဝါရှင်တန် ဖေဖော်ဝါရီ ၆

နှစ်နိုင်ငံ တပ်မတော်အဆင့်မြင့် တာဝန်ရှိသူများအဆင့် တွေ့ဆုံဆွေးနွေးပွဲများကို ပြန်လည်စတင်ရန် ရုရှားနှင့် အမေရိကန်အစိုးရတို့က ဖေဖော်ဝါရီ ၅ ရက်တွင် သဘောတူထားကြောင်း အမေရိကန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ အမေရိကန်နှင့် ရုရှားကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပြီးနောက် နှစ်နိုင်ငံတပ်မတော် အဆင့်မြင့်တာဝန်ရှိသူများအဆင့် ဆွေးနွေးပွဲများပြန်လည်စတင်ရန် သဘောတူညီချက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံတပ်မတော်အဆင့်မြင့် အရာရှိများအဆင့် ဆွေးနွေးပွဲများ ပြန်လည်စတင်ရေး သဘောတူညီချက် ရယူနိုင်ခဲ့မှုသည် ရုရှားနှင့် အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေးပုံစံအချို့ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိလာနိုင်မည့် လက္ခဏာတစ်ရပ်ဖြစ်သည်။

ယူကရိန်းပဋိပက္ခ မစတင်မီကာလမှာပင် အမေရိကန်နိုင်ငံသည် ရုရှားနိုင်ငံနှင့် အဆင့်မြင့်အရာရှိကြီးများအဆင့် ထိတွေ့ဆက်ဆံမှုအစီအစဉ်များကို စတင်ရပ်တန့်ခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ခဲ့သည့် ယူကရိန်း ပဋိပက္ခကြောင့် ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးမှာ နှစ်ပေါင်းများစွာအတွင်း အနိမ့်ဆုံးအဆင့်သို့ကျရောက်ခဲ့သည်။

အတွက်အချက်လွှဲမှားမှုများကို ရှောင်ရှားရေး၊ တင်းမာမှုများ မြင့်တက်လာမည့် အရေးကိုရှောင်ရှားရေးတို့အတွက် ရုရှားနှင့် အမေရိကန် နှစ်နိုင်ငံတပ်မတော် ထိတွေ့ဆက်ဆံရေး အစီအစဉ်ကို ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်တပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

Ref : RT
Trs : KKO

ရုရှား-ယူကရိန်း ဒုတိယအကျော့ဆွေးနွေးပွဲပြီးဆုံး အကျဉ်းသားများပြန်လွှတ်ပေးရန် သဘောတူညီချက်ရရှိ

အဘူဒါဘီ ဖေဖော်ဝါရီ ၆

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့၌ ကျင်းပနေသော ရုရှားနှင့် ယူကရိန်းနိုင်ငံတို့၏ ဒုတိယအကျော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဖေဖော်ဝါရီ ၅ ရက်တွင် ပြီးဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၅ ရက် အဘူဒါဘီ ဆွေးနွေးပွဲတွင် ရုရှားနှင့် ယူကရိန်း ကိုယ်စားလှယ်များသည် အကျဉ်းသား ၃၁၄ ဦးစီ ပြန်လွှတ်ပေးရန်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို မကြာမီကာလအတွင်း ပြန်လည်စတင်ကျင်းပရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

အဘူဒါဘီဆွေးနွေးပွဲ သဘောတူညီချက်များအရ ရုရှားနှင့် ယူကရိန်းတို့သည် အကျဉ်းသားများ အပြန်အလှန် လွှတ်ပေးမှုကို ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ခဲ့ကြသည်။

အဆိုပါ အကျဉ်းသားချင်း ဖလှယ်မှုသည် ရုရှားနှင့်ယူကရိန်းတို့အတွက် ငါးလတာကာလ အတွင်း ပထမဆုံးအကျဉ်းသားချင်းဖလှယ်မှုဖြစ်သည်။

ရုရှားနှင့် ယူကရိန်းတို့၏ အဘူဒါဘီ ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ အပြုသဘောဆောင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အထူးသံတမန် စတီဗင်ဝစ်ကော့ဖ်က သုံးသပ်ထားသည်။

ရုရှားနှင့် ယူကရိန်းတို့၏ အဘူဒါဘီ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အမေရိကန်အစိုးရ၏ ကြားဝင်မှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး စတီဗင်ဝစ်ကော့ဖ် ဦးဆောင်သော အမေရိကန် ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Ref : RT
Trs : KKO

SCIENCE AND TECHNOLOGY

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က အားတီးမစ်-၂ မစ်ရှင်လွှတ်တင်မည့်ကာလကို မတ်လထဲသို့ ရွှေ့ဆိုင်းထား

ဝါရှင်တန် ဖေဖော်ဝါရီ ၆

SLS ဒုံးပျံယာဉ် လောင်စာရည် ဖြည့်သွင်းမှု လုပ်ငန်းစဉ်အတွင်း ပြဿနာများ ရှိခဲ့ပြီးနောက် အားတီးမစ်-၂ မစ်ရှင် လွှတ်တင်မည့် ကာလကို အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က မတ်လသို့ ရွှေ့ဆိုင်း ထားကြောင်း ဖေဖော်ဝါရီ ၅ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

နာဆာအဖွဲ့သည် မူလက အားတီးမစ်-၂ မစ်ရှင်အရ အာကာ သယာဉ်မှူး လေးဦးလိုက်ပါမည့် အိုရီယွန် အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင် SLS ဒုံးပျံယာဉ် လောင်စာရည် ဖြည့်သွင်းရေး ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီးနောက် နာဆာအဖွဲ့က အားတီးမစ်-၂ မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို မတ်လထဲသို့ နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။

SLS ဒုံးပျံယာဉ် လောင်စာရည် ဖြည့်သွင်းမှု လုပ်ငန်းစဉ်အတွင်း လောင်စာရည် ယိုစိမ့်မှုပြဿနာ များရှိခဲ့ကြောင်း နာဆာတာဝန်ရှိ သူများက ပြောကြားထားသည်။

အားတီးမစ်-၂ မစ်ရှင်ကို မတ်လ အတွင်း မည်သည့်နေ့ရက်၌ လွှတ်တင်မည်ကို နာဆာအဖွဲ့က သတင်းထုတ်ပြန်ခြင်း မရှိကြောင်း သိရသည်။

၁၀ ရက်ကြာမြင့်မည့် အားတီး မစ်-၂ မစ်ရှင်အတွင်း အိုရီယွန် အာကာသယာဉ်သည် အာကာသ ယာဉ်မှူးလေးဦးကို လကမ္ဘာအနီး သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

2024 YR 4 ဂြိုဟ်သိမ်နှင့် လကမ္ဘာတို့ ဝင်တိုက်ခဲ့ပါက ကမ္ဘာပေါ်မှတစ်ဆင့် တွေ့မြင်နိုင်မည့်အလင်းရောင်များ ပေါ်ထွက်လာနိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၆

2024 YR 4 အမည်ရှိ ဂြိုဟ်သိမ်နှင့် လကမ္ဘာတို့ ဝင်တိုက်ခဲ့ပါက ကမ္ဘာပေါ်မှတစ်ဆင့် တွေ့မြင်နိုင်မည့် အလင်းရောင်များပေါ်ထွက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၅ ရက်သတင်းများတွင် ရေးသား ဖော်ပြထားသည်။

2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ်တွင် လကမ္ဘာနှင့် ဝင်တိုက်နိုင်ခြေ ၄ ဒသမ ၃ ရာခိုင်နှုန်းထိရှိသော ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။



2024 YR 4 ဂြိုဟ်သိမ်နှင့် လကမ္ဘာတို့ ဝင်တိုက်ခဲ့ပါက တီအန်တီယမ်းဘီလူး တန်ချိန် ၆ ဒသမ ၅ သန်းနှင့် ညီမျှသော ပေါက်ကွဲမှုတစ်ရပ် ပေါ်ထွက်လာ မည်ဖြစ်ကြောင်း သိပ္ပံပညာရှင် များ၏ လေ့လာတွေ့ရှိချက်အရ သိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံပညာ ရှင်များ၏ လေ့လာတွေ့ရှိချက်အရ 2024 YR 4 ဂြိုဟ်သိမ်နှင့် လကမ္ဘာ တို့ ဝင်တိုက်ချိန်တွင် အလင်းအား မဂ္ဂနီကျူ အနုတ် ၂ ဒသမ ၅ နှင့် အနုတ် ၃ တို့ကြားရှိမည့် အလင်း ရောင်များ ပေါ်ထွက်လာမည်ဖြစ် ကြောင်း သိရသည်။

အဆိုပါအလင်းရောင်များ ပေါ် ထွက်လာချိန်သည် ၃ မိနစ်နှင့် ၅ မိနစ်ကြား ကြာမည်ဖြစ်ပြီး ကမ္ဘာ မြေပေါ်မှတစ်ဆင့် တွေ့မြင်နိုင်မည် ဖြစ်ကြောင်း၊ အရွယ်အစားအားဖြင့် အချင်းပေ ၂၀၀ ခန့်ရှိသော 2024 YR 4 ဂြိုဟ်သိမ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ပထမဆုံး ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

ဖယ်လ်ကွန်-၉ ဒုံးပျံများလွှတ်တင်မှုကို စပေ့အိတ်ကုမ္ပဏီက ယာယီရပ်ဆိုင်း

ဝါရှင်တန် ဖေဖော်ဝါရီ ၆

စပေ့အိတ် ကုမ္ပဏီသည် ဖေဖော်ဝါရီ ၃ ရက် စတားလင့်ခ် မစ်ရှင်အတွင်း ပေါ်ထွက်ခဲ့သည့် ပြဿနာတစ်ရပ်ကြောင့် ဖယ်လ်ကွန်- ၉ ဒုံးပျံများလွှတ်တင်မှုကို ယာယီ ရပ်ဆိုင်းထားကြောင်း ဖေဖော်ဝါရီ ၅ ရက် သတင်းများ တွင် ရေးသားဖော်ပြထားသည်။

စပေ့အိတ် ကုမ္ပဏီသည် ဖေဖော်ဝါရီ ၃ ရက်တွင် စတား လင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၅ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ရာ ဂြိုဟ်တု များကို အောင်မြင်စွာ ဖြန့်ကြက် နိုင်ခဲ့သော်လည်း ဖယ်လ်ကွန်-၉ ထိပ်ဖူးအဆင့် ဒုံးယာဉ်၌ ပြဿနာတစ်ရပ်ရှိခဲ့သည်။

ဖေဖော်ဝါရီ ၃ ရက် မစ်ရှင် အတွင်း ဖယ်လ်ကွန်- ၉၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် ကမ္ဘာ့ လေထုလွှာအတွင်းသို့ မြေပြင် ထိန်းချုပ်မှုဖြင့် ပြန်လည်ဝင်ရောက် နိုင်ရေးအတွက် ပတ်လမ်းခွာထွက် မှု ပြုလုပ်နိုင်ခြင်းမရှိခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက သတင်း ထုတ်ပြန်ထားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အကြောင်းရင်းမှန် ဖော်ထုတ် နိုင်ရေးအတွက် စုံစမ်းစစ်ဆေးမှု များ ပြုလုပ်နေစဉ်အတွင်း ဖယ်လ် ကွန်-၉ ဒုံးပျံများ ပစ်လွှတ်မှုကို ရပ်ဆိုင်းထားမည် ဖြစ်ကြောင်း စပေ့အိတ် တာဝန်ရှိသူများက ပြောကြားထားသည်။

Crew- 12 မစ်ရှင် အာကာသ ယာဉ်မှူး လေးဦးလိုက်ပါမည့် Crew Dragon အာကာသလူသယ် ယာဉ်ကို နိုင်ငံတကာအာကာသ စခန်းသို့ မလွှတ်တင်မီ ဖယ်လ် ကွန်-၉ ဒုံးပျံများ လွှတ်တင်မှုကို စပေ့အိတ်ကုမ္ပဏီက ယာယီ ရပ်ဆိုင်ထားခြင်းဖြစ်သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံများသည် ကမ္ဘာပေါ်၌ အလုပ်အများဆုံး ဒုံးပျံများဖြစ်ပြီး ၂၀၂၅ ခုနှစ် အတွင်း စပေ့အိတ်ကုမ္ပဏီက ဖယ်လ်ကွန်- ၉ မစ်ရှင်ပေါင်း ၁၆၅ ကြိမ်ထိ လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

HEALTH

သည်းခြေအိတ်ခွဲစိတ်ဖယ်ရှားရမှုမြင့်တက်လာမှုက GLP-1 အုပ်စုဝင်ထိုးဆေးများနှင့် ဆက်စပ်နေ

လန်ဒန် ဖေဖော်ဝါရီ ၆

သည်းခြေအိတ် ခွဲစိတ်ဖယ်ရှား ရမှုများမြင့်တက်လာမှုသည် GLP-1 အုပ်စုဝင် ကိုယ်အလေးချိန် လျှော့ချရေး ထိုးဆေးများနှင့် ဆက်စပ်နေကြောင်း ဗြိတိန် သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဖေဖော်ဝါရီ ၅ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ဗြိတိန် အမျိုးသားကျန်းမာရေး ဘုတ်အဖွဲ့သည် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်ကြား ကာလအတွင်း သည်းခြေအိတ် ခွဲစိတ်ဖယ်ထုတ်ခဲ့ ရသူ ၈၀၁၉ ဦးထိ ပြုလုပ်ပေးခဲ့ရ သည်ဖြစ်ရာ ဆယ်စုနှစ်အတွင်း အမြင့်မားဆုံးဖြစ်သည်။

ထို့ပြင် သည်းခြေအိတ်ခွဲစိတ် ဖယ်ရှားခဲ့ရသူများထဲတွင် GLP-1 အုပ်စုဝင် ကိုယ်အလေးချိန်လျှော့ချ ရေးသုံးစွဲသူများ ပါဝင်မှုလည်းပိုများ လာကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

GLP-1 အုပ်စုဝင် ထိုးဆေးများ သည် ပုံစံ-၂ ဆီးချိုရောဂါနှင့် အဝ လွန်မှု ပြဿနာများကို ထိရောက် စွာကုသပေးသည့် ဆေးဖြစ်သည်။

သို့ရာတွင် GLP-1 အုပ်စုဝင် ထိုးဆေးများ၏ဘေးထွက်ဆိုးကျိုး တစ်ခုမှာ သည်းခြေအိတ်အတွင်း သည်းခြေ ကျောက်တည်နိုင်ခြေ မြင့်တက်လာခြင်း ဖြစ်ကြောင်း ဗြိတိန် သုတေသနပညာရှင်များ က ပြောကြားသည်။

သို့ဖြစ်ရာ သည်းခြေအိတ်ခွဲစိတ် ဖယ်ရှားရမှုနှုန်း မြင့်မားလာမှုသည် GLP-1 အုပ်စုဝင်ထိုးဆေးများနှင့် ဆက်စပ်နေနိုင်သည်ဟု သုတေသန ပညာရှင်များက သုံးသပ်ထား ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

အမြင်အာရုံပျက်စီးမှုရောဂါ ဖြစ်နိုင်ခြေကို မက်ဖော်မင်ဆေးက လျှော့ချပေးနိုင်ဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၆

ဆီးချိုရောဂါအတွက် ကမ္ဘာ့ ပြည်သူ သန်းပေါင်းများစွာတို့ သုံးစွဲနေသော မက်ဖော်မင် ဆေး တစ်မျိုးသည် အသက်အရွယ်နှင့် ဆက်စပ်နေသည့် အမြင်အာရုံ ပျက်စီးမှုရောဂါ(AMD)ကို လျှော့ချ ပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား ၍ ဖေဖော်ဝါရီ ၅ ရက် သတင်းများ တွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ လီဗာပူးလ် တက္ကသိုလ်မှ သုတေသနပညာရှင် များ၏ လေ့လာတွေ့ရှိချက်အရ ပုံစံ-၂ ဆီးချိုဆေးတစ်မျိုးဖြစ်သည့် မက်ဖော်မင်ဆေးသည် AMD ရောဂါဖြစ်ပွားနိုင်ခြေ ကျဆင်းမှုနှင့် ဆက်စပ်နေသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက် အရ မက်ဖော်မင်ဆေးသုံးစွဲနေကြ သည့် အသက် ၅၅ နှစ်နှင့်အထက် ဆီးချိုရောဂါ လူနာများမှာ မက်ဖော်မင်ဆေး မသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက AMD ရောဂါ ဖြစ်ပွားနိုင်ခြေ ၃၇ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားထားသည်။

AMD ရောဂါသည် သက်ကြီး ပိုင်းများ အမြင်အာရုံဆုံးရှုံးပျက်စီး မှု၏ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်ကြောင်း သုတေသနပညာရှင် များ၏ အဆိုအရ သိရသည်။

မက်ဖော်မင်ဆေးသုံးစွဲမှုသည် နောင်လာမည့် ငါးနှစ်အတွင်း AMD ရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်ကို တွေ့ရ ကြောင်း သုတေသနပညာရှင် များက ပြောကြားထားသည်။

ဗြိတိန် သုတေသနပညာရှင် များသည် လူဦးရေပေါင်း ၂၅၄၅ ဦး တို့ကိုလေ့လာပြီးနောက် ၎င်းတို့ ၏တွေ့ရှိချက်ကို ဖော်ပြခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ပရီးမီးယားလီဂ် ပွဲစဉ်(၂၅)ပွဲကြိုသုံးသပ်ချက်များ

ML

မန်ယူ Vs စပါး

ကစားမည့်ရက်/အချိန် ၇-၂-၂၀၂၆ (ည ၇:၀၀ နာရီ)

ပထမအကျော့ရလဒ်

စပါး ၂ - ၂ မန်ယူ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

မန်ယူ	-	အိမ်(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)
စပါး	-	ဝေး(သရေ)	ဝေး(နိုင်)	အိမ်(သရေ)

နောက်ဆုံးသုံးပွဲဆက် အနိုင်ရယူထားတဲ့ မန်ယူအသင်းအနေနဲ့ ဥရောပဝင်ခွင့်အတွက် မျှော်လင့်ခွင့်ရှိနေသလို လက်ရှိတိုက်စစ်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဒါပေမဲ့ စပါးအသင်းကလဲ နောက်ဆုံးလေးပွဲဆက်ရှုံးပွဲမရှိဘဲ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းကောင်းမွန်နေတယ်လို့ ဆိုရမှာပါ။ စပါးအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

ခန့်မှန်းရလဒ် - မန်ယူ ၁ - ၂ စပါး

အာဆင်နယ် Vs ဆန်းဒါးလန်း

ကစားမည့်ရက်/အချိန် ၇-၂-၂၀၂၆ (ည ၉:၃၀ နာရီ)

ပထမအကျော့ရလဒ်

ဆန်းဒါးလန်း ၂ - ၂ အာဆင်နယ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

အာဆင်နယ်	-	အိမ်(နိုင်)	ဝေး(နိုင်)	အိမ်(နိုင်)
ဆန်းဒါးလန်း	-	အိမ်(နိုင်)	ဝေး(ရှုံး)	အိမ်(နိုင်)

အာဆင်နယ်အသင်းဟာ ချန်ပီယံဆုအတွက် အကောင်းဆုံးယှဉ်ပြိုင်ကစားနေပြီး နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာလဲ ချဲလ်ဆီးလိုအသင်းကို အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဆန်းဒါးလန်းအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းထက်မြက်နေတယ်ဆိုပေမဲ့ ချန်ပီယံဆုအတွက် အမှားမခံဘဲ ကစားလာမဲ့ အာဆင်နယ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - အာဆင်နယ် ၂ - ၀ ဆန်းဒါးလန်း

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၂၁) ပွဲကြိုသုံးသပ်ချက်

ML

ဝုဖ်ဘတ် Vs ဒေါ့မွန်

ကစားမည့်ရက်/အချိန် ၇-၂-၂၀၂၆ (ည ၉:၀၀ နာရီ)

ပထမအကျော့ရလဒ်

ဒေါ့မွန် ၁ - ၀ ဝုဖ်ဘတ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ဝုဖ်ဘတ်	-	အိမ်(သရေ)	ဝေး(ရှုံး)	ဝေး(ရှုံး)
ဒေါ့မွန်	-	ဝေး(နိုင်)	အိမ်(ရှုံး)	အိမ်(နိုင်)

ဝုဖ်ဘတ်အသင်းအနေနဲ့ နောက်ဆုံးနှစ်ပွဲဆက် ရှုံးနိမ့်ထားတယ်ဆိုပေမဲ့ တန်းဆင်းဇုန်ဖိအားရှိနေတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ ခံစစ်ပိုင်းထိန်းချုပ်ကစားလာပါလိမ့်မယ်။ ဒါပေမဲ့ ဒေါ့မွန်အသင်းကလဲ အဆင့်(၂)နေရာမှာ ရပ်တည်နေပြီး ချန်ပီယံဆုအတွက် ဝုဖ်ဘတ်အသင်းကို ဆက်လက်ဖိအားပေးကစားလာမှာပါ။ ဒါကြောင့် ဒေါ့မွန်အသင်းပဲ အနိုင်ရသွားမှာပါ။

ခန့်မှန်းရလဒ် - ဝုဖ်ဘတ် ၁ - ၃ ဒေါ့မွန်

စပိန်လာလီဂါ ပွဲစဉ်(၂၃) ပွဲကြိုသုံးသပ်ချက်

ML

ဗယ်လ်ကာနို Vs အိုဗီဒို

ကစားမည့်ရက်/အချိန် ၇-၂-၂၀၂၆ (ည ၇:၃၀ နာရီ)

ပထမအကျော့ရလဒ်

အိုဗီဒို ၀ - ၀ ဗယ်လ်ကာနို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

ဗယ်လ်ကာနို	-	ဝေး(ရှုံး)	အိမ်(ရှုံး)	ဝေး(ရှုံး)
အိုဗီဒို	-	ဝေး(ရှုံး)	ဝေး(ရှုံး)	အိမ်(နိုင်)

နှစ်သင်းစလုံးက တန်းဆင်းဇုန်ဖိအားနဲ့ ရုန်းကန်ကစားနေပြီး ခြေစွမ်းပိုင်းကလဲ ကျဆင်းနေပါတယ်။ ဒါပေမဲ့ ဗယ်လ်ကာနိုအသင်းကတော့ အိမ်ကွင်းဆိုရင် ပွဲစဉ်နှစ်ပွဲသာ ရှုံးနိမ့်ထားပြီး အိုဗီဒိုလိုအသင်းကိုတော့ အဘက်ဘက်က ဖိအားပေးကစားလာနိုင်ပါတယ်။ ဒါကြောင့် လက်ရှိ ခံစစ်ပိုင်းဆိုးရွားနေတဲ့ အိုဗီဒိုအသင်း ရလဒ်မကောင်းနိုင်ပါဘူး။

ခန့်မှန်းရလဒ် - ဗယ်လ်ကာနို ၁ - ၀ အိုဗီဒို

ပရီးမီးယားလီဂ်ပြိုင်ပွဲ၏ လေးပွဲဆက်အကောင်းဆုံးကစားသမားဆုများကို မန်ယူအသင်းကစားသမားများ သတ်မှတ်ခံရ

မန်ချက်စတာ ဖေဖော်ဝါရီ ၆

ပရီးမီးယားလီဂ်ပြိုင်ပွဲ၏ လေးပွဲဆက် အကောင်းဆုံးကစားသမားဆုများကို မန်ယူအသင်းမှ ကစားသမားများက သတ်မှတ်ခံခဲ့ရကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းကို နည်းပြကာရစ် ကိုင်တွယ်ခဲ့ပြီးနောက် အသင်းအနေဖြင့် ရလဒ်များ ကောင်းမွန်လာခဲ့သကဲ့သို့ ပွဲစဉ် လေးပွဲဆက် အကောင်းဆုံးကစားသမားဆုများကိုလည်း မန်ယူအသင်းမှ ကစားသမားများ ကပင် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလီဂ်ပြိုင်ပွဲ ပွဲစဉ်(၂၁) အဖြစ်ကစားခဲ့သည့် မန်ယူအသင်းက ဘရိုက်တန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် မန်ယူအသင်း တိုက်စစ်မှူး ဆက်ကိုသည် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ကာ အဆိုပါ ပွဲစဉ်(၂၁)အတွက် အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရပြီး ပွဲစဉ်(၂၂)အဖြစ် ကစားခဲ့သည့် မန်ယူအသင်းက အာဆင်နယ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဖာနန်ဒက်သည် မန်ယူအသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး ပွဲစဉ်(၂၂) အတွက် အကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရသည်။

အလားတူ ပွဲစဉ်(၂၃)အဖြစ် ကစားခဲ့သည့် မန်ယူအသင်းက မန်စီးတီးအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင်လည်း ဒေါ်ဂူသည် မန်ယူအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီး နောက် ပွဲစဉ်(၂၃)၏ အကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရ သကဲ့သို့ ပွဲစဉ်(၂၄)တွင်လည်း မန်ယူအသင်းက ဖူလ်ဟမ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ကက်စ်မဲရိုးက မန်ယူအသင်းနှင့်အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီးနောက် ပွဲစဉ်(၂၄)၏ အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရသည့်အတွက် မန်ယူအသင်း ကစားသမားများအနေဖြင့် လေးပွဲဆက်အကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရ ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

ပရီးမီးယားလီဂ်ပြိုင်ပွဲ၏ ဇန်နဝါရီလ တစ်လတာအကောင်းဆုံးနည်းပြနှင့် ကစားသမားဆုတို့အတွက် ဆန်ခါတင်စာရင်းထုတ်ပြန်

လန်ဒန် ဖေဖော်ဝါရီ ၆

ပရီးမီးယားလီဂ်အဖွဲ့ချုပ်က လစဉ်ပေးအပ်သည့် ဆုဖြစ်သည့် ပရီးမီးယားလီဂ်ပြိုင်ပွဲ၏ ဇန်နဝါရီလ တစ်လတာအကောင်းဆုံး နည်းပြဆုနှင့် ကစားသမားဆုတို့အတွက် ဆန်ခါတင်စာရင်းများ ထုတ်ပြန်ခဲ့ကြောင်း Premierleague.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

ပရီးမီးယားလီဂ်ပြိုင်ပွဲ၏ ဇန်နဝါရီလ တစ်လတာအကောင်းဆုံး နည်းပြဆုအတွက် ဆန်ခါတင်စာရင်းတွင် နည်းပြသစ်များဖြစ်ကြသည့် မန်ယူအသင်းနည်းပြ ကာရစ်၊ ချဲလ်ဆီးအသင်းနည်းပြ ရိုစီနီယာတို့နှင့်အတူ နော်တင်ဟမ်အသင်း နည်းပြရှောင်ဒိုက်၊ ဘုန်းမောက်အသင်း နည်းပြ အီရာအိုလာ တို့ပါဝင်လာခဲ့ပြီး မန်ယူအသင်းကို ရာနှုန်းပြည့် နိုင်ပွဲရရှိအောင် စွမ်းဆောင်ခဲ့သည့် နည်းပြကာရစ်က ဆွတ်ခူးနိုင်ရန် ရေပန်းစားနေခြင်း ဖြစ်ကြောင်း သိရသည်။

အလားတူတစ်လတာအကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင်လည်း မန်ယူအသင်းမှ ဒေါ်ဂူ၊ ဘရိုက်တန် အသင်းမှ ယာဆင်အရာရီ၊ ချဲလ်ဆီးအသင်းမှ ဖာနန်ဒက်ဇ်၊ ဘုန်းမောက်အသင်းမှခရူဝီ၊ ဝက်စ်ဟမ်အသင်းမှ ဆမ်မားဗေးလီ၊ ဘရန့်ဖို့ဒ်အသင်းမှ အီဂေါသီယာဂို၊ ဖူလ်ဟမ်အသင်းမှ ဝီလ်ဆင်၊ လီဗာပူးအသင်းမှ ဖလိုရီယန်ဝက်ဇ်တို့ ပါဝင်လာခဲ့ကြကြောင်း သိရသည်။

Ref : Premierleague.com

Trs : STA

Winners Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမ်မာက မာဂျာကို အနိုင်ရ

ကလုချ် ဖေဖော်ဝါရီ ၆

ရိုမေးနီးယားနိုင်ငံ ကလုချ်မြို့တွင် ကျင်းပနေသည့် Winners Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် အမ်မာနှင့် ပိုလန်တင်းနစ်မယ် မာဂျာတို့ ယှဉ်ပြိုင်ခဲ့ရာ အမ်မာက (၆-၀ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့ကြောင်း Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမ်မာအနေဖြင့် ၁၂ လအတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများတွင် ပထမဆုံးအကြိမ်အဖြစ် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့ခြင်းဖြစ်ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် စတုတ္ထ အကြိမ်မြောက် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့ခြင်းလည်း ဖြစ်သည်။

အမ်မာအနေဖြင့် ချန်ပီယံလက်စွမ်းမျိုးပြသခဲ့ပြီး ယခင်က ပုံစံကောင်း ပျောက်ဆုံးနေသည့် အတွက် နည်းပြအပြောင်းအလဲ ပြုလုပ်ခဲ့ကာ ကစားဟန်ကိုလည်း ပြောင်းလဲခဲ့ပြီးနောက် ယခုကဲ့သို့ ပုံစံကောင်း ပြန်လည်ရရှိလာခဲ့ခြင်းဖြစ်သည်။

အမ်မာက "ဒီနေ့မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်အပေါ်မှာ အားရကျေနပ်မှုရှိခဲ့သလို အခုလို ပုံစံကောင်းနဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့လို့ အရမ်းဝမ်းသာပါတယ်။ ကြိုးစားမှုတွေ အရာထင်လာလို့ ပျော်ရွှင်မိပါတယ်။ ကွာတားဖိုင်နယ်ပွဲစဉ်အတွက် ပြင်ဆင်ချိန်သိပ်မရခဲ့ပါဘူး။ ပြင်ဆင်ချိန်မရခဲ့ပေမဲ့လဲ ပွဲအပေါ် သေချာအာရုံစိုက်နိုင်ရင် ရလဒ်ကောင်းမယ်လို့ ယုံကြည်တဲ့အတွက် ပွဲအပေါ် သေချာအာရုံစိုက်ခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis365

Trs : AZL

တနင်္ဂနွေနေ့ညရဲ့ ဥရောပအမှတ်ပေးပွဲစဉ်တွေထဲမှာ နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ ပဲလေ့စ်အသင်း၊ ကိုလုံးအသင်း၊ လက်ချီအသင်းတို့ကို အကြိုက်တွေ့မိပါတယ်

M
L

ဥရောပအမှတ်ပေးပြိုင်ပွဲတွေအနေနဲ့ ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာ ပွဲစဉ်တွေ ပုံမှန်အတိုင်းဆက်လက်ယှဉ်ပြိုင်ကစားလာကြမှာဖြစ်ပြီး လက်ရှိဘောလုံးရာသီဒုတိယအကျော့ကာလတစ်လျှောက်မှာ ပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ အဆင့်ရပ်တည်မှုအရ ရလဒ်ပိုင်းတွေ ကောင်းမွန်ဖို့ အကောင်းဆုံးကြိုးစားပြင်ဆင်ကစားနေကြတာဖြစ်ပါတယ်။ ဒါကြောင့် အခုလာမဲ့ ပွဲစဉ်အသီးသီးတွေအနေနဲ့ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ကာလ ဖြစ်သလို ပရိသတ်တွေအနေနဲ့လဲ ဆက်လက်သတိထားစောင့်ကြည့်နိုင်ဖို့နဲ့ စိတ်ဝင်စားစရာအကောင်းဆုံးကာလလဲ ဖြစ်နေတာကိုတွေ့ရပါတယ်။ လက်ရှိမှာ အင်္ဂလန်ပရီးမီးယားလီဂ်အသင်းတွေအနေနဲ့ ချန်ပီယံဆုအတွက် အာဆင်နယ်၊ မန်စီးတီး၊ အေဗီလာအသင်းတို့အနေနဲ့ ကြိုးစားနေကြသလို တန်းဆင်းဇုန်ရပ်တည်မှုအနေနဲ့ကလဲ ဝုဗ်၊ ဘန်လေ၊ ဝက်စ်ဟမ်းနဲ့ နော်တင်ဟမ်အသင်းတို့ကလဲ ဆက်လက်ရုန်းကန်ကစားနေရတာကို တွေ့ရပါတယ်။ ဂျာမန်ဘွန်ဒက်စ်လီဂါမှာ ဆိုရင် ဟိုက်ဒန်ဟိမ်း၊ စိန့်ပေါ်လီ၊ မိန့်ဇ်၊ ဝါဒါဘာရီမင်၊ ဝုဖ်ဘတ်တို့က အမှတ်ကွာဟမှုကျဉ်းမြောင်းတာကြောင့် တန်းဆင်းဇုန်အတွင်း ပြိုင်ဆိုင်မှုဆက်လက်ပြင်းထန်လာနိုင်သလို အီတလီစီးရီးအေမှာဆိုရင် ဗီရိုနာ၊ ပီဆာ၊ ဖီအိုရင်တီးနားနဲ့ လက်ချီအသင်းတို့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ ဆက်လက်ရုန်းကန်လာရအုံးမှာပါ။ ဒ့ါပြင် စပိန်လာလီဂါမှာဆိုရင် အိုဗီဒို၊ လီဗန်တေး၊ ဗယ်လ်ကာနို၊ ဂီတာဖေးအသင်းတို့ရဲ့ တန်းဆင်းဇုန်ရုန်းအား၊ ပြင်သစ်လီဂူးမှာဆိုရင်လဲ မက်ဇ်၊ အော်ဇေး၊ နန့်တက်အသင်းတို့ရဲ့ တန်းဆင်းဇုန်ကလွတ်ကင်းဖို့ရုန်းအားတွေကြောင့် ဒီတစ်ပတ်ဥရောပအမှတ်ပေးပြိုင်ပွဲတွေအနေနဲ့လဲ စိတ်ဝင်စားစရာအကောင်းဆုံးပွဲစဉ်တွေအဖြစ် ပရိသတ်ကို ဆွဲဆောင်နေအုံးမှာဖြစ်ပါတယ်။ ဒါကြောင့် အခုတစ်ပတ်မှာ ယှဉ်ပြိုင်ကစားမဲ့ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်တချို့ကို ရွေးချယ်သုံးသပ်ပေးလိုက်ရပါတယ်။

ပဲလေ့စ်အသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်မှာ ပရီးမီးယားလီဂ်အမှတ်ပေးပြိုင်ပွဲတွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဘရိုက်တန်နဲ့ ပဲလေ့စ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပရီးမီးယားလီဂ်ပွဲစဉ်(၂၅)အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး ပထမအကျော့မှာတော့ ဂိုးမရှိသရေရလဒ်ရရှိထားကြပါတယ်။ ပြီးခဲ့တဲ့ပွဲစဉ်(၂၄)မှာတော့ နှစ်သင်းစလုံးနိုင်ပွဲပျောက်ဆုံးခဲ့ကြပြီး ဘရိုက်တန်အသင်းအနေနဲ့ အဲဗာတန်ကို အိမ်ကွင်းမှာ တစ်ဂိုးစီသရေရလဒ်ရရှိခဲ့တာပါ။ ဘရိုက်တန်အသင်းဟာ လက်ရှိဘောလုံးရာသီအစပိုင်းမှာ ရလဒ်ပိုင်းနဲ့ ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံနဲ့ ဥရောပဝင်ခွင့်ထိ မျှော်လင့်လို့ရခဲ့ပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ အသင်းလိုက်စွမ်းဆောင်ရည်ကျဆင်းခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၁၃)နေရာမှာ ရပ်တည်နေရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပွဲစဉ် ၂၄ ပွဲကစားပြီး ချိန်မှာ ခုနစ်ပွဲနိုင်၊ ၁၀ ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၁ မှတ်ရရှိထားပါတယ်။ နောက်ဆုံးငါးပွဲမှာလဲ တစ်ပွဲသာ ရှုံးနိမ့်ထားတယ်ဆိုပေမဲ့ သုံးပွဲသရေကျထားပြီး တစ်ပွဲအနိုင်ရရှိထားတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ လက်ရှိမှာ တိုက်စစ်ပိုင်းက ဂိုးရဖို့ခက်ခဲနေတာကြောင့် အခုလို ရလဒ်ကောင်းတွေ ဆုံးရှုံးနေရတာပဲဖြစ်ပါတယ်။

ပဲလေ့စ်အသင်းကလဲ ပြီးခဲ့တဲ့ပွဲစဉ်(၂၄)မှာ နော်တင်ဟမ်အသင်းကို တစ်ဂိုးစီသရေသာကစားနိုင်ခဲ့ပြီး သူတို့အသင်းအနေနဲ့ နိုင်ပွဲပျောက်ဆုံးခဲ့တာဆိုရင် ပြိုင်ပွဲစုံ ၁၂ ပွဲဆက်တိုက်ဖြစ်နေပါပြီ။ အဲဒီ ၁၂ ပွဲမှာ ခုနစ်ပွဲထိရှုံးနိမ့်ခဲ့တာကို ကြည့်ရင် သူတို့အသင်းရဲ့ လက်ရှိခံစစ်ပိုင်းက ဆိုးရွားနေတာဖြစ်လို့ အခုဆိုရင် တန်းဆင်းဇုန်ကအသင်းနဲ့လဲ ရမှတ်ကွာဟမှုကိုးမှတ်သာရှိထားတာကြောင့် လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ကောင်းနိုင်မှ တန်းဆင်းဇုန်ဖိအားကင်းလွတ်နိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းရဲ့ ဒီနှစ်ဘောလုံးရာသီ အဝေးကွင်းစွမ်းဆောင်ရည်အနေနဲ့ ပွဲစဉ် ၁၂ ပွဲကစားထားပြီး ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံးနိမ့်ထားတာဖြစ်လို့ အဝေးကွင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းကောင်းအောင် ကစားနိုင်တာကိုတော့သတိထားရမှာပါ။ ပြီးခဲ့တဲ့ပွဲစဉ်မှာဆိုရင် တန်းဆင်းဇုန်ဖိအားနဲ့ ရုန်းကန်ကစားနေတဲ့ နော်တင်ဟမ်အသင်းကို အဝေးကွင်းမှာ အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့သလိုနော်တင်ဟမ်အသင်းရဲ့ ခံစစ်ပိုင်းဦးစားပေးကစားနိုင်မှုကြောင့်သာ သရေရလဒ်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရှာဖွေလာနိုင်ပြီး အကောင်းဆုံးပြင်ဆင်ကစားလာနိုင်တဲ့ ပဲလေ့စ်အသင်းကိုပဲ အားပေးရမှာပါ။

ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

မန်စီးတီး	၁	-	၁	ဘရိုက်တန်
မန်ယူ	၁	-	၂	ဘရိုက်တန်
ဘရိုက်တန်	၁	-	၁	ဘုန်းမောက်
ဖူလ်ဟမ်	၂	-	၁	ဘရိုက်တန်
ဘရိုက်တန်	၁	-	၁	အဲဗာတန်

ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ပဲလေ့စ်	၀	-	၀	အေဗီလာ
မကွ်လက်ဖီးလ်	၂	-	၁	ပဲလေ့စ်
ဆန်းဒါးလန်း	၂	-	၁	ပဲလေ့စ်
ပဲလေ့စ်	၁	-	၃	ချဲလ်ဆီး
နော်တင်ဟမ်	၁	-	၁	ပဲလေ့စ်

ကိုလုံးအသင်း နိုင်ပွဲရသွားမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၁)အဖြစ် ယှဉ်ပြိုင်ကစားကြမဲ့ ကိုလုံးနဲ့ လိုက်ပ်ဇစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ကိုလုံးအသင်းဟာ လက်ရှိမှာ ပွဲစဉ်၂၀ ယှဉ်ပြိုင်ကစားထားပြီး ခြောက်ပွဲနိုင်၊ ငါးပွဲသရေ၊ ကိုးပွဲရှုံးနိမ့်ထားကာ ရမှတ် ၂၃ မှတ်နဲ့ အဆင့်(၁၀)မှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ ဝုဖ်ဘတ်အသင်းကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပြီး အိမ်ကွင်းနောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ကိုလုံးအသင်းအနေနဲ့ နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး အသင်းလိုက်စွမ်းဆောင်ရည်နဲ့ တိုက်စစ်ပိုင်းအကောင်းဆုံးပုံစံမှာ ရှိနေတယ်လို့ဆိုရမှာပါ။ ကိုလုံးအသင်းအနေနဲ့ ပြီးခဲ့တဲ့ပထမအကျော့ ပွဲစဉ်မှာ လိုက်ပ်ဇစ်အသင်းကို ရှုံးနိမ့်ခဲ့တယ်ဆိုပေမဲ့ သူတို့အသင်းအနေနဲ့ အဲဒီပွဲစဉ်မှာ ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှုအသာနဲ့ ယှဉ်ပြိုင်ကစားနိုင်ခဲ့သလို အခုအိမ်ကွင်းပွဲစဉ်မှာလဲ ဆက်လက်ဖိအားပေးကစားလာအုံးမှာပါ။

လိုက်ပ်ဇစ်အသင်းကတော့ ပြီးခဲ့တဲ့ပွဲစဉ်မှာ တန်းဆင်းဇုန်ဖိအားနဲ့ ရုန်းကန်ကစားနေတဲ့ မိန့်ဇ်အသင်းကို အဝေးကွင်းမှာ နှစ်ဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ခုနစ်ပွဲမှာဆိုရင် နိုင်ပွဲနှစ်ပွဲသာရရှိခဲ့ပြီး လေးပွဲရှုံးနိမ့်ခဲ့ကာ တစ်ပွဲသရေကျထားတာကြောင့် လက်ရှိစွမ်းဆောင်ရည်ပိုင်းကျဆင်းနေတယ်လို့ဆိုရမှာပါ။ အခုဆိုရင် သူတို့အသင်းအနေနဲ့ ဥရောပပြိုင်ပွဲဝင်ခွင့်အတွက် အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ ရမှတ် ၃၆ မှတ်နဲ့ရပ်တည်နိုင်ခဲ့ပေမဲ့ အဆင့်(၄)နေရာက စတုဂတ်အသင်း၊ အဆင့် (၆)နေရာက လေဗာကူဆင်အသင်းတို့နဲ့လဲ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် ရလဒ်ကောင်းဖို့လိုအပ်နေပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီမှာ အဝေးကွင်းပွဲစဉ်တွေဆိုရင် ရလဒ်ပိုင်းကျဆင်းနေပြီး ခြေစွမ်းပိုင်းဆိုးရွားတတ်တာကြောင့် အခုလို ရမှတ်တွေဆုံးရှုံးနေခဲ့တာပဲဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာလဲ လိုက်ပ်ဇစ်အသင်းက ကစားသမားပိုင်းအသာရနေတယ်ဆိုပေမဲ့ လက်ရှိ ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ ကိုလုံးအသင်းပဲ နိုင်ပွဲရသွားမှာပါ။

ကိုလုံးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဟိုက်ဒမ်ဟိမ်း	၂	-	၂	ကိုလုံး
ကိုလုံး	၁	-	၃	ဘိုင်ယန်မြူးနစ်
ကိုလုံး	၂	-	၁	မိန့်ဇ်
ဖရိုင်းဘတ်	၂	-	၁	ကိုလုံး
ကိုလုံး	၁	-	၀	ဝုဖ်ဘတ်

လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

လိုက်ပ်ဇစ်	၂	-	၀	ဖရိုင်းဘတ်
လိုက်ပ်ဇစ်	၁	-	၅	ဘိုင်ယန်မြူးနစ်
ဟိုက်ဒမ်ဟိမ်း	၀	-	၃	လိုက်ပ်ဇစ်
စိန့်ပေါ်လီ	၁	-	၁	လိုက်ပ်ဇစ်
လိုက်ပ်ဇစ်	၁	-	၂	မိန့်ဇ်

လက်ချီအသင်း ရလဒ်ကောင်းမှာပါ

ဒီတစ်ပတ်မှာ နောက်ဆုံးအကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လက်ချီနဲ့ အူဒီးနီးစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ချီအသင်းဟာ အူဒီးနီးစ်အသင်းကို အီတလီစီးရီးအေပွဲစဉ်(၂၄)အဖြစ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ပထမအကျော့အဝေးကွင်းပွဲစဉ်မှာတော့ သုံးဂိုး နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ လက်ရှိမှာ လက်ချီအသင်းအနေနဲ့ စီးရီးအေပွဲစဉ် ၂၃ ပွဲယှဉ်ပြိုင်ကစားထားပြီး လေးပွဲသာအနိုင်ရရှိထားကာ ခြောက်ပွဲသရေ၊ ၁၃ ပွဲထိရှုံးနိမ့်ထားပါတယ်။ ဒါကြောင့် ရမှတ် ၁၈ မှတ်နဲ့အမှတ်ပေးဇယားအဆင့်(၁၇)နေရာမှာရပ်တည်နေပြီး အဆင့်(၁၈)နေရာက ဖီအိုရင်တီးနားအသင်းနဲ့ တစ်မှတ်သာကွာဟနေတာကြောင့် တန်းဆင်းဇုန်ဖိအားရှိနေတယ်လို့ဆိုရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အခုလိုအိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ရလဒ်ပိုင်းကောင်းမွန်နိုင်ဖို့ ပြိုင်ဘက်အသင်းတိုင်းကို အဘက်ဘက်က ဖိအားပေးကစားနိုင်ပါတယ်။

အူဒီးနီးစ်အသင်းကတော့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုရှိနေတယ်လို့ ဆိုရမှာဖြစ်ပြီး နောက်ဆုံးပွဲစဉ်မှာဆိုရင် ရိုးမားလို အဘက်ဘက်က အသာရနေတဲ့အသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ သူတို့အသင်းအတွက် နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲရရှိခဲ့တာဖြစ်သလို တိုက်စစ်ပိုင်းကောင်းမွန်နေတဲ့အတွက်လဲ အခုလို ရလဒ်ပိုင်းကောင်းမွန်နေတာဖြစ်ပါတယ်။ စီးရီးအေပွဲစဉ် ၂၃ ပွဲကစားပြီးချိန်မှာ ကိုးပွဲနိုင်၊ ငါးပွဲသရေ၊ ကိုးပွဲရှုံးရလဒ်နဲ့ အဆင့်(၉)နေရာမှာ ရပ်တည်နိုင်တာဟာ သူတို့အသင်းအတွက် အကောင်းမွန်ဆုံးစွမ်းဆောင်နိုင်မှုလို့တောင်ဆိုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အခုလို တန်းဆင်းဇုန်ဖိအားရှိနေတဲ့ လက်ချီအသင်းရဲ့ကွင်းမှာ အဘက်ဘက်က ထိန်းချုပ်ကစားနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားစရာကောင်းမွန်နေပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားနိုင်တဲ့ လက်ချီအသင်းပဲ ရလဒ်ကောင်းမှာပါ။

လက်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

လက်ချီ	၁	-	၂	ပါးမား
အင်တာမီလန်	၁	-	၀	လက်ချီ
အေစီမီလန်	၁	-	၀	လက်ချီ
လက်ချီ	၀	-	၀	လာဇီယို
တိုရိနို	၁	-	၀	လက်ချီ

အူဒီးနီးစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

တိုရိနို	၁	-	၂	အူဒီးနီးစ်
အူဒီးနီးစ်	၂	-	၂	ပီဆာ
အူဒီးနီးစ်	၀	-	၁	အင်တာမီလန်
ဗီရိုနာ	၁	-	၃	အူဒီးနီးစ်
အူဒီးနီးစ်	၁	-	၀	ရိုးမား

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

တူကီယဲကုမ္ပဏီ STM က ဒရုန်းအုပ်စုလိုက် ကျည်စစ်၊ ကျည်မှန်သုံးတိုက်ပွဲဝင်လေ့ကျင့်မှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့

တူကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ STM သည် ဒရုန်းအုပ်စုလိုက် ကျည်စစ်၊ ကျည်မှန်သုံး တိုက်ပွဲဝင်လေ့ကျင့်မှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလေ့ကျင့်မှုသည် ပစ်မှတ်အမျိုးမျိုးကို အလိုအလျောက် စနစ်တကျပေါင်းစပ်တိုက်ခိုက်နိုင်သည့် စွမ်းဆောင်ရည်ကို ပြသလိုက်ခြင်းလည်းဖြစ်သည်။

တူကီယဲနိုင်ငံ အန်ကာရာမြို့ရှိ General Nahit Senogul လေ့ကျင့်ရေးကွင်းတွင်ပြုလုပ်ခဲ့သော အဆိုပါလေ့ကျင့်မှုတွင် KARGU အသေခံတိုက်ခိုက်ရေးဒရုန်းအုပ်စုသည် စစ်ဆင်ရေးနယ်မြေအတွင်းသို့ အလိုအလျောက် ပျံသန်းဝင်ရောက်ခဲ့သည်။ ထို့နောက် အော်ပရေတာ တစ်ဦးတည်း၏ကွပ်ကဲမှုအောက်တွင် ၎င်းဒရုန်းအုပ်စုမှာ အုပ်စုဝယ်များအဖြစ် အလိုအလျောက် ကွဲထွက်သွားပြီး သီးခြားစီတည်ရှိသော ပစ်မှတ်သုံးခုကို တစ်ပြိုင်နက်တည်း တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဒရုန်းတစ်စင်းချင်းစီတွင် ဖောက်ခွဲတိုက်ခိုက်ရေးထိပ်ဖူးများ တပ်ဆင်ထားပြီး တစ်စင်းနှင့်တစ်စင်း အပြန်အလှန်ဆက်သွယ်ရာ၌ တူကီယဲနိုင်ငံ၌ ရေးသားထားသည့် Algorithms များဖြင့် တည်ဆောက်ထားသော အုပ်စုလိုက်ဖြန့်ကြက်လုပ်ဆောင်နိုင်မည့် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုထားသည်။ သမားရိုးကျ ဒရုန်းများနှင့်မတူဘဲ KARGU အသေခံတိုက်ခိုက်ရေးဒရုန်းအုပ်စုသည် ဗဟိုကွပ်ကဲမှုစနစ် တစ်ခုတည်းအပေါ်တွင် မှီခိုနေခြင်းမျိုးမရှိပေ။ ဒရုန်းတစ်စင်းချင်းစီသည် အချက်အလက်များကို အချင်းချင်းလွှတ်လပ်စွာ မျှဝေကြပြီး မိမိတင်ဆောင်လာသည့် လက်နက်အမျိုးအစားနှင့် ကိုက်ညီမည့်ပစ်မှတ်ကို ကိုယ်တိုင်ရွေးချယ်နိုင်ကြမည်ဖြစ်သည်။ အကယ်၍ အုပ်စုထဲမှ ဒရုန်းအချို့ပျက်စီးသွားစေကာမူ ကျန်ရှိနေသော ဒရုန်းများက စစ်ဆင်ရေးကို ဆက်လက်အကောင်အထည်ဖော်နိုင်သည်။

STM ကုမ္ပဏီ အထွေထွေမန်နေဂျာ Özgür Güleryüz က ဤလေ့ကျင့်မှုသည် အလိုအလျောက်စနစ်များ၊ ဉာဏ်ရည်တုနှင့် အုပ်စုလိုက်စစ်ဆင်ရေးကဏ္ဍတို့တွင် ထူးခြားသည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုအောင်မြင်မှုကြောင့်တူကီယဲနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျည်စစ်၊ ကျည်မှန်အသုံးပြု၍ အုပ်စုလိုက် ဒရုန်းစစ်ဆင်ရေးဆောင်ရွက်နိုင်သောနိုင်ငံများထဲတွင် ပါဝင်လာခဲ့ပြီဖြစ်ကြောင်းသိရသည်။

တူကီယဲနိုင်ငံသည် STM ကုမ္ပဏီ၏ ကျည်စစ်၊ ကျည်မှန်ဖြင့် ပစ်ခတ်လေ့ကျင့်မှုအပြင် အလိုအလျောက် မောင်းနှင်နိုင်သော ဒရုန်းနှင့် အုပ်စုလိုက်စစ်ဆင်ရေးကဏ္ဍတွင် ထူးခြားသည့်တိုးတက်မှုများ ဆက်တိုက်ထွက်ပေါ်လာခဲ့သည်။ ၂၀၂၅ ခုနှစ် ဇူလိုင်လကလည်း STM ကုမ္ပဏီသည် KARGU ဒရုန်းခြောက်စင်းကို အသုံးပြု၍ ပေါင်းစပ်စစ်ဆင်ရေးတစ်ခုကို ပြသခဲ့သည်။ အဆိုပါ ဒရုန်းများသည် မတူညီသော လက်နက်အမျိုးအစားများကို တင်ဆောင်ထားပြီး အုပ်စုဝယ်များ အဖြစ်ခွဲထွက်ကာ ပစ်မှတ်အမျိုးမျိုးကို အလိုအလျောက် ရှာဖွေတိုက်ခိုက်ခဲ့ကြသည်။ လက်ရှိတွင် KARGU ဒရုန်းများကို အမည်မဖော်လိုသည့် NATO အဖွဲ့ဝင်နိုင်ငံတစ်ခုသို့ တင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုထားပြီးဖြစ်ကြောင်း သိရသည်။

STM Conducts Turkey's First Live–Fire Swarm Drone Strike ကို ဘာသာပြန်ဆိုထားပါသည်။

ဆွစ်ဇာလန်က Teledyne FLIR Defense ကုမ္ပဏီထံမှ Black Hornet 4 နာနိုဒရုန်းများဝယ်ယူရန် စာချုပ်ချုပ်ဆို

ဆွစ်ဇာလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် အမေရိကန်အခြေစိုက် Teledyne FLIR Defense ကုမ္ပဏီထံမှ ဒေါ်လာ ၁၇ ဒသမ ၅ သန်းတန်ဖိုးရှိ Black Hornet 4 အမျိုးအစား နာနိုဒရုန်း (Nano–class Drones) အမြောက်အများကို ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့သည်ဟု The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဝယ်ယူမှု၏ အဓိကရည်ရွယ်ချက်မှာ ဆွစ်ဇာလန်စစ်ဘက်၏ Piranha ရှစ်ဘီးတပ်သံချပ်ကာ အင်ဂျင်နီယာသုံးယာဉ်များတွင် တပ်ဆင်ရန်ဖြစ်ပြီး စစ်မြေပြင်သတင်းအချက်အလက် စုဆောင်းခြင်းနှင့် ပစ်မှတ်ရှာဖွေခြင်းစွမ်းရည်များကို အဆင့်မြှင့်တင်ရန်ဖြစ်သည်။ အဆိုပါ ဒရုန်းများသည် သံချပ်ကာယာဉ်အတွင်းမှပင် လွှတ်တင်နိုင်ပြီး ပစ်မှတ်အချက်အလက်များကို တိုက်ရိုက်ပေးပို့နိုင်ခြင်းကြောင့် စစ်သည်များ၏ ဘေးကင်းလုံခြုံရေးနှင့် တိုက်ပွဲဝင်စွမ်းရည်ကို သိသိသာသာ အားကောင်းလာစေမည်ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံ၏ ဤနာနိုဒရုန်းများ ဝယ်ယူမှုသည် သံချပ်ကာယာဉ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးမည့် စွမ်းအားမြှင့်တင်မှုတစ်ခုအဖြစ် ရှုမြင်နိုင်သည်။ Teledyne FLIR Defense ကုမ္ပဏီက ထုတ်လုပ်သည့် Black Hornet 4 နာနိုဒရုန်းများသည် အရှည် ၁၀ လက်မခန့်သာရှိပြီး အလွန်သေးငယ်သော်လည်း ပတ်ဝန်းကျင်မှ အလင်း၊ အသံနှင့် လျှပ်စစ်သံလိုက်ဆိုင်ရာ အချက်အလက်များကို နှစ်ကီလိုမီတာ ပတ်လည်အတွင်း တိကျစွာ ထောက်လှမ်းနိုင်စွမ်းရှိသည်။ ထူးခြားချက်မှာ ဤဒရုန်းများ၏ ဆော့ဖ်ဝဲလ်ကို Piranha သံချပ်ကာယာဉ်၏ ဒစ်ဂျစ်တယ်စနစ်များနှင့် ချိတ်ဆက်နိုင်ရန် အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဒရုန်းမှပေးပို့သော မြင်ကွင်းများကို ယာဉ်အတွင်းရှိ စစ်သည်များက တိုက်ရိုက် မြင်တွေ့နိုင်ရုံမျှမကဘဲ Kongsberg ကုမ္ပဏီ၏ နည်းပညာဖြင့် ပစ်မှတ်အချက်အလက်များကို ယာဉ်ပေါ်ရှိ အဝေးထိန်းစက်သေနတ်စနစ်ဆီသို့ တိုက်ရိုက်ပေးပို့ကာ ပစ်ခတ်ချေမှုန်းနိုင်မည်ဖြစ်သည်။

Black Hornet 4 ဒရုန်း၏ စွမ်းဆောင်ရည်မှာလည်း စက္ကန့် ၂၀ အတွင်း လွှတ်တင်နိုင်ကာ တစ်စက္ကန့်လျှင် ၁၀ မီတာနှုန်းဖြင့် ပျံသန်းနိုင်သည်။ ပြင်းထန်သော လေပြင်းတိုက်ခတ်မှုများနှင့် အလွန်အေးသော သို့မဟုတ် အလွန်ပူသော ရာသီဥတုများတွင်ပါအသုံးပြုနိုင်အောင် ဒီဇိုင်းထုတ်ထားသည်။ Teledyne FLIR Defense ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဒေါက်တာ JihFen Lei က ဤအစီအစဉ်သည် ကမ္ဘာလုံးဆိုင်ရာ သံချပ်ကာယာဉ် စျေးကွက်တွင် Drone–in–a–box ဟုခေါ်သော ယာဉ်တင်သုံးဒရုန်းစနစ်များ၏ အလားအလာကို ဖော်ပြနေခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။ ဤနည်းပညာပေါင်းစပ်မှုကြောင့် စစ်မြေပြင်တွင် စစ်သည်များအနေဖြင့် ရန်သူ့ထံမှ ခြိမ်းခြောက်မှုများကို ကြိုတင်သိရှိနိုင်ပြီး ဆုံးဖြတ်ချက်များကို ပိုမိုမြန်ဆန်တိကျစွာ ချမှတ်နိုင်မည်ဖြစ်သည်။ ခြံငုံသုံးသပ်ရလျှင် ဆွစ်ဇာလန်၏ ဤဝယ်ယူမှုသည် နာနိုနည်းပညာကို သံချပ်ကာတပ်ဖွဲ့များ၏ ခံစစ်နှင့် တိုက်စစ်ကဏ္ဍတွင် အောင်မြင်စွာ ပေါင်းစပ်လိုက်ခြင်းပင်ဖြစ်သည်။

ဆွစ်ဇာလန်၏ ဤဝယ်ယူမှုသည် ခေတ်သစ်စစ်ပွဲများတွင် Blind Spot စစ်မြေပြင်၏ မြင်ကွင်းကွယ်မှုကို အဆင့်မြှင့်နည်းပညာဖြင့် အပြီးတိုင်ဖယ်ရှားပစ်ရန် ကြိုးပမ်းမှုပင်ဖြစ်သည်။ သံချပ်ကာတပ်ဖွဲ့များအတွက် ကြီးမားသော စိန်ခေါ်မှုမှာ ယာဉ်အတွင်းမှနေ၍ ဝန်းကျင်ရှိ ရန်သူ့ခြိမ်းခြောက်မှုကို သိရှိရန်ခက်ခဲခြင်းဖြစ်ရာ Black Hornet 4 ကဲ့သို့သော နာနိုဒရုန်းများကို ယာဉ်၏ ဒစ်ဂျစ်တယ်မျက်စိအဖြစ် အသုံးပြုခြင်းက စစ်သည်များကို ယာဉ်အပြင်သို့ ထွက်စရာမလိုဘဲ ရန်သူထက်ခြေတစ်လှမ်းသာစေနိုင်မည်ဖြစ်သည်။

အထူးသဖြင့် ဒရုန်းမှရရှိသော အချက်အလက်ကို ယာဉ်ပေါ်ရှိပစ်ခတ်မှုထိန်းချုပ်ရေးစနစ်နှင့် တိုက်ရိုက်ချိတ်ဆက်ပေးနိုင်ခြင်းသည် တိုက်ပွဲလုပ်ငန်းစဉ်ကို အချိန်တိုတိုနှင့်ပြီးမြောက်စေသဖြင့် ဤနည်းပညာပေါင်းစပ်မှုသည် သံချပ်ကာတပ်ဖွဲ့များ၏ တိုက်စွမ်းရည်ကို တိုးတက်ပြောင်းလဲစေမည့်နည်းဗျူဟာမြောက် ဒရုန်းနှင့် သံချပ်ကာ ပေါင်းစပ်မှုပင်ဖြစ်ကြောင်း သိရသည်။

Switzerland Buys Black Hornet Nano Drones From Teledyne FLIR Defense ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

Acting President of the Republic of the Union of Myanmar SSPC Chairman Senior General Min Aung Hlaing attends opening ceremony of Myanmar–Korea Friendship (Dala) Bridge

Senior General Min Aung Hlaing addresses the opening ceremony of Myanmar–Korea Friendship (Dala) Bridge.

Nay Pyi Taw February 6

The opening ceremony of the Myanmar–Korea Friendship (Dala) Bridge in Yangon Region was held this morning and attended by Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission.

Also present at the ceremony were SSPC member Prime Minister U Nyo Saw, SSPC Secretary General Ye Win Oo, Union Ministers, the Yangon Region Chief Minister, senior Tatmadaw officers from the Office of the Commander-in-Chief, the Yangon Regional Command commander, officials from the Ministry of Construction, representatives of companies involved in the bridge project, and engineers from Korea, China, and Myanmar.

Upon arrival at the venue, the Senior General and party were welcomed by responsible officials. The ceremony began with an explanation by Union Minister for Construction U Myo Thant regarding the construction of the Myanmar–Korea Friendship (Dala) Bridge.

A documentary movie on the bridge project was then presented. Afterwards, a representative from Soosung Company of Korea, the project contractor, handed over relevant construction documents to U Kyaw Kaung Cho, Director General of the Bridge Department under the Ministry of Construction.

The Union Minister for Construction also presented a commemorative gift to the Senior General to mark the opening of the bridge.

In his opening address, the Senior General said the day marked an auspicious milestone, as the bridge successfully connects Yangon, the country's commercial capital, with Dala Township across the river. He noted that the bridge integrates Dala into Yangon's urban area and stands as a historic development.

The newly completed bridge is 6,127 feet long and designed as a four-lane structure. Unlike other bridges, it was built to serve as a landmark of Yangon. It is also the tallest cable-stayed bridge in Myanmar, allowing large sea-going vessels to pass underneath, and was constructed to be both strong and aesthetically impressive. He said he was as delighted as the local people.

He said discussions between Myanmar and Korea regarding the project began in 2012. Construction started in 2019 with funding from a US$157.833 million loan from Korea's Economic Development Cooperation Fund (EDCF) and a government contribution of US$30.341 million, totaling US$188.174 million. An additional MMK 23.062 billion from the state budget was later allocated to complete the project.

Senior General Min Aung Hlaing sprinkles scented water on the monumental inscription of the Myanmar–Korea Friendship (Dala) Bridge.

Senior General Min Aung Hlaing presents a recognition award to the engineering team.

The government, he said, is prioritizing infrastructure development across regions and states, including transportation by air, water, and land, as well as electricity access, to improve socio-economic conditions. He emphasized that good transportation links are essential for regional development and for strengthening connections among ethnic communities.

Easy and fast transportation is a crucial factor among the primary requirements for the development of a region. To prioritize improvements in transportation, bridges are being constructed at geographic and natural barriers such as rivers and streams. Roads are being built and upgraded to be passable in all seasons. These efforts are being implemented not only in urban areas but also to ensure the balanced development of even remote regions.

When implementing such development projects for the nation, it is necessary for the responsible authorities to collaborate to ensure that public funds are used without wastage, that quality is ensured for long-term durability, and to point out and correct whether or not the projects are beneficial for the region. It is also necessary that projects utilizing public funds are those that will yield benefits for the region.

Yangon Region is a major city for Myanmar's economic development. Along with the regional economic growth and the increase in population, daily vehicle traffic has also significantly increased. Therefore, to ensure orderly traffic flow in Yangon Region in line with the characteristics of a capital city, infrastructure developments such as the expansion of inner-city roads, the construction of flyovers, and the construction of necessary four-lane major river-crossing bridges like the current one help reduce traffic congestion. As the flow of passengers and goods becomes faster, the economic, social, and health sectors of the public will further develop.

With the completion of the Myanmar-Korea Friendship (Dala) Bridge, it will be possible to travel easily and quickly from Yangon City, Yangon Region to Dala, Twantay, Kawhmu, and Kungyangon towns. Furthermore, from there, it will also be possible to travel easily and quickly to towns in Ayeyawady Region. Dala town has become a gateway town connecting Ayeyarwady Region and Yangon Region, allowing regional products to be transported by road in a short time. Additionally, via the Daydaye Bridge, it will be possible to easily and quickly connect and travel to towns in Ayeyawady Region, including Daydaye, Pyapon, Bogale towns, and beach areas. As it is now possible to directly connect and operate road transportation with the central area of Yangon City, Dala town, including Twantay, Kawhmu, and Kungyangon towns, will also become urbanized and develop simultaneously.

See Page 14

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing cordially greets eye patients at Sitagu Eye Hospital; pays respects to Sitagu Sayadaw

Senior General Min Aung Hlaing cordially greets eye patients at the Sitagu Eye Hospital.

Nay Pyi Taw February 6

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing, accompanied by SSPC member Prime Minister U Nyo Saw, SSPC Secretary General Ye Win Oo and members of the entourage, the Yangon Region chief minister, the Yangon Command commander, the Yangon mayor and officials, paid respects to Abhidhaja Maha Rahta Guru Abhidhaja Agga Maha Saddhamma Jotika Dr Bhaddanta Nyanisara, State Ovadacariya, Sangha Raja of Shwekyin Gana, Chancellor of Sitagu International Buddhist Academies, in Sitagu Eye Hospital, Thitagu World Buddhist University, Sitagu International Buddhist Missionary Association, Dagon (North) Township, Yangon Region, this morning.

First, the Senior General, the Prime Minister and the SSPC Secretary wore glasses to the eye patients who had underwent eye surgery at the hospital, and cordially greeted them.

The Senior General and party then cordially conversed with patients waiting for their turn to undergo eye surgery.

Afterwards, they paid homage to the State Ovādacariya, Sawla Sama Shwe Kyin Sāsanapaing Sayadaw, the Chancellor of Sitagu International Buddhist Academies Abhidhaja Maha Rahta Guru Abhidhaja Agga Maha Saddhamma Jotika Dr. Bhaddanta Ñāṇissara. They inquired and consulted on religious matters and listened to the sermons and advice given by the Sayadaw.

Subsequently, the Sitagu Sayadaw presented Dhamma gifts to the Senior General. Following that, the Senior General offered alms of monk requisites to the Sitagu Sayadaw and donated 30 million kyats for the restoration and repair of pagodas and stupas housing the sacred relics of the Buddha, which were damaged due to the impact of the Mandalay earthquake.

It has been reported that at the aforementioned Sitagu International Missionary Association, Sitagu International Buddhist Academies, and Sitagu Eye Hospital, approximately 1,600 people came for eye examinations for hospital treatment, among whom about 500 required eye surgeries. Free eye surgeries are being provided for the people who need them.

100

Pwintbyu Township earmarks cultivation of summer sesame on more than 30,000 acres of land

Pwintbyu February 6

Pwintbyu Township Agriculture Department mentioned that local authorities earmarked cultivation of 33,737 acres of summer sesame with the irrigation facilities from Mezali Diversion Weir in Pwintbyu Township of Magway Region this year.

In Pwintbyu Township, local farmers make effective use of government irrigation water, electric pumping systems, and groundwater throughout the year to cultivate oilseed crops such as groundnut, sesame, sunflower, and safflower, with the aim of ensuring sufficient local edible oil supplies and increasing crop income. During this year's summer crop cultivation season, local farmers plan to cultivate up to 33,737 acres of summer sesame using water from the Mezalir diversion weir.

"During this year's summer crop cultivation season in Pwintbyu Township, with the objective of ensuring sufficient and surplus edible oil supplies and increasing farmers' crop income, we have planned to cultivate 33,737 acres of summer sesame using water from the Mezalir diversion weir. We will also provide support and farmer education activities to ensure timely cultivation, adequate irrigation water, access to high-yielding quality seed varieties, correct cultivation methods, and achieving the required plant population," said Daw Moe Moe Wai, Township Head of the Pwintbyu Township Department of Agriculture.

Local farmers in Pwintbyu Township reportedly rely on water from the Mezalir diversion weir each year during the summer crop season to cultivate paddy, sesame, and other summer crops. The main sesame varieties grown include Samonnet black sesame, black sesame, and Sin Ya Tana-4. During last year's summer crop season, 27,193 acres were originally planned for summer sesame cultivation, but actual planting expanded to as much as 57,616 acres, with an average yield of 9.52 baskets per acre.

If farmers are able to increase sesame yields, it will help ensure sufficient domestic edible oil supplies, improve production, reduce reliance on imported edible oils, balance market demand, stabilize prices, increase farmers' crop income, and improve socioeconomic conditions. Therefore, efforts should be made to further expand sesame cultivation in all suitable areas, Daw Moe Moe Wai.

Ye Win Naing (NyaungU)

South Sudan to face economic, humanitarian crises amid aid cuts: World Bank

Juba February 6

South Sudan is set to face profound economic and humanitarian challenges due to dwindling donor assistance and humanitarian funding, according to two new reports released by the World Bank on Thursday.

"Official development assistance coming from other countries into South Sudan in 2025 was half the average recorded between 2019 and 2024," Charles Undeland, World Bank Group country manager for South Sudan, told journalists in Juba, the capital of South Sudan.

The World Bank, in partnership with the government, launched the Public Finance Review and the Country Climate and Development Report, which are seen as critical in shaping policy review and direction for the country amid severe economic and humanitarian crises.

Undeland said that with U.S. aid dropping by 80 percent and EU support by 20 percent, the country faces a profound challenge, as humanitarian assistance, particularly for food security and nutrition, is set to decline sharply alongside cuts to education, healthcare, and other essential services.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets rectors, principals, pro-rectors of universities and degree colleges of the relevant ministries

Education reforms and promotion must be made without fail for the betterment of Myanmar's future

Senior General Min Aung Hlaing meets rectors, principals, and pro-rectors of universities and degree colleges of the relevant ministries.

Nay Pyi Taw February 6

Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing met rectors, principals, professors, and faculty members of universities and degree colleges of the relevant ministries at the Arts Hall of Yangon University this afternoon.

Also present at the meeting were SSPC member Prime Minister U Nyo Saw, SSPC Secretary General Ye Win Oo and members of the entourage, the Yangon Region chief minister, the Yangon Command commander, directors general of the Ministry of Education, deputy directors general, rectors of universities for technology and medical science.

Promotion of education sector of State

In his address, the Senior General said the meeting is for the promotion of the education sector of the State. The findings of the 2024 census indicate the national literacy rate at over 91.1 percent, but the number of high school and university level educated persons is low, and the number of students who completed primary education level is high. The comparison between the said census result and the records of the 2014 population housing census and 2019 interim census shows a great demand for the national education promotion activities.

Promotion of basic education sector

The country was weak in educational activities because of the colonial education system during the pre-independence period and the world war. Hence, three R campaigns were launched in the post-independence period to eradicate illiteracy, but school education was weak since the time, and the result was the fewer number of educated persons in the country. History shows that weakness in education harmed national peace and stability at times.

As the saying goes "National discipline starts at schools", those who have formal education have the habit of observing discipline better than the ones who lack formal education. As the former are the persons who are brought under the teachings of their teachers, they are polite and obey the discipline. Weakness in education has a huge impact on national peace and stability and rule enforcement. It can be assumed that political conflicts erupted throughout the successive eras were the result of the weakness in education. Because of their educational deficiency, these people can be easily influenced by others' instigations and their thoughtless acts have ruined the national peace and stability.

Citizens' mindset should be enhanced through education promotion, which will have two phases – (1) enrollment of all school age children and (2) application of a teaching method that truly educates students. In the basic education sector, some schools meet the norms, but some lack standard features, and the same goes to institutions of higher learning. Schools must meet the set standards so that students can learn their lessons well and have the will to learn. Teachers on their part must enhance their teaching skills.

Modern teaching methods that meet the present age must be adopted. School age children's enthusiasm for learning must be improved and the development in teaching needs constant research programs. Students must be taught well from the primary level education till finishing their high school and to observe the rules, and the work calls for enhancing the qualifications of teachers.

The task of upgrading all basic education schools needs time. School attendance rate is low in some ethnic areas as there are children who cannot attend classes due to language barrier and other difficulties. Serious attention must be paid to education promotion activities in ethnic areas with demands for education. Education promotion in ethnic areas calls for teachers that are really supportive of the students. Efforts must be made to arouse children's will to attend classes and to create a pleasant ambience for them. All preprimary students reach the primary school level, but not all primary school students come from preprimary schools. Teaching methods must ensure a pleasant environment for children. Teachers of KG and KG+1 must pay close attention to ensuring a happy environment for children. Hence, the Education Ministry is conducting short-term courses beginning from this year for the nation's future.

The country has government schools, monastic education schools and private schools, but most of the children of the people go to government schools. As parents of these children cannot afford to send their children to private schools, they are relying on government schools. Hence, the quality of government schools should be improved. The government in office is improving the features of the schools and facilitating the teaching activities to the most possible degree. It is a must to improve the education from its roots for the betterment of the country's future.

Whatever the teacher appointment system is, efforts must be made to ensure equal qualification among teachers. Education staff are provided with benefits rank wise. And support for ensuring a comfortable living for teachers has been fulfilled to the most possible extent. Allowances for all civil servants including education staff have been increased.

A pleasant occupational ambience for teachers enhances their will to serve their duty. The State is fulfilling the needs for disseminating general and academic knowledge for children. The country must nurture education trees for the country's future. Children with better educational foundations will reach institutions of higher learning.

Advancement of the Higher Education Sector

Regarding higher education, he noted that universities and institutes offer diploma, undergraduate, and postgraduate levels. He mentioned that there are many students who do not pass the matriculation exam after completing their final year of high school. He stated that arrangements must be made for these students to continue their studies through vocational education and diploma programs. For those who pass the matriculation exam, it is necessary to continue training them to become high-quality individuals. Regarding distance education universities, he stressed the need to ensure systematic teaching and to enhance proficiency levels. He urged for university education to be improved further and for efforts to be made to provide mastery of higher education through diligent teaching.

He explained that universities provide advanced knowledge and expertise. He added that students gain exposure to diverse academic fields and social environments during their time at university.

See Page 14

From Page 11

The Government has set visions and objectives for the emergence of national interests and is striving with constant vigilance, unwavering perseverance, diligence, and effort. To ensure a peaceful and prosperous future for the country and for the joyful and happy lives of the citizens, the Government is endeavouring to shape good visions and directions. It is urged that all citizens and national brethren also increase their cooperation in the Government's processes for peace and the development of democracy and federalism.

To ensure public safety while using the Myanmar–Korea Friendship (Dala) Bridge, the public is urged to strictly comply with designated traffic and road regulations and to cooperate in safeguarding and maintaining the bridge to ensure its long-term durability and stability. The State Government extends its sincere appreciation to the Government of the Republic of Korea, officials responsible for the bridge construction, personnel from the Ministry of Construction, the Yangon Region Government, relevant military and government officials, and local residents for their collective efforts in achieving the successful opening of the bridge, said the Acting President.

The Acting President and the Chairman of the State Security and Peace Commission, then presented commemorative gifts to the construction engineering teams involved in the bridge project.

Following this, the Senior General arrived at the venue of the Myanmar–Korea Friendship Bridge ribbon-cutting ceremony, where Commission members, Prime Minister U Nyo Saw, Commission Secretary General Ye Win Oo, Union Minister for Transport and Communications U Mya Htun Oo, Union Minister for Construction U Myo Thant, and Yangon Region Chief Minister U Soe Thein jointly cut the ribbon.

Following this, the Senior General officially unveiled the monumental inscription of the Myanmar–Korea Friendship (Dala) Bridge by pressing a button and sprinkling fragrant water. The Prime Minister, the Commission Secretary, Commission members, and officials subsequently sprinkled fragrant water on the inscription.

Following this, the Senior General together with commission members proceeded to Pylon-2, where the monumental inscription is located, and sprinkled fragrant water on the inscription.

Then, the Senior General and other attendees then posed for a group photograph to commemorate the opening of the Myanmar–Korea Friendship (Dala) Bridge.

Next, the Senior General and members walked across the Myanmar–Korea Friendship (Dala) Bridge and greeted the ethnic youths attending the ceremony.

The Union Minister for Construction then presented the proposed beautification plan for the areas along the banks of the Myanmar–Korea Friendship (Dala) Bridge, after which the Senior General provided necessary guidance and instructions.

Then, the Senior General and members toured Dala town by vehicle.

The Myanmar–Korea Friendship (Dala) Bridge was first discussed by the two leaders during President U Thein Sein's visit to the Republic of Korea in October 2012. On June 19, 2013, officials from both countries met and agreed to construct a bridge over the Yangon River using a loan from the Republic of Korea's Economic Development Cooperation Fund (EDCF). The feasibility study for the project began in April 2013 with support from the Republic of Korea. The bridge was designed to meet Myanmar's road and traffic conditions, geological and soil-bearing capacities, and social and economic requirements. Construction of the bridge commenced on May 27, 2019. The main bridge has a gradient of 5.95 percent and a total length of 6,127 feet. It has an overall width of 79 feet, including four carriageways each 11 feet 6 inches wide and two pedestrian lanes each 6 feet 6 inches wide. The bridge is designed to support vehicles weighing up to 75 tons. Additionally, 1-foot-6-inch-diameter water pipes have been installed on each side to supply drinking water from Yangon to Dala.

The bridge was completed after the government was able to allocate additional state funds to overcome the challenges posed by the COVID-19 pandemic and other difficulties encountered during construction. With the completion of the Myanmar–Korea Friendship (Dala) Bridge, travel between Yangon and Dala, Twante, Kawhmu, Kungyangon, and other towns in the Ayeyawady Region will become faster and more convenient. Dala is expected to emerge as a gateway connecting the Ayeyawady and Yangon regions, fostering development across various sectors. The neighboring towns of Twante, Kawhmu, and Kungyangon are also anticipated to grow into urban centers. The construction and opening of this bridge will contribute to the social, economic, educational, health, and transportation development of the region, establishing it as a landmark infrastructure in Yangon. 100

From Page 13

Engaging within the university community provides individual students with valuable experiences and fosters positive thinking. Therefore, he noted that only when these social environments are healthy and positive can the universities produce individuals capable of serving the interests of the nation.

He noted that students have different social experiences depending on the environment in which they are educated. These experiences result in differences between individual social circles. Only by acquiring good habits within their social communities will there be an abundance of educated human resources capable of serving the nation's interests. Currently, the government is doing its best to improve the characteristics of universities and colleges. Essential infrastructure is being provided, starting with cleaning and beautification tasks to ensure students have access to sports facilities and good environments. He stressed that those in charge must work diligently to create favorable environments in universities. By doing so, our social communities will be transformed and improved.

He explained that university education is a system that emphasizes study and discussion over mere teaching. He stressed that university education must be taught in a way that ensures genuine proficiency and understanding. Therefore, in higher education universities, it is necessary to carry out studies and interactive discussions with teachers. To ensure students truly become educated, he stated that a system of Check, Recheck, and Counter Check must be implemented through various methods. He concluded by urging officials to create favorable environments for the students' attending universities.

From Elevating Educational Standards to National Development

He stated that industrial, agricultural, and livestock basic education schools have been opened to provide the human resources necessary for the country's primary economic activities of agriculture and livestock. He noted that doing so will provide the support needed to advance the nation's agricultural and livestock production sectors. By increasing production, the national GDP will rise, leading to the improvement and growth of the country's economy. Therefore, he emphasized that efforts must be made to ensure the progress of agricultural and livestock production. He stated that he consistently encourages the implementation of agricultural and livestock production activities in each region and state to support local food security. He noted that the country also requires economists; therefore, as it is necessary to teach basic economic principles at universities, his government has planned for universities and colleges to offer BA (Economics) degrees and teach economic fundamentals. Similarly, he mentioned that since it is essential to understand the law in a democratic nation, basic legal subjects are being taught, and measures are being taken to confer BA (Law) degrees.

He mentioned that large amounts of foreign currency are being spent annually because the country has to import cooking oil and fuel from abroad. He also noted that significant state funds were utilized during the recovery efforts for the damage caused by the major Mandalay earthquake. Therefore, he stressed the need to boost production activities to improve the national economy, emphasizing that we must take necessary actions to achieve self-reliance.He stated that the government is making efforts to increase the national GDP. By achieving production goals and targets, export earnings will increase, leading to a rise in the country's GDP. He emphasized that the nation must utilize its human resources with a genuine will to drive national economic growth. He urged the attending senior teachers and professors, who hold high-level responsibilities, to collaborate in striving for the betterment of the country. He stated that to ensure a bright future for Myanmar, the education sector must undergo mandatory transformation and implementation. He requested them to perform their duties excellently within their respective sectors. He added that the government is encouraging and working toward the elevation of the education and health sectors. He concluded by asking them to produce students who are human resources rich in both knowledge and technical expertise.

Afterward, the Senior General cordially greeted those in attendance at the meeting.

Then, the Senior General inspected the Diamond Jubilee Hall of Yangon University and gave guidance to responsible officials regarding the upgrading and renovation of the hall. 100

More than 4,000 acres of green gram grown in Wetlet Township

Wetlet February 6

Local farmers planted 4,552 acres of green gram in Wetlet Township of Sagaing Region this year, according to the township Agriculture Department.

During the 2025-2026 winter cropping season, a total of 4,565 acres of green gram were earmarked for cultivation in Wetlet Township. Planting began in October 2025, and as of today, cultivation has been completed on 4,552 acres, according to reports.

"During the winter cropping period in Wetlet Township, green gram was planned for cultivation on 4,565 acres, and planting has already been completed on 4,552 acres," said Daw Kyin San, Township Head of the Department of Agriculture in Wetlet Township.

"Green gram cultivation has been increasing year by year. With regard to green gram production, we are providing extension services to encourage expanded cultivation and educating farmers on the use of quality and pure seed to achieve good yields," she said.

In Wetlet Township, the relevant Township Department of Agriculture is providing farmer education on access to regionally suitable quality seed, correct cultivation methods, prevention of pest infestations, systematic use of chemical fertilizers, and measures to ensure good yields for green gram growers.

It is also reported that during this year's winter cropping season, in cultivating various pulses, the Department of Agriculture is working in cooperation with farmers to provide quality seed, agricultural inputs, and post-harvest technologies required to ensure good yields and quality of pulse crops. 206

A green gram plantation.

A message seny by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 79th Anniversary of Shan State Day

(7 February 2026)

Esteemed national brethren residing in Shan State, Everybody, Mingalaba!

I extend my greetings with best wishes for all Union-born national people residing in Shan State and the entire nation to enjoy physical and mental well-being with peace and prosperity on the occasion of the 79th Anniversary of Shan State Day, which falls on 7 February 2026, today.

Shan State is the largest area among all regions and states, as a home to the largest number of ethnic nationalities. Shan State, located in the eastern mountain ranges, is situated on more than 60,000 square miles. It is an important state due to sharing borders with other countries.

Historical evidences proof that Shan tribes, namely Shan, Pa-O, Palaung, Danu, Inntha, Taungyoe, Wa, Danaw, Kokang, Lahu, Yinnet, Yinkya, Myaungzee, Akha, etc., have been residing in Shan State for a long time together with other ethnics such as Kachin, Kayah and Lisu.

Shan State is a large and scenic state blessed with a favourable natural climate and home to well-known hill resort towns. In addition, it is rich in Stone Age cultural sites such as Pyadalin Cave, Loiwun Cave, and numerous limestone caves, as well as natural lakes, long-standing urban cultural heritage, and the diverse traditions and customs of ethnic nationalities. With abundant natural resources, Shan State is a well-endowed and well-rounded region in every aspect.

The Republic of the Union of Myanmar is a sovereign nation that, since ancient times, has been home to diverse ethnic groups living together in unity under their own monarchs and governance. With distinct cultures and literary traditions flourishing, the country stood tall with dignity across the world. However, the British colonialists waged three wars of aggression against Myanmar and unjustly occupied the country. As a result, on 1 January 1886, the entire nation of Myanmar fell into colonial subjugation.

In resisting the unjust aggression of the British colonialists and striving to regain independence, the Shan Saophas and the Shan ethnic people stood shoulder to shoulder with other Union-born ethnic groups in a united struggle. The tradition of working hand in hand with unwavering national patriotism, so that the country's sovereignty might remain intact and unbroken, is a source of respect and pride for Shan State and the Shan people.

Throughout the period of the struggle for independence, driven by the strongest and most resolute determination deeply held in the hearts of all ethnic groups that they would continue to fight in every way until genuine independence was fully achieved, the ethnic leaders from Shan State worked energetically and in complete unity, making concerted efforts towards securing Myanmar's independence.

During the period when the "AFPFL" led the struggle in Myanmar and fiercely fought for independence, the Shan people, both elders and youth, in Shan State, also actively participated in the independence movement, fully motivated by their deep love for their ethnic community.

During the period of the Second World War in 1942, fascist Japan occupied and administered the entire country of Myanmar, including Shan State. Although the British colonialists had been driven out, the invading fascist Japanese forces brutally oppressed the nation and its people. As a result, national leaders and all ethnic groups united in active resistance, and on 27 March 1945, they were finally able to completely expel the fascist Japanese from Myanmar's soil.

However, after the end of the Second World War, the British colonialists once again returned and, dividing the hills from the plains, continued to administer the entirety of Shan State under the old feudal system. They retained the local rulers, town chiefs, and tax officers, maintaining a divided administration. Moreover, the British attempted to follow the plan outlined in wartime white papers, aiming to grant Myanmar independence only on the condition that the hill regions would be left aside, allowing them to continue their segregated control.

Thus, due to British oppression, exploitation, and the denial of equality for the hill regions, the unity and determination of all ethnic groups led to a strong demand and active struggle. As a result, in 1947, the British invited the Myanmar delegation, led by General Aung San, to London to discuss the future of Myanmar. During these discussions, General Aung San requested that all hill regions, including Shan State, be granted independence simultaneously when Myanmar was given independence. However, the Executive Council of the Shan State Council objected, stating that General Aung San was not a representative of the Saophas. In response, the leaders of the Shan People's Freedom Organization held a large public assembly in Taunggyi, made decisions, and sent a formal delegation confirming that General Aung San was indeed their representative for the hill peoples and that they fully supported him. Only then was the Aung San-Atlee Agreement signed.

From 3 to 6 February 1947, discussions were held with the participation of Saopha members of the Executive Council and representatives of the Shan people. On 7 February, representatives of the Shan, Kachin, and Chin peoples formed a subcommittee and reached agreements, signing documents to cooperate with the Union in achieving independence. As such, 7 February has been officially celebrated as Shan State Day, honouring the day when the leaders of the Shan, Kachin, and Chin ethnic groups within Shan State were able to make a unified decision to join the Union in gaining independence. This tradition has now continued for 79 years.

Esteemed ethnic people,

The Union of Myanmar was able to reestablish itself confidently on the world stage as a sovereign and independent nation on 4 January 1948, thanks to the unity and strength of its ethnic peoples. However, the legacy of internal armed conflicts that emerged from the British policy of divide-and-rule continues to affect the country to this day. These conflicts, fuelled by ethnic divisions, rigid ideologies, and excessive self-interest, have created narrow political and ethnic perspectives, resulting in ongoing hardships and suffering for both the nation and its people.

Therefore, ethnic unity is not only critically important for achieving peace in ceasing the domestic armed conflicts, but it also serves as a major driving force for a nation's development. Accordingly, ethnic brethren must work to remove suspicions among themselves, engage in dialogue and negotiation, build trust, and strive to achieve durable peace.

The State has been making concentrated efforts within a short period to ensure peace, stability, and development across the entire country. At the same time, it has been allocating billions of kyats to rebuild and restore damage caused by domestic armed conflicts, unrest, violence, and natural disasters. In this regard, following the major Mandalay earthquake on 28 March 2025, over K147 billion has been allocated to rebuild government office buildings, staff housing, religious buildings and pagodas, hospitals, schools, and the homes of residents in Shan State. The relevant departments, led by skilled professionals, are carrying out these reconstruction efforts.

Since our country is built on a union system, ethnic unity is of fundamental importance. The most crucial and necessary step to achieve harmony among ethnic groups is to cultivate a sense of union identity, instilling in every citizen, regardless of where they live, the understanding that they are an ethnic member of the Union.

To ensure the well-being and stability of a nation or an ethnic group, individuals must continuously strengthen their own resilience and enhance their ability to act and perform effectively. It should be noted that if a country or an ethnic group cannot maintain its long-term stability and security through its own strength and unified efforts, the nation's authority will weaken, and it may fall under the control of others. To remain a free and enduring country and avoid subjugation, everyone must act in unity. In times of threat to the nation, Tatmadaw and the people, who bear the primary responsibility for national defence, must work hand in hand, defending and protecting the country with patriotism, courage, and collective strength to ensure its long-term stability. Just as during the period when ethnic groups strove for independence, unity, understanding, and mutual trust must be rebuilt among national brethren. Efforts must be made collectively to restore and demonstrate ethnic unity as quickly as possible.

The government has maintained the State power strictly in accordance with the Constitution to prevent the unlawful seizure of State authority through irregularities in the ruling party's conduct during the 2020 general election. At present, to enable the path towards the democracy desired by the people, a free and fair election has also been conducted. Arrangements are being carried out to systematically transfer State power to the government that emerges in accordance with the Constitution.

Since 2021, due to domestic and overseas provocations and instigations, unrest and violent incidents have occurred across the country. Some ethnic armed groups have taken advantage of these instabilities to recruit and consolidate terrorist organizations, aiming to undermine national stability. Tatmadaw and the government have made great sacrifices of blood, sweat, and effort to protect the country's peace and security. Through dialogue and negotiation with relevant groups, we have been striving to restore the original stable and peaceful situation. Accordingly, ethnic armed organizations and terrorist groups in Shan State are invited to understand the country's legitimate needs, abandon armed conflict and unrest, participate in dialogue for peace, and cooperate in national development. Furthermore, everyone is urged to collectively work to eliminate activities that harm the nation and the people's dignity and impede national development, such as drug production and distribution, telecom fraud and online gambling, and illegal trade, which continue to occur within the state.

Therefore, all ethnic citizens are encouraged to base themselves on patriotism and a sense of union to work together with the government for the benefit of the country and the people, and to participate in the building of a Union founded on democracy and a federal system that is full of fairness, freedom, and equal rights.

In conclusion, on the occasion of "Shan State Day", which has served as a cornerstone for fostering a peaceful and harmonious Union and promoting ethnic unity, I send this message encouraging all ethnic parents and brethren residing in Shan State to work hand in hand with the government, Tatmadaw, and the ethnic people to build a peaceful, modern, and developed nation.

Senior General Thadoe Maha Thray Sithu
Thadoe Thiri Thudhamma Min Aung Hlaing
Acting President, the Republic of the Union of Myanmar
Chairman, the State Security and Peace Commission

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ ရှေ့ဖုံးမှအဆက်

ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကော်မရှင်အဖွဲ့ဝင်များ၊ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊တံတားတည်ဆောက်ရာတွင်ပါဝင်ခဲ့သည့် ကုမ္ပဏီများနှင့် ကိုရီယားနိုင်ငံ၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အခမ်းအနားပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ခြင်း Documentary Movie ကို ဖွင့်လှစ်တင်ပြသည်။ ထို့နောက် တံတားတည်ဆောက်ခြင်းဆိုင်ရာစာရွက်စာတမ်းများကို ကိုရီးယားနိုင်ငံ တံတားတည်ဆောက်ရေးတာဝန်ခံအဖွဲ့ Soosung ကုမ္ပဏီမှ ကိုယ်စားလှယ်တစ်ဦးက ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုထံသို့ လွှဲပြောင်းပေးအပ်သည်။

ဂင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားဖွင့်လှစ်ခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် မြစ်တစ်ဖက်ကမ်းတွင်ရှိသည့် ဒလမြို့ကိုဆက်သွယ်ထားသည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားကို အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်နိုင်သည့်နေ့ဖြစ်သဖြင့် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့်နေ့ဖြစ်ကြောင်း၊ ယခုတံတားကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်ပြီး နှစ်ပေါင်းရာချီမြို့သက်တမ်းရှိခဲ့သည့် ရန်ကုန်မြို့၏ မြို့လယ်ဧရိယာကို မြစ်တစ်ဖက်ကမ်း ဒလမြို့နယ်နှင့်ပါ ပေါင်းစပ်ပေးနိုင်ခဲ့ပြီဖြစ်သဖြင့် မှတ်တမ်းတင်ရမည့်နေ့တစ်နေ့ဖြစ်သည်ကို ပဏာမအနေဖြင့် ပြောကြားလိုကြောင်း။

ယခုတည်ဆောက်ပြီးစီးခဲ့သည့် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားသည် အရှည် ၆၁၂၇ ပေရှိပြီး လေးလမ်းသွားတံတားသစ်ကြီးဖြစ်ကြောင်း၊ အခြားတံတားဒီဇိုင်းများနှင့်မတူဘဲ ရန်ကုန်မြို့၏အထင်ကရ အမှတ်အသား(Landmark) ဖြစ်အောင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးခဲ့သည့် တံတားများထဲတွင် ပင်လယ်ကူးသင်္ဘောများဝင်ထွက်သွားလာနိုင်သည့် ရေလမ်းကင်းလွတ်အမြင့်ဆုံး သံမဏိကြိုးဆိုင်းတံတား(Cable Stayed Bridge)အဖြစ် ခိုင်ခံ့လှပထည်ဝါစွာတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဒေသခံများနှင့် ထပ်တူထပ်မျှ ဝမ်းသာကြည်နူးရသည်ကိုလည်း ပြောကြားလိုကြောင်း။

ယခုတံတားကြီးကို တည်ဆောက်နိုင်ရန် ၂၀၁၂ ခုနှစ်တွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ဆွေးနွေးညှိနှိုင်းမှုများ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ(Economic Development Cooperation Fund–EDCF) ချေးငွေမှ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃၃ သန်းနှင့် နိုင်ငံတော်အစိုးရမှထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄၁ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၁၇၄ သန်းဖြင့် ၂၀၁၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး တံတားကြီးအပြီးသတ်ဆောင်ရွက်နိုင်ရန် မြန်မာကျပ်ငွေကျပ် ၂၃ ဒသမ ၀၆၂ ဘီလီယံကိုလည်း နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ထပ်မံဖြည့်စွက်ပြီး ပံ့ပိုးဆောင်ရွက်ပေးခဲ့သဖြင့် ယခုကဲ့သို့အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း။

ယခုအခါတွင် နိုင်ငံတော်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံဖြစ်သည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ပါဝင်သော လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်းမှ လမ်း၊ တံတားများ ကောင်းမွန်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လုံခြုံချောမွေ့မှသာ တိုင်းရင်းသားပြည်သူများ အပြန်အလှန် ကူးလူးဆက်သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် လိုအပ်ချက်များထဲမှ လမ်းပန်းဆက်သွယ်ရေး လွယ်ကူလျင်မြန်ခြင်းသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာရေးအတွက် ဦးစားပေးဆောင်ရွက်နိုင်စေရန် ပထဝီနှင့် သဘာဝအတားအဆီးဖြစ်သည့် မြစ်၊ ချောင်းနေရာများတွင် တံတားများတည်ဆောက်ပေးခြင်း၊ လမ်းများကို ရာသီမရွေးသွားလာနိုင်အောင် ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး မြို့ပြဒေသများ သာမက ဝေးလံခေါင်းပါးသည့် ဒေသများပါ မကျန် အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာငွေများ သုံးစွဲရာတွင် လေလွင့်မှုမရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အရည်အသွေးကောင်းမွန်ရေး၊ ဒေသအတွက် အကျိုးဖြစ်ထွန်းမှု ရှိမရှိ ထောက်ပြဝေဖန်ပေးနိုင်ကြရန်နှင့် တည့်မတ်ပေးရန် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရပါရန်လိုကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို အသုံးပြုဆောင်ရွက်သည့် စီမံကိန်းများသည် ဒေသအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများဖြစ်ရန်လည်း လိုအပ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမြို့တော်ကြီးတစ်မြို့ဖြစ်ပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လူဦးရေတိုးပွားလာမှုတို့ကြောင့် တစ်နေ့တာသွားလာသည့် ယာဉ်စီးရေသည်လည်း သိသိသာသာတိုးမြင့်လာခဲ့ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီအောင် ယာဉ်ကြောသွားလာမှုစနစ်တကျဖြစ်စေရေးအခြေခံအဆောက်အအုံ(Infrastructure)များဖြစ်သည့် မြို့တွင်းလမ်းများတိုးချဲ့ခြင်း၊ ခုံးကျော်တံတားများ တည်ဆောက်ခြင်းနှင့် လိုအပ်သည့်နေရာများတွင် ယခုကဲ့သို့ လေးလမ်းသွားမြစ်ကူးတံတားကြီးများ တည်ဆောက်ပေးခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုလျော့ချနိုင်ပြီး ခရီးသည်နှင့်ကုန်စည်စီးဆင်းမှုမြန်ဆန်လာသည့်အတွက် ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများမှာ ပိုမိုဖွံ့ဖြိုး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားဖွင့်လှစ်ခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဂါရဝပြုပေးအပ်စဉ်။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့တို့ကို လွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်သကဲ့သို့ ထိုမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့များသို့လည်း လွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ် . . .

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့တို့ကို လွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်သကဲ့သို့ ထိုမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့များသို့လည်း လွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်ကြောင်း၊ ဒလမြို့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို ဆက်သွယ်ထားသည့် ဝင်ပေါက်မြို့တစ်မြို့ဖြစ်လာပြီး ဒေသအတွင်းက ထုတ်ကုန်များကို ကုန်းလမ်းမှ အချိန်တိုအတွင်းသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေးဒရဲတံတားမှတစ်ဆင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေဒေသများ အပါအဝင် ဧရာဝတီတိုင်းဒေသကြီးရှိမြို့များကိုလည်း လွယ်ကူလျင်မြန်စွာဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့လယ်ဧရိယာနှင့် ကုန်းလမ်းဆက်သွယ်ရေးတိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် ဒလမြို့အပါအဝင် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့များလည်း မြို့ပြအသွင်ဆောင်ပြီး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားကမ္ဘည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားကမ္ဘည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားများ ပေါ်ထွန်းလာစေရန် မျှော်မှန်းချက်၊ ရည်မှန်းချက်များ ထားရှိပြီး မပြတ်သောသတိ၊ မလျော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏အနာဂတ်ဝြိမ်းချမ်းသာယာစေရန်၊နိုင်ငံသူ၊နိုင်ငံသားများ၏ဘဝချမ်းမြေ့ပျော်ရွှင်စေရန်၊ နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သည့်ရည်မှန်းချက်ဦးတည်ချက်များကို ကြိုးပမ်းပုံဖော်လျက်ရှိကြောင်း၊ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုများကလည်း နိုင်ငံတော်အစိုးရ၏ ဝြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ဖွဲ့ဖြိုးတိုးတက်စေရေးစသည့်လုပ်ငန်းစဉ်များအပေါ် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားကြီးကို ပြည်သူများအနေဖြင့် အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်နှင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပိုင်းဝန်းစောင့်ရှောက်ပေးကြရန်မှာကြားလိုကြောင်း၊ တံတားကြီးကိုအောင်မြင်စွာဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံအစိုးရနှင့် တံတားတည်ဆောက်ခြင်းဆိုင်ရာ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကာယဉာဏဝန်ထမ်းများ၊ ပံ့ပိုးကူညီပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများကို နိုင်ငံတော်အစိုးရက ကျေးဇူးအထူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တံတားတည်ဆောက်ရေးတွင် ပါဝင်ခဲ့ကြသည့် တည်ဆောက်ရေး အင်ဂျင်နီယာအဖွဲ့များကို အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်နေရာသို့ ရောက်ရှိကြပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော၊ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ၦင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားကမ္ဘည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။ ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်၊ ကော်မရှင်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကမ္ဘည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ၦင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကမ္ဘည်းမော်ကွန်းကြေးပြား ထားရှိသည့် Pylon-2 သို့ရောက်ရှိကြပြီး ကမ္ဘည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားပေါ်ခြေဖြတ်သန်းကြည့်ရှု၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလူငယ်မောင်မယ်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားကို တွေ့ရစဉ်။

ယင်းနောက် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားပတ်ဝန်းကျင်ကမ်းနားတစ်လျှောက် သာယာလှပရေးအဆိုပြုပုံစံကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒလမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားကို ၂၀၁၂ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးစဉ်သွားရောက်ချိန်အတွင်း နှစ်နိုင်ငံ ချစ်ကြည်ရေး တံတားစီမံကိန်းတစ်ခုကို ဆောင်ရွက်ရန် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး ဆွေးနွေးခဲ့ကြကြောင်း၊ ၂၀၁၃ ခုနှစ် ဇွန် ၁၉ ရက်တွင် နှစ်နိုင်ငံတာဝန်ရှိသူများတွေ့ဆုံပြီး ကိုရီးယားသမ္မတနိုင်ငံ၏ Economic Development Cooperation Fund(EDCF) ချေးငွေဖြင့် ရန်ကုန်မြစ်ပေါ်တွင် မြစ်ကူးတံတားကြီးတစ်စင်း တည်ဆောက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးအတည်ပြုခဲ့ကြကြောင်း၊တံတားစီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီဖြင့် ၂၀၁၃ ခုနှစ် ဧပြီလအတွင်း စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားပုံစံထုတ်လုပ်ရာတွင်အသုံးပြုသည့် စံချိန်စံညွှန်းများသည် မြန်မာနိုင်ငံ၏ လမ်းများနှင့် ယာဉ်သွားလာမှုအခြေအနေများ၊ ဘူမိဗေဒနှင့် မြေခံနိုင်ရည်ရန်ကုန်မြို့မှ ဒလမြို့သို့ သောက်သုံးရေပေးဝေနိုင်ရေး တစ်ပေ၊ ခြောက်လက်မ အချင်းရှိ ရေပိုက်များကိုလည်း တပ်ဆင်ဆောင်ရွက်ထားကြောင်း။

တံတားတည်ဆောက်ရေးကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့ခြင်းနှင့်နှောင့်နှေးတွေ့ကြုံခဲ့ရသည့် အခက်အခဲများကို နိုင်ငံတော်အစိုးရအနေဖြင့် တံတားတည်ဆောက်ရေးလုပ်ငန်းများပြီးစီးနိုင်ရန်အတွက် နိုင်ငံတော်ဘဏ္ဍာငွေများကို ဖြည့်တင်းပေးနိုင်ခဲ့ခြင်းကြောင့် လုပ်ငန်းပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ ယခု မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ပြီးစီးသွားပြီဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့မှနေ၍ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့တို့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့များကိုလွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်ကြောင်း၊ ဒလမြို့သည်လည်း ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးကို ဆက်သွယ်ထားသည့် ဝင်ပေါက်မြို့တစ်မြို့ဖြစ်လာပြီး ဘက်စုံစွမ်းအား၊ လူမှုရေး၊ စီးပွားရေးစသည်များနှင့် သဟဇာတဖြစ်စေရန် ပေါင်းစပ်ရွေးချယ်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားစီမံကိန်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် မေ ၂၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ပင်မတံတား၏ လျှောစောက်(Gradient) ၅ ဒသမ ၉၅ ရာခိုင်နှုန်းရှိပြီး အရှည်မှာ ၆၁၂၇ ပေ၊ တံတားအကျယ် စုစုပေါင်း ၇၉ ပေရှိပြီး ၁၁ ပေ ၆ လက်မအကျယ် ယာဉ်သွားလမ်း လေးလမ်းနှင့် ခြောက်ပေ၊ ခြောက်လက်မအကျယ် လူသွားလမ်းနှစ်ဖက်ပါရှိပြီး တံတားခွင့်ပြုတန်ချိန်မှာ ယာဉ်တစ်စီးချင်းအလိုက် ၇၅ တန်ဖြစ်ကြောင်း၊ တံတားဘေးတစ်ဖက်စီတွင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒလမြို့ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ တစ်ဆက်တစ်စပ်တည်း တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့တို့သည်လည်း မြို့ပြအသွင်ဆောင်ပြီး တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုတံတားကြီးကို တည်ဆောက်ဖွင့်လှစ်ခြင်းအားဖြင့် ဒေသတွင်းရှိ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးစသည့် ကဏ္ဍပေါင်းစုံကို ဖွံ့ဖြိုးတိုးတက်လာစေပြီး ရန်ကုန်မြို့တော်၏ အထင်ကရပြယုဂ်(Landmark) တံတားတစ်စင်းအဖြစ် မြင်တွေ့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဒုတိယပါမောက္ခချုပ်များကို တွေ့ဆုံအမှာစကားပြောကြား

မြန်မာနိုင်ငံ၏အနာဂတ်ကောင်းမွန်စေရန်အတွက် ပညာရေးကဏ္ဍကို မဖြစ်မနေပြောင်းလဲဖော်ဆောင်သွားရမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဒုတိယပါမောက္ခချုပ်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာနှင့် ဆေးနှင့် နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

နိုင်ငံတော်၏ပညာရေးကဏ္ဍမြှင့်တင်ရေး

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရန်အတွက် ယခုကဲ့သို့ တွေ့ဆုံအမှာစကား ပြောကြားခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံလူဦးရေ၏ စာတတ်မြောက်သူမှာ ၉၁ ဒသမ ၁ ရာခိုင်နှုန်းကျော်ရှိသော်လည်း အခြေခံပညာမူလတန်းအဆင့် တတ်မြောက်အောင်မြင်သူများ ပြားပြီး အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်တတ်မြောက်သူနည်းပါကြောင်း၊ ၎င်းမှာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှတွေ့ရှိချက်ဖြစ်ပြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်းစာရင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတို့နှင့်ပါ နှိုင်းယှဉ်လေ့လာကြည့်ပါက မိမိတို့နိုင်ငံ၌ ပညာရေးမြှင့်တင်ရန် လိုအပ်ချက်ကြီးမားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးရန် လိုအပ်သည်ကို တွေ့ရကြောင်း။

အခြေခံပညာအဆင့်ပညာရည်မြှင့်တင်ရေး

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးမရရှိမီအချိန်ကာလအတွင်း ကိုလိုနီလက်အောက်ပညာရေးနှင့် ကမ္ဘာ့စစ်ဒဏ်ကို ခံစားခဲ့ရသဖြင့် ပညာသင်ကြားမှုများ ထိခိုက်ခဲ့ပြီး ပညာရေးအားနည်းခဲ့ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးရပြီးချိန် နောက်ပိုင်းတွင် ပညာမတတ်သူပပျောက်ရေးအတွက် “အ”သုံးလုံးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ ကျောင်းပညာသင်ကြားရေးနှင့်ပတ်သက်၍ အဆိုပါအချိန်ကတည်းက အားနည်းချက်များရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားသည့် ကျောင်းပညာသင်ကြားမှုများနည်းပါးသည့်အတွက် ပညာတတ်များနည်းပါးခဲ့ကြောင်း၊ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတွင် ပညာရေးအားနည်းချက်များကြောင့် တည်ငြိမ်အေးချမ်းမှုများ ထိခိုက်ခဲ့ရသည်များရှိကြောင်း။

“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း အတန်းပညာတက်ရောက်သူများသည် အတန်းပညာသင်ကြားခဲ့ရမှု မရှိကြသူများထက် စည်းကမ်းနှင့် အလေ့အကျင့်များ ပိုမိုကောင်းမွန်ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများအောက်တွင် ကြီးပြင်းလာကြသူများဖြစ်သဖြင့် ယဉ်ကျေးလိမ္မာမှုနှင့် စည်းကမ်းလိုက်နာကြမှု ရှိကြခြင်းဖြစ်ကြောင်း၊ ပညာရေးအားနည်းမှုသည် နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် များစွာအကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးဆိုင်ရာ ပဋ္ဌိပက္ခဖြစ်ပွားမှုများသည် ပညာရေးဆိုင်ရာအားနည်းမှုများကြောင့်ဖြစ်သည်ဟုလည်း သုံးသပ်နိုင်ကြောင်း၊ အတန်းပညာ၊ အသိပညာများ အားနည်းမှုကြောင့် အခြားသူများ၏ သွေးထိုးလှုံ့ဆော်မှုများကို စဉ်းစားတွေးခေါ်ဆင်ခြင်မှုများမရှိတော့ဘဲ လုပ်ဆောင်ကြခြင်းကြောင့် နိုင်ငံတည်ငြိမ်ရေးကို ပျက်ပြားစေခဲ့ခြင်းဖြစ်ကြောင်း။

ပညာရေးမြှင့်တင်၍ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်နေစိတ်ထား(Mind Set)ကို မြင့်မားလာအောင် ဆောင်ရွက်ရန်လို

ကြောင်း၊ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာအဆင့်၌ အပိုင်း နှစ်ပိုင်းရှိပြီး အပိုင်းတစ်အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ပြီး အပိုင်းနှစ်အနေဖြင့် ကျောင်းတက်ရောက်နေသည့် ကလေးတိုင်းကို အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးရေးပင်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ အချို့ကျောင်းများမှာ စံကိုက်ဖြစ်သော်လည်း အချို့ကျောင်းများမှာ ကျောင်းအင်္ဂါရပ်များနှင့်ပြည့်စုံမှုမရှိသည်ကို တွေ့ရကြောင်း၊ အဆင့်မြင့်ပညာဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်များတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ကျောင်းများကို စံကိုက်ကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးမှသာ ကျောင်းသား၊ကျောင်းသူများ စိတ်ပါဝင်စားစွာဖြင့် ကျောင်းတက်ရောက်ပြီး ပညာသင်ကြားလိုစိတ်များ ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ ဆရာ၊ ဆရာမများကိုလည်း ယခုထက်အရည်အသွေးမြင့်မားသည့် သင်ကြားမှုများ ဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

သင်ကြားရေးပိုင်းဆိုင်ရာ နည်းစနစ်များ(Teaching Method)ကိုလည်း ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်ပေးရမည်၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်ရောက်လိုသည့် စိတ်များရှိအောင် ဆွဲဆောင်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းနှင့် ပတ်သက်၍လည်း တိုးတက်ကောင်းမွန်လာစေရေး အမြဲသုတေသနပြု ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အခြေခံပညာမူလတန်းမှစ၍ အခြေခံပညာအထက်တန်း ပြီးဆုံးသည်ထိ ပညာသင်ကြားမှုများကို စနစ်တကျဖြင့် သင်ကြားပေးရန်နှင့် စည်းကမ်းပိုင်းဆိုင်ရာများ လိုက်နာမှုရှိစေရေးအတွက် လည်း သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရန်အတွက် ဆရာ၊ ဆရာမများ၏ အရည်အသွေးမြင့်မားရေးကို ဆောင်ရွက်ပေးရန် လိုအပ်သည်ကိုလည်း တွေ့ရှိရကြောင်း။

အခြေခံပညာ စာသင်ကျောင်းများ အားလုံး အဆင့်မြှင့်တင်နိုင်ရေးအတွက် အချိန်ယူ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၁၉ သို့

အခြေခံပညာကျောင်းများ ဥပဓိရုပ်များ ကောင်းမွန်ရေးနှင့် ပညာသင်ကြားမှုများ အဆင်ပြေစေရေးအတွက် မိမိတို့အစိုးရတာဝန်ယူချိန်တွင် တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ၊ နိုင်ငံ၏ အနာဂတ်ကောင်းမွန်ရန်အတွက် ပညာရေးကို အခြေခံမှစ၍ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုများနှင့် အားပေးမှုများကို မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ် . . .

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူများရရှိလာမည်ဖြစ်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာခြင်းဖြင့် နိုင်ငံတော်၏ GDP များတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်လာမည်ဖြစ် . . .

စာမျက်နှာ ၁၈ မှအဆက်

အချို့တိုင်းရင်းသား ဒေသများတွင် ဘာသာစကားအခက်အခဲများနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ရောက်ကြရသူများ ရှိသဖြင့် ကျောင်းနေ ရာခိုင်နှုန်းများ နည်းပါးကြကြောင်း၊ ထို့ကြောင့် ပညာရေးလိုအပ်ချက်ရှိသည့် တိုင်းရင်းသားဒေသများအတွက် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားဒေသများ၏ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက်ကျောင်းသားများကို သင်ကြားမှုများ အထောက်အကူဖြစ်စေနိုင်သည့် ဆရာ၊ ဆရာမများဖြင့် သင်ကြားပေးနိုင်ရန်လိုကြောင်း၊ ကလေးငယ်များ ပညာသင်ကြားလိုစိတ်ရှိရန်နှင့် ကျောင်းနေပျော်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မူကြိုကျောင်းတက်သည့် ကလေးတိုင်းသည် မူလတန်းသို့ တက်ရောက်ကြသော်လည်း မူလတန်းတက်ရောက်သည့် ကလေးတိုင်းသည် မူကြိုကျောင်းတက်ရောက်ခဲ့ရမှုမရှိကြောင်း၊ ထို့ကြောင့် ကလေးငယ်များ ကျောင်းပျော်စေရေး Teaching Method များနှင့် ပတ်ဝန်းကျင်ကောင်းများကို ဖော်ဆောင်သွားရန်လိုကြောင်း၊ KG နှင့် KG+1 သင်ကြားပေးသည့် ဆရာ၊ ဆရာမများအနေဖြင့် ကလေးငယ်များ ကျောင်းပျော်စေရေး ဂရုတစိုက်ဖြင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထို့ကြောင့်လည်း ပညာရေးဝန်ကြီးဌာနက ယခုနှစ်မှစ၍ ရက်တိုသင်တန်းပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် အစိုးရကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများရှိကြောင်း၊ ပြည်သူ အများစုမှာ အစိုးရကျောင်းများတွင် တက်ရောက်ကြခြင်းဖြစ်ကြောင်း၊ အစိုးရ အခြေခံပညာကျောင်းများတွင် တက်ရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘပြည်သူများအနေဖြင့် ၎င်းတို့၏ သားသမီးများကို ပုဂ္ဂလိကကျောင်းတွင် ထားနိုင်သည့်သူများမဟုတ်ဘဲ နိုင်ငံတော်က ဖွင့်လှစ်သည့် အခြေခံပညာကျောင်းများကို အဓိကအားကိုးရခြင်းဖြစ်ပြီး အများစုမှာ အစိုးရအခြေခံပညာကျောင်းများတွင် တက်ရောက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအခြေခံကျောင်းများ၏ ပညာရေးကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် **အခြေခံပညာကျောင်းများ ဥပဓိရုပ်များ ကောင်းမွန်ရေးနှင့် ပညာသင်ကြားမှုများ အဆင်ပြေစေရေးအတွက် မိမိတို့အစိုးရတာဝန်ယူချိန်တွင် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ အနာဂတ် ကောင်းမွန်ရန်အတွက် ပညာရေးကို အခြေခံမှစ၍ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုများနှင့် အားပေးမှုများကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း။

ဆရာ၊ ဆရာမများ ခန့်ထားမှုနှင့် ပတ်သက်၍ မည်သို့သောခန့်ထားမှုစနစ်မှ လာသည်ဖြစ်စေ အားလုံးတူညီသည့် အရည်အသွေးများရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများ၏ ခံစားခွင့်များကို ရာထူးအဆင့်အလိုက် ထောက်ပံ့ပေးအပ်မှုများကို စီမံဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း၊ ဆရာ၊ ဆရာမများ၏ နေထိုင်စားသောက်မှုများ အဆင်ပြေစေရေးအတွက်လည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးဝန်ထမ်းများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများအားလုံး အတွက် ထောက်ပံ့ကြေးများ တိုးမြှင့် ဆောင်ရွက်ပေးထားကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းနှင့် လုပ်ငန်းခွင်တွင် စိတ်ချမ်းသာစွာ နေထိုင်နိုင်မှသာ စာပေသင်ကြားမှုများကို စိတ်ပါဝင်စားပြီး ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကလေးငယ်များ အတတ်ပညာများရရှိစေရေး နိုင်ငံတော်အပိုင်းက တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်အတွက် ပညာရေးသစ်ပင်များကို ပြုစုစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ သို့မှသာ ငယ်စဉ်ကတည်းက ပညာရေးအခြေခံ ကောင်းခဲ့သည့် ကလေးငယ်များသည် မြင့်မားသည့် အတန်းပညာများကို သင်ယူနိုင်မည်ဖြစ်ကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတိုးတက်ရေး

အဆင့်မြင့်ပညာနှင့် ပတ်သက်၍ တက္ကသိုလ်နှင့် သိပ္ပံကျောင်းများတွင် ဒီပလိုမာနှင့် ဘွဲ့ကြို၊ ဘွဲ့လွန်အဆင့်များ ရှိကြောင်း၊ တက္ကသိုလ်ဝင်တန်းပြီးဆုံးပြီး ဖြေဆိုအောင်မြင်မှုမရှိသူများစွာရှိကြောင်း၊ အဆိုပါ ကျောင်းသား၊ ကျောင်းသူများကို အသက်မွေးဝမ်းကျောင်းပညာ ဒီပလိုမာ ပညာများ ဆက်လက်သင်ယူနိုင်ရေး ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများကိုလည်း အရည်အချင်းရှိသည့်သူများဖြစ်အောင် ဆက်လက်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အဝေးသင်တက္ကသိုလ်များနှင့်ပတ်သက်၍လည်း ပညာသင်ကြားမှုများ စနစ်တကျဖြစ်စေရေးနှင့် တက်မြောက်မှုမြင့်မားစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တက္ကသိုလ်ပညာရေးကို ယခုထက် ပိုမိုကောင်းမွန်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကြိုးစားအားထုတ်မှုများဖြင့် အဆင့်မြင့်ပညာများတတ်မြောက်အောင် သင်ကြားပေးသွားကြရန်လိုကြောင်း။

တက္ကသိုလ်များသည် အဆင့်မြင့်အသိပညာ၊အတတ်ပညာများကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ မတူညီသည့် ပညာနယ်ပယ် လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းဆက်ဆံမှုများကိုလည်း တက္ကသိုလ်တက်ရောက်ချိန်တွင် ရရှိခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်အသိုင်းအဝိုင်းတွင်ဆက်ဆံရမှုများသည် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းကို ကောင်းမွန်သည့်အတွေ့အကြုံများ ရရှိစေကာ ကောင်းမွန်သောအတွေးအခေါ်အတွေ့အကြုံများကို ရရှိစေကြောင်း၊ ထို့ကြောင့် အဆိုပါလူမှုအသိုင်းအဝိုင်းသည် ကောင်းမွန်နေမှသာ နိုင်ငံ၏ ကောင်းကျိုးကို ဆောင်ရွက်နိုင်သူများ မွေးထုတ်နိုင်မည်ဖြစ်ကြောင်း။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ပညာသင်ကြားရသည့် ပတ်ဝန်းကျင်အလိုက် လူမှုအတွေ့အကြုံများ တူညီမှုမရှိကြကြောင်း၊ အဆိုပါအတွေ့အကြုံများအလိုက် တစ်ဦးချင်း၏ လူမှုအသိုင်းအဝိုင်းများ ကွာခြားသွားကြကြောင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း အကျင့်ကောင်းများကိုရရှိမှသာ နိုင်ငံ့အကျိုးကိုဆောင်ရွက်နိုင်သည့် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါများကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၏ သွင်ပြင်လက္ခဏာများ ကောင်းမွန်စေရေး တတ်နိုင်သမျှဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားဆောင်ရွက်နိုင်သည့် နေရာများနှင့် ပတ်ဝန်းကျင်ကောင်းများ ရရှိအောင်နှင့် သန့်ရှင်းသာယာရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းမှအစ လိုအပ်သည့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တက္ကသိုလ်များတွင် ပတ်ဝန်းကျင်ကောင်းများ ဖြစ်စေရန် တာဝန်ရှိသူများအနေဖြင့် ဖိဖိစီးစီး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏လူမှုအသိုက်အဝန်းကို ပြုပြင်ပြောင်းလဲမှုများ တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ကြောင်း။

တက္ကသိုလ်ပညာရေးသည် သင်ကြားခြင်းထက် လေ့လာမှု(Study)နှင့် ဆွေးနွေးမှု(Discussion)ကို ပိုမိုအလေးထားသည့် စနစ်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာနှင့် ပတ်သက်၍ အမှန်တကယ်တတ်မြောက်နားလည်အောင် သင်ကြားပေးသွားရန်လိုကြောင်း၊ ထို့ကြောင့် အဆင့်မြင့်ပညာ တက္ကသိုလ်များ၌ လေ့လာခြင်းနှင့် ဆရာ၊ ဆရာမများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ အမှန်တကယ် ပညာတတ်မြောက်သူများ ဖြစ်စေရေး နည်းလမ်းပေါင်းစုံဖြင့် Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်တွင် တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဖန်တီးဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပညာရည်မြှင့်တင်ခြင်းမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ အတွက်လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူများရရှိလာမည်ဖြစ်ကြောင်း၊ **ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာခြင်းဖြင့် နိုင်ငံတော်၏ GDP များတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်လာမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသ၏ စားရေးကိုအထောက်အကူပြုစေမည့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန် မိမိအနေဖြင့် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွက် စီးပွားရေးပညာရှင်များလည်း လိုအပ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၌ စီးပွားရေးပညာရပ်နှင့်ပတ်သက်၍ အခြေခံပညာရပ်များကို သင်ကြားပေးရန်လိုအပ်သဖြင့် မိမိတို့အစိုးရလက်ထက်တွင် တက္ကသိုလ်၊ ကောလိပ်များ၌ BA(Eco)ဘွဲ့များပေးအပ်နိုင်ရေးနှင့် စီးပွားရေးအခြေခံများသင်ကြားနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ဒီမိုကရေစီနိုင်ငံတွင် ဥပဒေနှင့် ပတ်သက်၍ မဖြစ်မနေသိရှိနားလည်ရန်လိုအပ်သဖြင့် ဥပဒေရေးဆိုင်ရာ အခြေခံဘာသာရပ်များကို သင်ကြားပေးပြီး BA(Law) ဘွဲ့များပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် စားသုံးဆီနှင့် စက်သုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ အမြောက်အမြား သုံးစွဲနေရကြောင်း၊ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင်လည်း နိုင်ငံတော်၏ဘဏ္ဍာငွေအမြောက်အမြားသုံးစွဲခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး နိုင်ငံစီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် မိမိတို့ခြေထောက်ပေါ်တွင် ရပ်တည်နိုင်ရေး မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP တိုးတက်လာစေရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားပို့ကုန်များ ပိုမိုရရှိလာမည်ဖြစ်ပြီး နိုင်ငံ၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အမှန်တကယ်လုပ်ချင်ကိုင်ချင်သည့်စိတ်ဖြင့် လူသားအရင်းအမြစ်များကို အသုံးပြုပြီး နိုင်ငံစီးပွားတိုးတက်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် အဆင့်မြင့်တာဝန်များကို ယူထားကြရသည့် ဆရာ၊ ဆရာမကြီးများအနေဖြင့်လည်း နိုင်ငံကောင်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ကောင်းမွန်စေရန်အတွက် ပညာရေးကဏ္ဍကို မဖြစ်မနေပြောင်းလဲဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့သက်ဆိုင်ရာပတ်ဝန်းကျင်အလိုက် တာဝန်ထမ်းဆောင်မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားကြစေ လိုကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ မြင့်မားလာစေရေး အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ သင်ကြားပေးလိုက်သည့် ကျောင်းသား၊ ကျောင်းသူများအားလုံး အသိပညာနှင့် အတတ်ပညာပြည့်ဝသည့် လူသားအရင်းအမြစ်များအောင် မွေးထုတ်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမဆောင်သို့ ရောက်ရှိ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခန်းမဆောင် အဆင့်မြှင့်တင်ပြင်ဆင်နိုင်ရေးကိစ္စရပ်များကို တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ရှေ့ဖုံးမှအဆက်

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စု အများဆုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ ရှမ်းပြည်နယ်သည် မိမိတို့နိုင်ငံ၏ အရှေ့ဘက်တောင်တန်းဒေသများဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ခြောက်သောင်းကျော်ကျယ်ဝန်းကာ တစ်ဖက်နိုင်ငံများနှင့်လည်း ဆက်စပ်နေသဖြင့် နိုင်ငံအတွက် အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနု၊ အင်းသား၊ တောင်ရိုး၊ "ဝ"၊ ဓနေ့၊ ကိုးကန့်၊ လားဟူ၊ ယင်းနက်၊ ယင်းကြား၊ မြောင်ဇီး၊ အာခါ စသည့် ရှမ်းမျိုးနွယ်စုများနှင့်အတူ ကချင်၊ ကယား၊ လီဆူ စသည့် တိုင်းရင်းသားများသည်လည်း ကာလကြာရှည်စွာ အတူယှဉ်တွဲစုပေါင်း နေထိုင်လာခဲ့ကြသည်မှာ သမိုင်းအထောက်အထားများက သက်သေခံလျက်ရှိပေသည်။

ရှမ်းပြည်နယ်သည် သဘာဝရာသီဥတု သင့်တင့်ကောင်းမွန်ပြီး ခရီးသွားတောင်ပေါ် အပန်းဖြေမြို့များ တည်ရှိလျက်ရှိသော သာယာလှပသည့် ပြည်နယ်ကြီးတစ်ခုဖြစ်ပါသည်။ ထို့ပြင် ကျောက်ခေတ်ယဉ်ကျေးမှုများဖြစ်သည့် ပြဒါးလင်းဂူ၊ လွယ်ဝန်းဂူနှင့် ထုံးကျောက်ဂူများ အများအပြားနှင့် သဘာဝအင်းအိုင်များ၊ သမိုင်းရှည်ကြာသော မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့် အမွေအနှစ်များနှင့်အတူ တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ စုံလင်စွာနှင့် သဘာဝသယံဇာတများ ပေါကြွယ်ဝလျက် အဘက်ဘက်က သာယာပြည့်စုံသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြင့်နန်းဖြင့် တိုင်းရင်းသားများ အတူတကွလက်တွဲနေထိုင်ခဲ့ကြပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားခဲ့ကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာဖြင့် ရပ်တည်လာခဲ့သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်ပါသည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲ၍ မတရားတိုက်ခိုက်သိမ်းယူခဲ့ခြင်းကြောင့် ၁၈၈၆ ခုနှစ် ဧနှစ်ဝါရီ ၁ ရက်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝကျရောက်ခဲ့ရပါသည်။

နယ်ချဲ့ဗြိတိသျှတို့၏ မတရားကျူးကျော်တိုက်ခိုက်မှုနှင့် လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ကြရာတွင် ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ ရွှေ့ပ်ရွှေ့ပ်ချိုချိုပူးပေါင်းတွန်းလှန်ခဲ့ကြပါသည်။ နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဥမကွဲသိုက်မပျက်၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လက်တွဲခဲ့ကြသည့် အစဉ်အလာသည် ရှမ်းပြည်နယ်နှင့် ရှမ်းတိုင်းရင်းသားတို့အတွက် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက် စစ်မှန်သောလွတ်လပ်ရေး လုံးဝမရရှိမချင်း တိုက်ပွဲပေါင်းစုံဆင်နွှဲနေကြမည်ဟူသော တိုင်းရင်းသားအားလုံး၏ ရင်တွင်းတွင် ကိန်းအောင်းနေသည့် အပြင်းထန်ဆုံးနှင့် အခိုင်မာဆုံးသော သန္ဓိဋ္ဌာန်ကြီးအတွက် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ကြိုးပမ်းကြရာတွင် ရှမ်းပြည်နယ်မှ တိုင်းရင်းသားခေါင်းဆောင်များသည် တညီတညွတ်တည်း စည်းလုံးညီညွတ်စွာ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာပြည်မ၌ "ဖဆပလ" အဖွဲ့ချုပ်ကြီး ဦးဆောင်၍ လွတ်လပ်ရေးအတွက် အပြင်းအထန်ကြိုးပမ်းတိုက်ပွဲဝင်ချိန်တွင် ရှမ်းပြည်နယ်၌ ရှမ်းတိုင်းရင်းသား မျိုးချစ်လူကြီးလူငယ်များကလည်း မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲများတွင် ပါဝင်လှုပ်ရှားခဲ့ကြပါသည်။

၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသည့် အချိန်ကာလတွင် ဖက်ဆစ်ဂျပန်တို့က ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးကို သိမ်းပိုက်အုပ်ချုပ်ခဲ့ကြပြန်ပါသည်။ နယ်ချဲ့ဗြိတိသျှကို မောင်းထုတ်နိုင်ခဲ့သော်လည်း နောက်ရောက်လာသည့် ဖက်ဆစ်ဂျပန်တို့သည် တိုင်းပြည်နှင့်လူမျိုးအပေါ် ရက်စက်စွာနှိပ်စက်ခဲ့ကြပါသည်။ ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားအားလုံးသည် ဖက်ဆစ်ဂျပန်တို့ကို တညီတညွတ်တည်းပါဝင်လှုပ်ရှားတိုက်ပွဲဝင်ခဲ့ကြရာ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အပြီးတိုင်မောင်းထုတ်နိုင်ခဲ့ကြပါသည်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးသည့်အပြင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်ဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်...

မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုဖွားတိုင်းရင်းသားဖြစ်သည်ဟူသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေးပင်ဖြစ်...

လေးစားချစ်ခင်ရပါသော တိုင်းရင်းသားပြည်သူများခင်ဗျား

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားများ၏ ညီညွတ်မှုစွမ်းအားကြောင့် ၁၉၄၈ ခုနှစ် ဧနှစ်ဝါရီ ၄ ရက်တွင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါစွာ ပြန်လည်ရပ်တည်နိုင်ခဲ့ပါသည်။ သို့သော်လည်း နယ်ချဲ့ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် ပေါ်ပေါက်ခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအမွေဆိုးများသည် ယနေ့တိုင် ချုပ်ငြိမ်းမှုမရှိဘဲ လူမျိုးစု၊ ဝါဒစွဲများဖြင့် ကျဉ်းမြောင်းသည့် နိုင်ငံရေးအမြင်၊ လူမျိုးရေးအမြင်၊ ကိုယ်ကျိုးအတ္တလွန်ကဲမှုများနှင့်အတူ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် နိုင်ငံနှင့်ပြည်သူများ ဆင်းရဲဒုက္ခများကြုံတွေ့နေရဆဲဖြစ်ပါသည်။

သို့ဖြစ်ရာ **ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးသည့်အပြင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်ဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်**ပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အချိန်တိုကာလအတွင်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရသကဲ့သို့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ ဆူပူအကြမ်းဖက်မှုများနှင့် သဘာဝဘေးဖြစ်ပွားမှုတို့ကြောင့် ကြုံတွေ့လာရသည့် ထိခိုက်ပျက်စီးမှုများကိုလည်း ငွေကြေးဘီလီယံပေါင်းများစွာ ကျခံပြီး ပြန်လည်တည်ဆောက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိုးရရုံး၌ဌာနအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံများနှင့် စေတီပုထိုးများ၊ ဆေးရုံများ၊ ကျောင်းများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ငွေကျပ် ၁၄၇ ဘီလီယံကျော် ခွဲဝေချထားကာ သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်ပညာရှင်များ ဦးဆောင်စေလျက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုဖွားတိုင်းရင်းသားဖြစ်သည်ဟူသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေးပင်ဖြစ်ပါသည်။

တိုင်းပြည်တစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ရန်အတွက် မိမိကိုယ်ကိုခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေကြရမည်ဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုးတို့ ထာဝရတည်တံ့ခိုင်မြဲရေးကို ကိုယ်စွမ်းကိုယ်စနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာ ကိုးကွယ်ယုံကြည်မှုတို့ကို ကာကွယ်ရန်ကိုလည်း ကိုယ်ပိုင်ဆောင်ရွက်ချက်များ ချမှတ်ပြီး ကိုယ်ပိုင်ကြိုးပမ်းမှုများ ပြုလုပ်ကြရမည်ဖြစ်ပါသည်။ ဤကိစ္စတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲရေး ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်ရန် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြရန် ကျွန်တော်ကိုယ်တိုင် ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားလှယ်ကြီး ကန်ကွက်ခဲ့သဖြင့် ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ ခေါင်းဆောင်များက တောင်ကြီးမြို့၌ လူထုအစည်းအဝေးကြီး ကျင်းပကာ ဆုံးဖြတ်ချက်များချမှတ်ပြီး ဗိုလ်ချုပ်

နိုင်ငံတော်အပေါ် ဘေးအန္တရာယ်ကျရောက်လာလျှင်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့်ပြည်သူတို့ ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိနှင့် စုပေါင်းစွမ်းအားဖြင့် နိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာဖြင့် တွန်းလှန်ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်...

တိုင်းရင်းသားညီအစ်ကိုများအကြား လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကဲ့သို့ စည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးတို့ကို ပြန်လည်ရရှိအောင် တည်ဆောက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အမြန်ဆုံးပြသနိုင်ရန် ဝိုင်းဝန်းကြိုးစားသွားကြရမည်ဖြစ်...

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စု အများဆုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ ရှမ်းပြည်နယ်သည် မိမိတို့နိုင်ငံ၏ အရှေ့ဘက်တောင်တန်းဒေသများဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ခြောက်သောင်းကျော်ကျယ်ဝန်းကာ တစ်ဖက်နိုင်ငံများနှင့်လည်း ဆက်စပ်နေသဖြင့် နိုင်ငံအတွက် အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနု၊ အင်းသား၊ တောင်ရိုး၊ "ဝ"၊ ဓနေ့၊ ကိုးကန့်၊ လားဟူ၊ ယင်းနက်၊ ယင်းကြား၊ မြောင်ဇီး၊ အာခါ စသည့် ရှမ်းမျိုးနွယ်စုများနှင့်အတူ ကချင်၊ ကယား၊ လီဆူ စသည့် တိုင်းရင်းသားများသည်လည်း ကာလကြာရှည်စွာ အတူယှဉ်တွဲစုပေါင်း နေထိုင်လာခဲ့ကြသည်မှာ သမိုင်းအထောက်အထားများက သက်သေခံ လျက်ရှိပေသည်။

ရှမ်းပြည်နယ်သည် သဘာဝရာသီဥတု သင့်တင့်ကောင်းမွန်ပြီး ခရီးသွားတောင်ပေါ် အပန်းဖြေမြို့များ တည်ရှိလျက်ရှိသော သာယာလှပသည့် ပြည်နယ်ကြီးတစ်ခုဖြစ်ပါသည်။ ထို့ပြင် ကျောက်ခေတ်ယဉ်ကျေးမှုများဖြစ်သည့် ပြဒါးလင်းဂူ၊ လွယ်ဝန်းဂူနှင့် ထုံးကျောက်ဂူများ အများအပြားနှင့် သဘာဝအင်းအိုင်များ၊ သမိုင်းရှည်ကြာသော မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့် အမွေအနှစ်များနှင့်အတူ တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ စုံလင်စွာနှင့် သဘာဝသယံဇာတများ ပေါကြွယ်ဝလျက် အဘက်ဘက်က သာယာပြည့်စုံသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြင့်နန်းဖြင့် တိုင်းရင်းသားများ အတူတကွလက်တွဲနေထိုင်ခဲ့ကြပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများ ထွန်းကားခဲ့ကာ ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာဖြင့် ရပ်တည်လာခဲ့သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်ပါသည်။ သို့ရာတွင် နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲ၍ မတရားတိုက်ခိုက်သိမ်းယူခဲ့ခြင်းကြောင့် ၁၈၈၆ ခုနှစ် ဧနှစ်ဝါရီ ၁ ရက်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝကျရောက်ခဲ့ရပါသည်။

နယ်ချဲ့ဗြိတိသျှတို့၏ မတရားကျူးကျော်တိုက်ခိုက်မှုနှင့် လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ကြရာတွင် ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူ ရွှေ့ပ်ရွှေ့ပ်ချိုချိုပူးပေါင်းတွန်းလှန်ခဲ့ကြပါသည်။ နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဥမကွဲသိုက်မပျက်၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လက်တွဲခဲ့ကြသည့် အစဉ်အလာသည် ရှမ်းပြည်နယ်နှင့် ရှမ်းတိုင်းရင်းသားတို့အတွက် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက် စစ်မှန်သောလွတ်လပ်ရေး လုံးဝမရရှိမချင်း တိုက်ပွဲပေါင်းစုံဆင်နွှဲနေကြမည်ဟူသော တိုင်းရင်းသားအားလုံး၏ ရင်တွင်းတွင် ကိန်းအောင်းနေသည့် အပြင်းထန်ဆုံးနှင့် အခိုင်မာဆုံးသော သန္ဓိဋ္ဌာန်ကြီးအတွက် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ကြိုးပမ်းကြရာတွင် ရှမ်းပြည်နယ်မှ တိုင်းရင်းသားခေါင်းဆောင်များသည် တညီတညွတ်တည်း စည်းလုံးညီညွတ်စွာ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာပြည်မ၌ "ဖဆပလ" အဖွဲ့ချုပ်ကြီး ဦးဆောင်၍ လွတ်လပ်ရေးအတွက် အပြင်းအထန်ကြိုးပမ်းတိုက်ပွဲဝင်ချိန်တွင် ရှမ်းပြည်နယ်၌ ရှမ်းတိုင်းရင်းသား မျိုးချစ်လူကြီးလူငယ်များကလည်း မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲများတွင် ပါဝင်လှုပ်ရှားခဲ့ကြပါသည်။

၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသည့် အချိန်ကာလတွင် ဖက်ဆစ်ဂျပန်တို့က ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးကို သိမ်းပိုက်အုပ်ချုပ်ခဲ့ကြပြန်ပါသည်။ နယ်ချဲ့ဗြိတိသျှကို မောင်းထုတ်နိုင်ခဲ့သော်လည်း နောက်ရောက်လာသည့် ဖက်ဆစ်ဂျပန်တို့သည် တိုင်းပြည်နှင့်လူမျိုးအပေါ် ရက်စက်စွာနှိပ်စက်ခဲ့ကြပါသည်။ ထို့ကြောင့် အမျိုးသားခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားအားလုံးသည် ဖက်ဆစ်ဂျပန်တို့ကို တညီတညွတ်တည်းပါဝင်လှုပ်ရှားတိုက်ပွဲဝင်ခဲ့ကြရာ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အပြီးတိုင်မောင်းထုတ်နိုင်ခဲ့ကြပါသည်။

သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် အင်္ဂလိပ်

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးသည့်အပြင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်ဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်...

မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုဖွားတိုင်းရင်းသားဖြစ်သည်ဟူသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေးပင်ဖြစ်...

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုဖွားတိုင်းရင်းသားဖြစ်သည်ဟူသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေးပင်ဖြစ်ပါသည်။

ရှမ်းပြည်နယ်ခင်ရပါသော တိုင်းရင်းသားပြည်သူများခင်ဗျား

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားများ၏ ညီညွတ်မှုစွမ်းအားကြောင့် ၁၉၄၈ ခုနှစ် ဧနှစ်ဝါရီ ၄ ရက်တွင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ခံ့ညားထည်ဝါစွာ ပြန်လည်ရပ်တည်နိုင်ခဲ့ပါသည်။ သို့သော်လည်း နယ်ချဲ့ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် ပေါ်ပေါက်ခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအမွေဆိုးများသည် ယနေ့တိုင် ချုပ်ငြိမ်းမှုမရှိဘဲ လူမျိုးစု၊ ဝါဒစွဲများဖြင့် ကျဉ်းမြောင်းသည့် နိုင်ငံရေးအမြင်၊ လူမျိုးရေးအမြင်၊ ကိုယ်ကျိုးအတ္တလွန်ကဲမှုများနှင့်အတူ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် နိုင်ငံနှင့်ပြည်သူများ ဆင်းရဲဒုက္ခများကြုံတွေ့နေရဆဲဖြစ်ပါသည်။

သို့ဖြစ်ရာ **ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှအရေးကြီးသည့်အပြင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောမောင်းနှင်အားတစ်ရပ်ဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်**ပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အချိန်တိုကာလအတွင်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရသကဲ့သို့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ ဆူပူအကြမ်းဖက်မှုများနှင့် သဘာဝဘေးဖြစ်ပွားမှုတို့ကြောင့် ကြုံတွေ့လာရသည့် ထိခိုက်ပျက်စီးမှုများကိုလည်း ငွေကြေးဘီလီယံပေါင်းများစွာ ကျခံပြီး ပြန်လည်တည်ဆောက်ပေးလျက်ရှိပါသည်။ ဤကဲ့သို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိုးရရုံး၌ဌာနအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံများနှင့် စေတီပုထိုးများ၊ ဆေးရုံများ၊ ကျောင်းများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ငွေကျပ် ၁၄၇ ဘီလီယံကျော် ခွဲဝေချထားကာ သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်ပညာရှင်များ ဦးဆောင်စေလျက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုဖွားတိုင်းရင်းသားဖြစ်သည်ဟူသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေးပင်ဖြစ်ပါသည်။

တိုင်းပြည်တစ်ခုဖြစ်စေ၊ လူမျိုးတစ်မျိုးဖြစ်စေ ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ရန်အတွက် မိမိကိုယ်ကိုခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေကြရမည်ဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုးတို့ ထာဝရတည်တံ့ခိုင်မြဲရေးကို ကိုယ်စွမ်းကိုယ်စနှင့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာ ကိုးကွယ်ယုံကြည်မှုတို့ကို ကာကွယ်ရန်ကိုလည်း ကိုယ်ပိုင်ဆောင်ရွက်ချက်များ ချမှတ်ပြီး ကိုယ်ပိုင်ကြိုးပမ်းမှုများ ပြုလုပ်ကြရမည်ဖြစ်ပါသည်။ ဤကိစ္စတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲရေး ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီတဂူစက္ခုဒါနဆေးရုံတွင် လာရောက်ကုသခွဲစိတ်မှုခံယူထားသည့် ပြည်သူများကို မျက်မှန်များ တပ်ဆင်ပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။

☆ ကျောဖုံးမှအဆက်

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူစက္ခု ဗုဒ္ဓတက္ကသိုလ်များ၏ ဒါနဆေးရုံသို့ သွားရောက်၍ သီတဂူကမ္ဘာ့ နိုင်ငံတော်ဩဝါဒါ ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ စရိယ သောဠသမရွှေကျင်သာသနာပိုင် ၏အဓိပတိ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိသဿရအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများကို မေးမြန်း လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒကထာများကို နာယူကြသည်။

ထို့နောက် သီတဂူဆရာတော်ကြီးက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌအား ဓမ္မလက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သီတဂူဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် မန္တလေးငလျင်ကြီး၏ ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များကိန်းဝပ်ရာ ဘုရား၊ စေတီပုထိုးများပြုပြင်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုအဖွဲ့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူစက္ခုဒါနဆေးရုံတွင် ဆေးရုံတက်ရောက် ကုသရန်အတွက် လာရောက်မျက်စိစမ်းသပ်သူဦးရေ ၁၆၀၀ ခန့်ရှိကြောင်း၊ ထိုအထဲမှ ဦးရေ ၅၀၀ ခန့်သည် မျက်စိခွဲစိတ်ကုသရန်လိုအပ်သူများဖြစ်ကြောင်း၊ မျက်စိခွဲစိတ်ကုသရန်လိုအပ်သည့် ပြည်သူများအား အခမဲ့ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် သတင်းရရှိသည်။ (၅၀၁)

စာမျက်နှာ ၂၀ မှအဆက်

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အာဏာရပါတီ၏ မဲမသမာမှုများဖြင့် နိုင်ငံတော်အာဏာကို မတရား ရယူခြင်းမှကာကွယ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအခါ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနိုင်ရန်အတွက် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ တစ်ရပ်ကိုလည်း ကျင်းပပေးခဲ့ပြီးဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့် အစိုးရထံသို့ နိုင်ငံတော်အာဏာကို စနစ်တကျလွှဲပြောင်းပေးအပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်နောက်ပိုင်း ပြည်တွင်း၊ ပြည်ပ ပယောဂများနှင့် သွေးထိုးမြှောက်ပင့်မှုများကြောင့် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ၎င်းမတည်ငြိမ်မှုများကို အခွင့်ကောင်းယူ၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့က လည်း အကြမ်းဖက်အဖွဲ့များကို စည်းရုံးသိမ်းသွင်း၍ နိုင်ငံတည်ငြိမ်မှု ပျက်ပြားအောင် လုပ်ဆောင်လာခဲ့ကြပါသည်။ မိမိတို့ တပ်မတော်နှင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် အသက်သွေးချွေးမြှောက်မြားစွာ ပေးဆပ်ရင်းနှီး၍ ကာကွယ်စောင့်ရှောက်ခဲ့ရပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများဖြင့် တည်ငြိမ်အေးချမ်းသည့် မူလအခြေအနေရောက်အောင် ပြန်လည်ကြိုးစားလျက်ရှိပါသည်။ သို့ဖြစ်ရာ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ၏ပကတိလိုအပ်ချက်ကို သိရှိနားလည်ပြီး လက်နက်ကိုင်လမ်းစဉ်နှင့် ဆူပူအကြမ်းဖက်မှုများကို စွန့်လွှတ်ကာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲစကားဝိုင်းသို့ လာရောက်ကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်ပေးကြရန်ကိုလည်း ဖိတ်ခေါ်အပ်ပါသည်။ ထို့ပြင် ပြည်နယ်အတွင်းဖြစ်ပွားနေသော မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးမှုများ၊ အွန်လိုင်းလောင်းကစားလိမ်လည်မှုများနှင့် တရားမဝင်ကုန်သွယ်မှု စသည့် နိုင်ငံနှင့် ပြည်သူ၏ဂုဏ်သိက္ခာကို ကျဆင်းစေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေသည့် လုပ်ဆောင်နေမှုများ ပပျောက်စေရေးကိုလည်း အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှအခွင့်အရေးရရှိခြင်းဟူသည့် အနှစ်သာရများဖြင့်ပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကိုအရင်းခံကာ နိုင်ငံနှင့်လူမျိုး ကောင်းကျိုးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာသော ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အုတ်မြစ်ချပေးနိုင်ခဲ့သည့် **"ရှမ်းပြည်နယ်နေ့"** အခါသမယတွင် ရှမ်းပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကို မောင်နှမများအားလုံးအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံတော်၊ တပ်မတော်၊ တိုင်းရင်းသားပြည်သူအားလုံးတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလျက် ဤသဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
ယာယီသမ္မတ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်

စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောကဓဇဂုဏ်ကိုဦးထိန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလ အလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကို လှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ဘည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ်(၅)/(၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား
ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းမှုအပေါ် အဖွဲ့အစည်းအသီးသီးက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ရာ ထိုသို့ဂုဏ်ထူးဆောင်ပါရဂူဘွဲ့လက်ခံရရှိမှုအပေါ် အဖွဲ့အစည်းအသီးသီးက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များကို ယနေ့တွင် ထုတ်ပြန်ကြေညာကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များနှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ထိုသို့ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ချီးမြှင့်ပေးအပ်သည့် ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ရရှိခဲ့ခြင်းအတွက် မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း၊ မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအသင်း၊ မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်း၊ မြန်မာ-ထိုင်းချစ်ကြည်ရေးအသင်းနှင့် မြန်မာ-လာအိုချစ်ကြည်ရေးအသင်းတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ အပ်နှင်းမှုအပေါ် မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို အပ်နှင်းခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များကြောင့် အပ်နှင်းခဲ့ရခြင်းဖြစ်ကြောင်းသိရှိရပြီး အဆိုပါဂုဏ်ထူးဆောင်ပါရဂူဘွဲ့အပ်နှင်းခံရခြင်းအတွက် မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခံရမှုအပေါ် မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများအကြားမှ နိုင်ငံ၏စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စသည့်ကဏ္ဍအသီးသီးတွင် ဘက်စုံကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး စွမ်းဆောင်နိုင်ခဲ့သည့်အတွက် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခံရမှုအပေါ် မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်းအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်း

မြန်မာ-လာအိုချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များကြောင့် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

နိုင်ငံအတွက် နိုင်ငံတော်အကြီးအကဲ၏ ကိုယ်ကျိုးစွန့်အနစ်နာခံသည့် ခေါင်းဆောင်မှုသမိုင်းမှတ်တိုင်ကို ထင်ဟပ်ဖော်ပြနေသည့် အဆိုပါဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခံရမှုအပေါ် မြန်မာ-လာအိုချစ်ကြည်ရေးအသင်းအနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာ-လာအိုချစ်ကြည်ရေးအသင်း

မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖိအားပေးမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် လိုက်လျောညီထွေရှိနိုင်မည့် ပြုပြင်ပြောင်းလဲမှုများ စသည့် စိန်ခေါ်မှုများကို စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့်အတွက် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် အပ်နှင်းခဲ့ခြင်းအပေါ် မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအသင်းအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအသင်း

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဖေဖော်ဝါရီ ၅ ရက်တွင် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်များအပေါ်တွင် နက်နက်ရှိုင်းရှိုင်းသိမြင်နားလည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကိုယ်ရည်ကိုယ်သွေးမြင့်မားမှုများ၊ ပညာရှင်ပီသမှုများဖြင့် လူ့အဖွဲ့အစည်းအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်ကို အသိအမှတ်ပြုသည့်အနေဖြင့် ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းခြင်းဖြစ်ပြီး ထိုသို့ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာ-ထိုင်းချစ်ကြည်ရေးအသင်းအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

မြန်မာ-ထိုင်းချစ်ကြည်ရေးအသင်း

(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်)

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

၂၀၂၅ ခုနှစ် အာဘီဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့် အာဘီဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာသည်-

(က) အာဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာန ၁၁၅ ဌာနတို့၌ ဖြေဆိုသူ ၁၃၇၅၁ ဦး၊ အောင်မြင်သူ ၁၁၄၁၉ ဦး၊ အောင်မြင်မှုရာခိုင်နှုန်း ၈၃ ဒသမ ၀၄ ရာခိုင်နှုန်းဖြစ်၍ ပြည်တွင်း၊ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိသူများမှာ-

(၁) **ပထမ**
ခုံအမှတ်-ပဇတ/၄ ဒေါ်ပြည့်ပြည့်ဖြိုးမြင့် ပုဇွန်တောင် စာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး၊

(၂) **ဒုတိယ**
ခုံအမှတ်-ပခစ/၁၆ မမြင့်စုကျော် ပဲခူးစုစာဖြေဌာန ကချင်ပြည်နယ်၊

(၃) **တတိယ**
ခုံအမှတ်-သရ/၁၁ ဒေါ်ခင်မေအောင် သရက် စာဖြေဌာန မကွေးတိုင်းဒေသကြီး၊

(ခ) အာဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာန ၁၀၂ ဌာနတို့၌ ဖြေဆိုသူ ဦးရေ ၂၆၃၀၊ အောင်မြင်သူ ၂၀၄၃ ဦး၊ အောင်မြင်မှုရာခိုင်နှုန်း ၇၇ ဒသမ ၆၈ ရာခိုင်နှုန်းဖြစ်၍ ပြည်တွင်း၊ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု) ရရှိသူများမှာ-

(၁) **ပထမ**
ခုံအမှတ်-ထီလာ/၁ ဒေါ်သန္တာစိုး မိတ္ထီလာစာဖြေဌာန မန္တလေးတိုင်းဒေသကြီး၊

(၂) **ဒုတိယ**
ခုံအမှတ်-မဟမ/၁၁ မလွင်လွင်ချို မဟာအောင်မြေ စာဖြေဌာန မန္တလေးတိုင်းဒေသကြီး၊

(၃) **တတိယ**
ခုံအမှတ်-ဒုံ/၁ ဒေါ်ညိုညိုသက် မုဒုံစာဖြေဌာန မွန်ပြည်နယ်၊

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာန ၉၅ ဌာနတို့၌ ဖြေဆိုသူ ၁၅၄၁ ဦး၊ အောင်မြင်သူ ၁၂၉၄ ဦး၊ အောင်မြင်မှု ရာခိုင်နှုန်း ၈၃ ဒသမ ၉၇ ရာခိုင်နှုန်းဖြစ်၍ ပြည်တွင်း၊ ပြည်ပ စာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) **ပထမ**
ခုံအမှတ်-လှိုင်/၁၁ မစိမ့်စမ်းဆွေစင် လှိုင်စာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး၊

(၂) **ဒုတိယ**
ခုံအမှတ်-လှိုင်/၅ ဒေါက်တာချောချောအိ လှိုင်စာဖြေဌာန ရန်ကုန်တိုင်းဒေသကြီး၊

(၃) **တတိယ**
ခုံအမှတ်-စက/၂၃ ဒေါ်ဝေဝေ စစ်ကိုင်းစာဖြေဌာန စစ်ကိုင်းတိုင်းဒေသကြီး၊

၂။ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.com၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

၂၀၂၅ ခုနှစ်အတွက် နှစ်ပတ်လည်စာမူဆုရရှိသူများ ကြေညာ

၂၀၂၅ ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့် သုတအလင်းမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆုရရှိသူများ စာရင်းကို သက်ဆိုင်ရာစီစစ်ရေးအဖွဲ့က ထုတ်ပြန်လိုက်သည်။

မြဝတီမဂ္ဂဇင်း

၂၀၂၅ ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး ကာတွန်းဆုကို ကာတွန်းမိုးထက်မိုးကလည်းကောင်း၊ အကောင်းဆုံး ကဗျာဆုကို ဝင်းနွယ်(သစ်တော)၏ 'မျိုးချစ်အရိပ်များ'ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ပြင်စည်အောင်(ခရာတော)၏ 'အပြုံးငွေ့'ကလည်းကောင်း၊ အကောင်းဆုံးရသစာတမ်းဆုကို ညိမ်းညိုု၏ 'လက်ယက်တွင်းနှင့် သဲဆပ်ပြာ'ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)၏ 'အိုဇာတာ'ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို ပန်းမြိုင်လယ်စိန်ဝင်း ၏ 'ပိတိချို'ကလည်းကောင်း၊ ကလောင်သစ်ဝတ္ထုတိုဆုကို သက်သက်ဝင်း(ဥသာ)၏ 'ဆည်းဆာပန်းချီ'ကလည်းကောင်း အသီးသီးရရှိကြသည်။

ငွေတာရီမဂ္ဂဇင်း

၂၀၂၅ ခုနှစ်အတွက် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး ကာတွန်းဆုကို ကာတွန်းလွမ်းမောင်(သုဝဏ္ဏ)ကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို စဆနိုင်၏ 'ရေးကအညာ'ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို အောင်ဆန်းသိန်း(ပခုက္ကူ)၏ 'ပန်းတိုင်ရောက်မှ လွမ်းပါသည်'ကလည်းကောင်း၊ အကောင်းဆုံးရသစာတမ်းဆုကို ချမ်းမြအောင်၏ 'ဘကြီးဖိုးမောင်၏ ဝါးတံတားလေး'ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ချိုမြသွင်၏ 'ခေါက်တွန့်ကြိုးလေး'ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို နွေကုံကော် (မြို့လှ) ၏ 'တစ်တိုက် ရှစ်ခန်း၊ လေးအိမ်... ထပ်တိုးတစ်'ကလည်းကောင်း၊ ကလောင်သစ်ဝတ္ထုတိုဆုကို ငြိမ်းဝေ၏ 'ဆင်ပျံတော်'ကလည်းကောင်း အသီးသီးရရှိကြသည်။

သုတအလင်းမဂ္ဂဇင်း

၂၀၂၅ ခုနှစ်အတွက် သုတအလင်းမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးကာတွန်းဆုကို ကာတွန်းဦးကြယ်ကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ကိုကို(ရေနံ့သာ)၏ 'အရိယာစည်းနှင့် အန္တစည်း'ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ဇော်ဦးငြိမ်း၏ 'ချီတုံချတုံ ဗျူရီဒန်မြည်းနှင့် အတွေးလွန်သွက်ချာပါဒ'ကလည်းကောင်း အသီးသီးရရှိကြသည်။

ဆုရရှိသူများအနေဖြင့် မြဝတီစာပေတိုက် မြဝတီမဂ္ဂဇင်းစာတည်းအဖွဲ့ ဖုန်း-၀၉ ၆၉၀၇၅၅ ၉၆၈၊ ငွေတာရီမဂ္ဂဇင်းစာတည်းအဖွဲ့ ဖုန်း-၀၉ ၆၆၉၂၃၃၆၈၈၊ သုတအလင်းမဂ္ဂဇင်းစာတည်းအဖွဲ့ ဖုန်း-၀၉၆၈၈၆၉၅ ၁၅၂တို့သို့ကြိုတင်ဆက်သွယ်ကြရန်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကျင်းပမည့် နေရာနှင့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

ထူးခြားသည့် ညအပူချိန်များ (၆-၂-၂၀၂၆)

ဟားခါး	၂	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်	ဟဲဟိုး	၆	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်
တီးတိန်	၄	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်	ပူတာအို	၇	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
မိုင်းယန်း	၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	ပင်လောင်း	၇	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
နမ့်စန်	၅	ဒသမ	၉	ဒီဂရီဆဲလ်စီးယပ်	လားရှိုး	၈	ဒသမ	၉	ဒီဂရီဆဲလ်စီးယပ်
လွိုင်လင်	၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်	သီပေါ	၉	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နေပြည်တော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက် ၈ နာရီမှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MRTV-NRC၊ MRTV-Parliament၊ MRTV- Farmers'၊ MRTV-Entertainment Channel၊ MITV Channel၊ MWD-HD Channel၊ MWD Variety-HD Channel၊ Readers Channel၊ MNTV နှင့် Up to Date Channel တို့ကလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် ပတ္တမြား FM၊ ချယ်ရီ FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ FM ပုဂံ၊ Star FM၊ သဇင် FM တို့ကလည်းကောင်း၊ MOI Youtube၊ MRTV Website၊ MRTV App; Radio App အပါအဝင် Online Media တို့က လည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတင်းမှတ်ရေးကော်မတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအချိန်စာရင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သံဃနာယကအဖွဲ့များက တာဝန်ယူကျင်းပသော အကြိမ် ၄၀ မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်စာဖြေဌာနတို့တွင် အောက်ပါအချိန်ဇယားအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

နေ့ရက်	ခွင့်ပြုချိန်	ဘာသာ
၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၃) ရက် (၁၈-၅-၂၀၂၆) တနလာနေ့	၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ	ယဉ်ကျေးမှုကျင့်ဝတ်
၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၄) ရက် (၁၉-၅-၂၀၂۶) အင်္ဂါနေ့	၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ	ဗုဒ္ဓဘာသာမြန်မာစာ
၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၅) ရက် (၂၀-၅-၂၀၂۶) ဗုဒ္ဓဟူးနေ့	၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ	အခြေခံအဘိဓမ္မာ

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၆

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း၊ ဆရာဝန်များနှင့် သူနာပြုများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ (အခြေခံပညာအဆင့်) ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာအာကာသအေဂျင်စီနှင့် အာကာသပြတိုက်(ရန်ကုန်)တို့က ကြီးမှူး၍ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)၌ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်ထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို အခြေခံပညာမူလတန်းအဆင့်အတွက် အာကာသသူရဲကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်အတွက် စူးစမ်းလေ့လာအာကာသ ကမ္ဘာ၊ အခြေခံပညာအထက်တန်းအဆင့်အတွက် အနာဂတ်အာကာသ နည်းပညာ စသည့်ခေါင်းစဉ်တို့ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသသိပ္ပံနှင့်နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းတီထွင်ဖန်တီးမှု အနုပညာလက်ရာနှင့် ကျွမ်းကျင်မှု၊ ရုပ်ပုံဖွဲ့စည်းမှုနှင့် အချိုးအစား၊ ပေးလိုသောသတင်းစကားနှင့် ထူးခြားမှု၊ မြန်မာ့အင္ဂေ့အသက်နှင့် အာကာသနယ်ပယ် ဟန်ချက်ညီညီ ပေါင်းစပ်ထားရှိမှု စသည့် အချက်များအပေါ်တွင် အမှတ်ပေးသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲ ကျင်းပရေးကော်မတီမှ ဒေါက်တာဟန်ဇော်ထွန်းက ပြောကြားသည်။

ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုတံဆိပ်များ၊ ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်သည့်အပြင် ပါဝင်ယှဉ်ပြိုင်သူအားလုံးကိုလည်း CERTIFICATE များ၊ အမှတ်တရလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်သည်။

အခြေခံပညာမူလတန်းအဆင့် ဆုရရှိသူများကို ပထမဆု ငါးသိန်းကျပ်၊ ဒုတိယဆု လေးသိန်းကျပ်၊ တတိယဆု သုံးသိန်းကျပ်၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင် ငွေကျပ် နှစ်သိန်းကျပ်စီဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်တွင် ပထမဆု ခုနစ်သိန်းကျပ်၊ ဒုတိယဆု ခြောက်သိန်းကျပ်၊ တတိယဆု ငါးသိန်းကျပ်၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင် သုံးသိန်းကျပ်စီဖြင့်လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ဆုရရှိသူများကို ပထမဆု ၁၀ သိန်းကျပ်၊ ဒုတိယဆု ကိုးသိန်းကျပ်၊ တတိယဆု ရှစ်သိန်းကျပ်၊ အထူးဆု ၁၀ ဆုအတွက် တစ်ဆုလျှင် ငါးသိန်းကျပ်စီဖြင့်လည်းကောင်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်တွင် အခြေခံပညာအထက်တန်းအဆင့်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် အခြေခံပညာမူလတန်းအဆင့်၊ မတ် ၁ ရက်တွင် အခြေခံပညာအလယ်တန်းအဆင့်တို့မှ ကျောင်းသား၊ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်လိုသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ သက်ဆိုင်ရာကျောင်းများမှတစ်ဆင့် ဖေဖော်ဝါရီ ၁၉ ရက်နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ စာရင်းပေးသွင်းလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ် အတိုင်းဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုရရှိသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများ အပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)မှသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြ ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေး

ကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော်ဒီသင်တန်းကို လာရောက်တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ အရွယ်ကောင်းတုန်း တိုင်းပြည်နဲ့လူမျိုးကို ကာကွယ်ဖို့အတွက် ဒီသင်တန်းကို တက်ရောက်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့သင်တန်းဆင်းပြီဆိုတော့ တာဝန်ကျရာတပ်မှာ ဆရာတွေသင်ပေးလိုက်တဲ့ စနစ်တကျဖွဲ့စည်းပုံတွေနဲ့ လက်တွေ့ရော၊ စာတွေ့ရောအကုန်လုံးကို ကျွန်တော် မှတ်သားထားပါတယ်။ အဲဒါတွေနဲ့ တိုင်းပြည်နဲ့ လူမျိုးအပေါ်၊ ပြည်သူအပေါ်ကို ကျွန်တော်တို့ ယုံကြည်လေးနက်စွာနဲ့ ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

"ကျွန်တော် လာရောက်တက်ရတဲ့ ရည်ရွယ်ချက်ကတော့ တိုင်းပြည်ကိုချစ်တဲ့ ပြည်သူတစ်ယောက်အနေနဲ့ရော၊ ပြီးတော့ ကျွန်တော်ကိုယ်တိုင်ကလဲ စစ်သားတစ်ယောက်ကို အားကျရတဲ့ စစ်သားဖြစ်ချင်တဲ့သဘောမျိုးပေါ့။ ဒါကြောင့် လာရောက် တက်ရောက်ရခြင်းဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့သင်တန်းဆင်းပြီဆိုတော့ ကျွန်တော်တို့ပျော်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ပြောင်းရွှေ့မယ့်တပ်တွေကို ရောက်ပြီဆိုရင်လဲ ဒီကသင်ကြားပေးလိုက်တဲ့ အတတ်ပညာတွေကို အကောင်းဆုံး အသုံးချပြီးတော့ နှစ်နှစ်တာဝန်ကိုလဲ ပြီးဆုံးအောင် တာဝန်ထမ်းဆောင်ဖို့လဲ ရည်မှန်းချက်ရှိပါတယ်။ နောက်လာမယ့် ညီငယ်တွေကိုလဲ အရပ်သားဘဝကနေ စစ်သားဘဝကို ပြောင်းတာဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ်ပါ လာရောက်သင်တန်းတက်ဖို့အတွက် တိုက်တွန်းလိုပါတယ်။ သာမန်အရပ်သားဘဝမှာဆိုရင်တော့ နှစ်နှစ် အချိန်ကာလဆိုတာ ကြာရင်ကြာသွားအုံးမယ်။ စစ်သားဘဝမှာတော့ ကိုယ့်တာဝန်နဲ့ကို ကျေပွန်အောင်ထမ်းဆောင်ပါ။ နှစ် နှစ်ဆိုတဲ့ အချိန်ကာလလေးက ခဏလေးပါပဲ"ဟု ပြောသည်။

"ဒီသင်တန်းမှာ သင်ကြားပေးတဲ့ ပညာတွေအားလုံးကို ကိုယ်တတ်စွမ်းသရွေ့ နိုင်ငံတော်အတွက် အကျိုးပြုမယ်လို့ ရည်မှန်းထားပါတယ်။ သင်တန်းနဲ့ ပတ်သက်ပြီး အရာအားလုံးကောင်းပါတယ်။ ဒီသင်တန်းကို တက်ရောက်ရတဲ့ အတွက် အများကြီးဝမ်းသာပါတယ်။ ပြီးတော့ ဒီကစစ်ပညာရပ်ဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ပြီးရင်ကိုယ်ခန္ဓာပိုင်းဆိုင်ရာ အရာအားလုံးကို နည်းပြတွေကအစ ဂရုစိုက်သင်ပေးပါတယ်။ နောင်တက်မယ့် လူငယ်လေးတွေကိုလဲ လာတက်ပါလို့ ပြောကြားချင်ပါတယ် ခင်ဗျ"ဟု ပြောသည်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)မှ နိုင်ငံ့သားကောင်းစစ်သည်များ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို စတုတ္ထအသုတ်အဖြစ် ၂၆၇ ဦး ထပ်မံပြန်လည်ခေါ်ဆောင်

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများကို စတုတ္ထအသုတ်အဖြစ် ၂၆၇ ဦးကို ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာစဉ်။

မြိတ်မြို့သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်တာဝန်ရှိသူများက တွေ့ဆုံစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်နေကြသည့် မြန်မာနိုင်ငံသားများ ပြည်ပတွင်နေထိုင်စဉ်ကာလ အတွင်း အဆင်ပြေချောမွေ့စေရန် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ မြန်မာသံရုံးများမှတစ်ဆင့် အခက်အခဲများကို တင်ပြတောင်းခံလာပါက လိုအပ်သည့် ကူညီစောင့်ရှောက်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ ဆိုင်ရာ မြန်မာသံရုံးသို့ကိုယ်တိုင်လာရောက်သတင်းပို့သည့် မြန်မာနိုင်ငံသားများနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ရဲတပ်ဖွဲ့များနှင့် သက်ဆိုင်ရာဌာနများက လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းခေါ်ယူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို ဖေဖော်ဝါရီ ၆ ရက် (ယနေ့)တွင် စတုတ္ထအသုတ်အဖြစ် ထပ်မံခေါ်ဆောင်ပေးရာ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသား ၅၉ ဦးကို တပ်မတော်လေယာဉ်ဖြင့် မြိတ်မြို့သို့လည်းကောင်း၊ ညနေပိုင်းနှင့် ညပိုင်းတို့တွင် ထပ်မံ၍ မြန်မာနိုင်ငံသား ၂၀၈ ဦးကို တပ်မတော်လေယာဉ်များဖြင့် ရန်ကုန်မြို့သို့လည်းကောင်း အသီးသီး ပြန်လည်ခေါ်ဆောင် ရောက်ရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အနက် ပထမအသုတ်အနေဖြင့် မြန်မာနိုင်ငံသား ၁၃၆ ဦးကို ဇန်နဝါရီ ၂၃ ရက်တွင်လည်းကောင်း၊ ဒုတိယအသုတ်အနေဖြင့် ဦးရေ ၄၃၀ ကို ဇန်နဝါရီ ၂၅ ရက်တွင်လည်းကောင်း၊ တတိယအသုတ်အနေဖြင့် ၁၆၃ ဦးကို ဇန်နဝါရီ ၂၆ ရက်တွင်လည်းကောင်း၊ စတုတ္ထအသုတ်အဖြစ် မြန်မာနိုင်ငံသား ၂၆၇ ဦးကို ယနေ့တွင်လည်းကောင်း မြန်မာ့လေကြောင်းလိုင်း (MAI)နှင့် တပ်မတော်လေယာဉ်များဖြင့် အသီးသီး ပြန်လည်ခေါ်ဆောင်ရောက်ရှိခဲ့ရာ ယနေ့ထိ မြန်မာနိုင်ငံသား ၉၉၆ ဦး ပြန်လည်ရောက်ရှိခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် မြိတ်မြို့သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါအဖွဲ့များကို ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အကြောင်းအမျိုးမျိုးကြောင့် ပါဝင်ပတ်သက်သူ မြန်မာနိုင်ငံသားများ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိစဉ်။

အလားတူ ရန်ကုန်မြို့သို့ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို မဂ်လာဒုံခရိုင်၊ မြို့နယ် တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တွေ့ဆုံ၍ စားသောက်ဖွယ်ရာများပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးသည့် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့ရှိစုရုပ်နေရာသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ၊ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ကာ လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၃၂၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

စိုင်းထွန်းကျော် ခေါ် စိုင်းပီးကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဒေါ်နန်းချောအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၆

မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၄ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာ အနီးတွင် စိုင်းထွန်းကျော် ခေါ် စိုင်းပီး ၃၃ နှစ် ရပ်ကွက်(၁) ကာလိမြို့နေသူ မောင်းနှင်လာသော TOYOTA HIACE မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်မှ အက်တက်စီဆေးပြား ၉၅၀၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၈၅၀)၊ အိုက်စ် နှစ်ကီလို (တစ်ကီလိုလျှင်ငွေကျပ် သိန်း ၁၄၀ ဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၂၈၀)နှင့် ကက်တမင်း ၀ရမ် ၇၀၀ (တစ်ဂရမ်လျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၇၀)တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းထွန်းကျော် ခေါ် စိုင်းပီးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ ဖေဖော်ဝါရီ ၄ ရက် ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ အနီးတွင် တောင်ကြီး-မန္တလေးပြေးဆွဲသည့် JINBEI အမျိုးအစား ခရီးသည်တင် ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည် ဒေါ်နန်းချော ၇၄ နှစ် ဆွာပင်ကျေးရွာ မတ္တရာမြို့နယ်နေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၇၇ ဒသမ ၅ သိန်း) ဖမ်းဆီးရမိသဖြင့် ဒေါ်နန်းချောအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စု စိုက်ပျိုးရွာနေ အောင်ကျော်အေး ၃၂နှစ်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်၁၈ သိန်း) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် ညောင်ရွှေမြို့နယ် တောင်ပို့ကြီးကျေးရွာအနီး၌ စိုင်းလင်းအောင် ၂၆ နှစ် ကျားတွန်ကျေးရွာ ကျေးပေါခုံကျေးရွာအုပ်စု ညောင်ရွှေမြို့နယ်နေသူ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၀) ဆက်လက် ဖမ်းဆီးရမိခဲ့သဖြင့် အောင်ကျော်အေးနှင့် စိုင်းလင်းအောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသွားဆောင်းပါး

ခရီးစဉ်လမ်းကြောင်းပေါ်က မိုင်းမောမြို့ဟောင်း

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်သွားကြမဲ့ခရီးက မိမိတို့ ပြင်ဦးလွင်မြို့နဲ့ မနီးမဝေး မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ထဲက ပန်းလောင်ရေတံခွန်ရှိရာကိုပါ။ ရေတံခွန်ရဲ့ သာယာလှပမှုအကြောင်းအရာ ဂုဏ်သတင်းတွေကို အစ်မဖြစ်သူက လူမှုကွန်ရက်အင်တာနက်စာမျက်နှာတွေပေါ်မှာ တွေ့ရှိဖတ်ရှုထားပြီး ခရီးစဉ်ရေးဆွဲသွားလာလည်ပတ်ကြဖို့ တိုက်တွန်းပြောဆိုထားခဲ့တယ်။ ဒါကြောင့် ရေတံခွန်ရဲ့ တည်နေရာနဲ့ သွားလာလည်ပတ်ရမဲ့ အခြေအနေတွေ၊ အိပ်စက်အနားယူအပန်းဖြေကြရမဲ့ အခြေအနေတွေ၊ အဆင်ပြေပြေစားသောက်ကြရမဲ့ အခြေအနေတွေကို စုံစမ်းလေ့လာရတော့တယ်။

ဒီလိုစုံစမ်းလေ့လာလိုက်တဲ့အခါ အင်တာနက်စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြကြော်ငြာထားတဲ့ ဟိုတယ်၊ မိုတယ်တွေနဲ့ ခရီးသွားဝန်ဆောင်မှုအမျိုးမျိုးကို တွေ့မြင်နေရတယ်။ ဒါကြောင့် နယ်ခံငယ်သူငယ်ချင်းဆီကို ဖုန်းဆက်အကြောင်းကြား၊ အကျိုးအကြောင်းပြောဆိုပြီး အကောင်းဆုံးခရီးစဉ်တစ်ခုကိုစီစဉ်ပေးဖို့ ပြောကြားရတော့တယ်။ သူငယ်ချင်းဖြစ်သူရဲ့ ပြန်လည်ဖြေကြားချက်တွေအရ ဟိုတယ်၊ မိုတယ်၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ ဖိတ်ခေါ်ကြော်ငြာထားချက်တွေက ကုန်ကျစရိတ်များပြားနေပေမဲ့ မိမိတို့စိတ်တိုင်းကျဖြစ်ချင်မှ ဖြစ်နိုင်မှာဖြစ်ကြောင်း၊ အကောင်းဆုံးအဆင်ပြေဆုံးက သူ့အိမ်မှာ နားနေစားသောက်ပြီး သွားရောက်လည်ပတ်တာက ပိုမိုသင့်တော်မှာဖြစ်ကြောင်းတွေကိုပြောပြတာကြောင့် သတ်မှတ်ကျောင်းပိတ်ရက်မှာ ခရီးစဉ်ရေးဆွဲထွက်ခွာလာခဲ့ကြတယ်။

ခရီးဖော်တွေက မိမိတို့မောင်နှမတွေပါ။ ခရီးအစီအစဉ်အရ ပြင်ဦးလွင်မြို့ကနေ မနက်စောစောထွက်ကြမယ်၊ မြစ်သားမြို့နယ် ကူမဲမြို့ ရွာခိုင်ကြီးကျေးရွာမှာရှိတဲ့ သူငယ်ချင်းအိမ်ကို ဦးစွာသွားရောက်ကြမယ်၊ သူငယ်ချင်းရဲ့အိမ်ကိုရောက်ရင် သူတို့မိသားစုနဲ့အတူ သူငယ်ချင်းဖြစ်သူစီစဉ်ထားတဲ့ ခရီးစဉ်အတိုင်း ပန်းလောင်ရေတံခွန်ရှိရာကို သွားရောက်လေ့လာလည်ပတ်ကြမယ်၊ ပန်းလောင်မြစ်ထဲမှာ လှေအပျော်စီးကြမယ်၊ ညနေပြန်လာပြီး သူငယ်ချင်းရဲ့အိမ်မှာပဲ စားသောက်ညအိပ်ရပ်နားကြမယ်၊ နောက်တစ်နေ့ မနက်မှာ မရောက်ဖူးသေးတဲ့ ရွာအနီးဝန်းကျင်က အထင်ကရနေရာတွေကို သွားရောက်လည်ပတ်ကြမယ်၊ အားလုံးပြီးမှ မန္တလေးမြို့က အစ်မဝမ်းကွဲတစ်ယောက်ရဲ့ အိမ်ကနေတစ်ဆင့် ပြင်ဦးလွင်မြို့ကို ပြန်ကြမယ် စသဖြင့်စီစဉ်ထားလိုက်ကြတယ်။

ဒါကြောင့် အိမ်ကနေမနက်စောစောကတည်းက ထွက်ခွာလာကြပြီး ပန်းလောင်ရေတံခွန်ကိုရောက်ရင် နေ့လယ်စာစားသောက်ကြဖို့အတွက် ကြိုတင်မှာယူထားတဲ့ ကြက်ဆီထမင်းဘူးတွေကို ဆိုင်မှာဝင်ရောက်ယူဆောင်ကြရင်း ခရီးစဉ်ကို စလိုက်ကြတယ်။ ပြင်ဦးလွင်ကနေအထွက် ဆောင်းရာသီမနက်ခင်းရဲ့ ရာသီဥတုအခြေအနေက နှင်းမှုန်နှင်းစက်တွေ၊ တိမ်ခိုးတိမ်ငွေ့တွေနဲ့ အုံ့အုံ့မှိုင်းမှိုင်း၊ ရစ်ရစ်ဆိုင်းဆိုင်းပါ။

အခါတိုင်းခရီးတွေထွက်ရင် တောင်ခြေမြေပြန့်ကိုရောက်မှ လက်ဖက်ရည်သောက်၊ မနက်စာစားသောက်ခဲ့ကြပေမဲ့ အခုတစ်ခေါက်မှာ ခရီးစတင်ပြီးမကြာခင် အောင်ချမ်းသာရွာကို ရောက်တာနဲ့ဒေသတွင်းမှာနာမည်ကြီးနေတဲ့ မုန့်ဟင်းခါးကို ဝင်ရောက်စားသောက်ခဲ့ကြတယ်။ မနက်စာစားသောက်ကြပြီး ဆက်လက်ထွက်ခွာလာခဲ့ကြရာ ရှုခင်းတွေလှပသာယာတဲ့ သုံးထပ်ကွေ့တွေကို ကျော်လွန်လာခဲ့ပြီး မိနစ်အနည်းငယ်အတွင်းမှာ ရွှေစာရံလမ်းခွဲကို ရောက်လာခဲ့ကြတယ်။ အရင်အခေါက်ခရီးတွေ ထွက်ခဲ့တုန်းက မြစ်ငယ် – ထုံးဘိုဖြတ်လမ်းကနေ ရန်ကုန်–မန္တလေး လမ်းဟောင်းပေါ်ကို တက်ရောက်ခဲ့ကြရတာပါ။ အခုတစ်ခေါက်မှာတော့ သွားဖူး၊ လာဖူး၊ မောင်းနှင်ဖူးသွားပြီဖြစ်တဲ့ ရွှေစာရံ – ကျောက်ဆည် လမ်းသစ်ကြီးကနေ မောင်းလာခဲ့လိုက်တယ်။ ဒီလမ်းက မိုင် ၂၀ ခရီးအကွာအဝေးသာရှိနေတာကြောင့် အလွန်တိုတောင်းပြီး အချိန်ကုန်သက်သာစေပါတယ်။ ဒုါ့ပြင် လမ်းသစ်လမ်းကောင်းကြီးဖြစ်နေလို့လဲ လမ်းတွေက ရှင်းနေပြီး မောင်းလို့ကောင်းနေတယ်။ တကယ်တော့ ရွှေစာရံလမ်းခွဲကနေ မန္တလေးမြို့ကို ၁၀မိုင်ကျော်၊ မန္တလေးကနေ ကျောက်ဆည်မြို့ကို ၃၆ မိုင် စုစုပေါင်း ၄၆ မိုင် ကျော်ခရီးက ရွှေစာရံဖြတ်လမ်းဖွင့်လှစ်လိုက်တာကြောင့် ခရီးမိုင်အလွန်တိုတောင်းသွားခဲ့ရတယ်။

> ❖ **မိုင်းမောမြို့က ဘီစီ နှစ်ရာစုမှာ စတင်ထွန်းကားခဲ့တဲ့ အစောဆုံးပျူမြို့ဖြစ်ပါတယ်။ မြို့နေရာအတိအကျကတော့ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ရဲ့ အရှေ့တောင်ဘက်မှာ တည်ရှိနေတာပါ။ ပျူမြို့ပြနိုင်ငံတစ်ခုလဲဖြစ်ပါတယ်။ မြို့ကို ပန်းလောင်မြစ်ဝှမ်းဒေသမှာတည်ထားသလို မြေဆီမြေဩဇာအလွန်ကောင်းမွန်တာကြောင့် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်ခဲ့တဲ့ ပျူမြို့ပြကြီးလဲ ဖြစ်နေခဲ့ပါတယ်။ မိုင်းမောမြို့ကို ပင်လယ်မြို့လို့လဲ ခေါ်ဆိုခဲ့ကြပြီး မြို့တည်ထားတဲ့ ပုံသဏ္ဌာန်က အဝိုင်းပုံစံနဲ့ မြို့ရိုးသုံးထပ်ကာရံထားရှိတယ်။ ❖**

ရွှေစာရံဖြတ်လမ်းကနေမောင်းနှင်လာရင်း စည်စည်ကားကားလဲရှိ၊ ရောင်းကုန်တွေစုံစုံလင်လင်လဲရှိတဲ့ ဒေသတွင်းလမ်းဘေးစျေးကိုရောက်တော့ လေ့လာကြည့်ရှုကြရင်း လိုချင်တာလေးတွေကို ဝယ်ယူခဲ့ကြတယ်။ စျေးဝယ်ခဲ့ကြပြီးမှ ရွှေစာရံဂေါက်ကွင်း၊ ရွှေစာရံစေတီတော်လမ်းခွဲ၊ ဒုဋ္ဌဝတီမြစ်ကူးတံတားတွေကို ဖြတ်ကျော်မောင်းနှင်လာခဲ့ရတယ်။ ဒုဋ္ဌဝတီမြစ်ကူးတံတားပေါ်ကနေ ဖြတ်သန်းမောင်းနှင်နေရတဲ့အခါ မြစ်ဘေးတစ်လျှောက်မှာရှိနေတဲ့ ရေတိမ်ကမ်းခြေလေးတွေ၊ အပန်းဖြေစားသောက်ဆိုင်လေးတွေနဲ့အတူ သာယာလှပတဲ့ ရှုခင်းတွေကြောင့် အားလပ်ရက်မှာ ခရီးစဉ်တစ်ခုသတ်မှတ်ပြီး လာရောက်လည်ပတ်အပန်းဖြေကြဖို့ စဉ်းစားထားလိုက်ကြတယ်။ ဆက်လက်ပြီး ဆီးသီးခြံတွေ၊ သရက်ခြံတွေ၊ သဘော်ဘခြံတွေ၊ ဖရုံခြံတွေကို တရိပ်ရိပ်နဲ့ ကျော်လွန်လာခဲ့သလို အရင်တစ်ခေါက်က ဝင်ရောက်လေ့လာလည်ပတ်ခဲ့ပြီး ငါးကြော်တွေ၊ ပုစွန်ကြော်တွေ၊ ကြာရွက်လိပ်သုပ်တွေကို ဝယ်ယူခဲ့ကြတဲ့ စွန်ရဲအင်းကို ထပ်မံကျော်ဖြတ်လာခဲ့ပြန်တယ်။ စွန်ရဲအင်းကို ကျော်ဖြတ်လာပြီးရင် ကျောက်ဆည်မြို့နဲ့နီးသွားပါပြီ။

ဒီလိုနဲ့ မကြာခင်မှာ ရန်ကုန် – မန္တလေး လမ်းဟောင်းပေါ်ကို ရောက်လာခဲ့ကြတယ်။ မိမိတို့ထွက်လာကြတဲ့ခရီးစဉ်က ခရီးရှည်၊ ခရီးဝေး၊ ခရီးမိုင်တွေရာနဲ့ထောင်နဲ့ချီပြီး တစ်နေကုန်မောင်းနှင်ရမဲ့ခရီးမျိုးမဟုတ်ဘဲ သာမန်ခရီးတိုလေးသာဖြစ်နေလို့ အခုရောက်ရှိနေတဲ့နေရာကနေ ကျောက်ဆည်မြို့ ဟန်မြင့်မိုရ်လမ်းခွဲ၊ လက်ညှိုးထိုးလမ်းခွဲနဲ့ မြစ်သားလမ်းဆုံကို ကျော်ဖြတ်ပြီးရင် သတ်မှတ်နေရာကို ရောက်ရှိတော့မှာပါ။ ဒါကြောင့် လမ်းနေရာတွေကို တစ်ခုပြီးတစ်ခု အဆင့်ဆင့်ဖြတ်ကျော်လာခဲ့ရင်းနဲ့ မြစ်သားမြို့ လမ်းဆုံကို ရောက်လာခဲ့ကြတယ်။ နေရာက လမ်းခွဆိုတဲ့ ရွာကြီးတစ်ရွာဖြစ်နေသလို ညာဘက်ကို ချိုးကွေ့ပြီး ခရီး ငါးမိုင်မှာ မြစ်သားမြို့ ဘယ်ဘက်ကို ချိုးကွေ့ပြီး ခရီး ငါးမိုင်မှာ မိမိတို့သွားရောက်ကြရမဲ့ ပထမနေရာ ရွာခိုင်ကြီးကျေးရွာဖြစ်ပါတယ်။ ရွာခိုင်ကြီးက သူငယ်ချင်းအိမ်ကို ရောက်ရှိပြီးမှ သူတို့မိသားစုနဲ့အတူ ပန်းလောင်ရေတံခွန်ကို ဆက်လက်သွားရောက်ကြရမှာပါ။ ရွာခိုင်ကြီးကို သွားတဲ့လမ်းတစ်လျှောက်မှာ သွားနေကျ၊ လာနေကျ၊ မြင်တွေ့နေကျ မြင်ကွင်းတွေအတိုင်း လယ်ကွင်း လယ်ကွက်တွေ၊ လယ်ကွင်းတွေရဲ့ အနားစွန်းမှာရှိနေတဲ့ သစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းနဲ့ ကျေးရွာလေးတွေ၊ ကင်းတားဆည်ကပို့လွှတ်လိုက်တဲ့ ဆည်ရေချောင်း၊ ဆည်ရေမြောင်းတွေ၊ ရွာအနီးကို ရောက်ရှိလာတာနဲ့အမျှ ဘုရားစေတီတွေနဲ့အတူ ကွမ်းရွက်ခြံတွေ၊ သရက်ခြံတွေ၊ ငှက်ပျောခြံတွေ၊ သိပ္ပံနည်းကျ စိုက်ပျိုးထားတဲ့ အပင်ပုသဘော်ဘခြံတွေ၊ ငရုတ်စိုက်ခင်း၊ ကြက်သွန်နီစိုက်ခင်း၊ နန္တင်းစိုက်ခင်းတွေကို တွေ့မြင်လာရတယ်။

ဒီမြင်ကွင်းတွေကို ကျော်လွန်ပြီးတာနဲ့ ရွာအတွင်းမှာရှိနေတဲ့ သူငယ်ချင်းအိမ်ကို ရောက်ရှိလာကြတယ်။ အခုအသွားခရီးအဖြစ် သူငယ်ချင်းအိမ်မှာ နားနေ၊ စားသောက်ကြအုံးမှာမဟုတ်ဘဲ ရှေ့ခရီးကိုဆက်ကြရမှာမို့ အဆင်သင့်စောင့်ဆိုင်းနေတဲ့ သူငယ်ချင်းရဲ့ မိသားစုတွေနဲ့အတူ ရေတံခွန်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ပန်းလောင်ရေတံခွန်ရှိရာကို ပုံမှန်လမ်းကသွားမယ်ဆိုရင် ရန်ကုန်–မန္တလေးလမ်းဟောင်း၊ ကူမဲမြို့အနီးကနေ ကင်းတားဆည်သို့ ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်အတိုင်း ဘယ်ဘက်ကိုချိုးကွေ့ မောင်းနှင်သွားရမှာပါ။ ဒီလမ်းကနေ ကင်းတားဆည်အပြင် ပြက္ခရွေတောင်၊ ပြဒါးလင်းဂူ၊ပန်းလောင်ရေတံခွန်ရှိရာတွေကို ရောက်ရှိသွားမှာဖြစ်ပါတယ်။ မိမိတို့ကတော့ သူငယ်ချင်းရဲ့ ရွာကနေတစ်ဆင့် မောင်းလာရတာဖြစ်လို့ အနီးဝန်းကျင်က ရွာလေးတွေကို ဖြတ်သန်းလာပြီးမှ ကင်းတားဆည်လမ်းပေါ်ကို ရောက်ခဲ့ကြတယ်။ ခရီးမိုင်အကွာအဝေးအနေနဲ့ ရန်ကုန်–မန္တလေးလမ်းဟောင်းကနေ ကင်းတားဆည်ထိ မိုင် ၂၀ ရှိနေတယ်။ ပြက္ခရွေတောင်က ကင်းတားဆည်မရောက်ခင် ညာဘက်လမ်းခွဲတစ်ခုကနေ ဆက်လက်သွားရောက်ရပြီး ပြဒါးလင်းဂူကတော့ ကင်းတားဆည်ရောက်ပြီးမှ ဆည်ရေပြင်အတွင်းကနေ စက်လှေစီးပြီးသွားရောက်ရတာပါ။ ပြဒါးလင်းဂူကို ရွာင်မြို့ကနေ ကားလမ်းနဲ့ ဆက်သွယ်သွားလာနိုင်ပေမဲ့ လမ်းအလွန်ဆိုးကြောင်း သိထားရတယ်။

ဒီခရီးစဉ်ကို သွားကြမယ်ဆိုပြီး အစ်မဖြစ်သူက စတင်စီစဉ်ခိုင်းကတည်းက သွားချင်တဲ့စိတ်တွေဖြစ်ပေါ်နေခဲ့ရတယ်။ ဒါက ပန်းလောင်ရေတံခွန်ရှိရာကို သွားချင်နေတဲ့စိတ်တစ်ခုထဲ မဟုတ်ပါဘူး။ ရေတံခွန်ကို သွားတဲ့လမ်းမှာ မိုင်းမောမြို့ဟောင်းရှိနေတယ်။ ရေတံခွန်ကိုသွားရင် မိုင်းမောမြို့ဟောင်းကို ဖြတ်သန်းသွားရတယ်ဆိုတဲ့ အသိစိတ်ကြောင့် မိုင်းမောမြို့ဟောင်းကို မြင်ဖူး၊ ရောက်ဖူး၊ လေ့လာကြည့်ရှုချင်တဲ့စိတ်တွေ ဖြစ်ပေါ်နေခဲ့ရတယ်။ မိုင်းမောမြို့က ဘီစီ နှစ်ရာစုမှာ စတင်ထွန်းကားခဲ့တဲ့ အစောဆုံးပျူမြို့ဖြစ်ပါတယ်။ မြို့နေရာအတိအကျကတော့ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ရဲ့ အရှေ့တောင်ဘက်မှာ တည်ရှိနေတာပါ။ ပျူမြို့ပြနိုင်ငံတစ်ခုလဲဖြစ်ပါတယ်။ မြို့ကို ပန်းလောင်မြစ်ဝှမ်းဒေသမှာတည်ထားသလို မြေဆီမြေဩဇာအလွန်ကောင်းမွန်တာကြောင့် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်ခဲ့တဲ့ ပျူမြို့ပြကြီးလဲ ဖြစ်နေခဲ့ပါတယ်။ မိုင်းမောမြို့ကို ပင်လယ်မြို့လို့လဲ ခေါ်ဆိုခဲ့ကြပြီး မြို့တည်ထားတဲ့ ပုံသဏ္ဌာန်က အဝိုင်းပုံစံနဲ့ မြို့ရိုးသုံးထပ်ကာရံထားရှိတယ်။

ပြက္ခရွေတောင်လမ်းခွဲကို ကျော်လွန်လာခဲ့ပြီး မိုင်းမောမြို့ဟောင်းကိုရောက်တော့ သာမန်ရွာကြီးတစ်ရွာအဖြစ်နဲ့သာ တွေ့မြင်နေရတယ်။ ရွာတွင်းလမ်းတစ်လျှောက်မှာ စျေးဆိုင်လေးတွေ၊ စားသောက်ဆိုင်ငယ်လေးတွေ၊ လက်ဖက်ရည်ဆိုင်လေးတွေကိုတွေ့မြင်နေရပေမဲ့ စည်စည်ကားကားရှိမနေသလို လမ်းတွေပေါ်မှာလဲ တိတ်ဆိတ်ခြောက်ကပ်နေတယ်။

မိုင်းမောမြို့ဟောင်းအတွင်းကနေ အပြင်ကို ရောက်လာတော့ မြို့ရိုးဟောင်းတွေဖြစ်ကြောင်း နယ်ခံသူငယ်ချင်းဖြစ်သူက လက်ညှိုးထိုးပြသတာကြောင့် မြို့ရိုးဟောင်းနေရာတွေကို တွေ့မြင်လိုက်ရတယ်။ ဒါပေမဲ့ မြို့ရိုးဟောင်းဆိုတာထက် ဆူးချို၊ ချုံပုတ်တောတန်းလေးအဖြစ်သာရှိနေပြီး အုတ်ရိုး၊ အုတ်သား၊ အုတ်ချပ်တွေကို မတွေ့မြင်ရတော့ပါဘူး။ ဒုါ့ပြင် ကားမောင်းနေရင်းနဲ့ ရုတ်တရက်ကြည့်ရှုနေရလို့ မြို့ပုံသဏ္ဌာန်အဝိုင်း၊ မြို့ရိုးသုံးထပ်ဆိုတာတွေကိုလဲ မတွေ့မြင်နိုင်တော့ပါဘူး။ အခုရောက်ရှိနေတဲ့ မိုင်းမောမြို့ဟောင်းအတွင်းမှာ လမ်းတွေက ဆိုး၊ ဖုန်တွေက ထောင်းထောင်းထနေတာကလဲ ဆိုးရွားမှုတစ်ခုပါ။ မြို့ဟောင်းအပြင်ဘက် ခပ်လှမ်းလှမ်းကိုရောက်တော့မှ စိုက်ခင်းပျိုးခင်းစိမ်းစိမ်းတွေကို တွေ့မြင်လာရတော့တယ်။

မိုင်းမောမြို့ဟောင်းကို ကျော်လွန်လာပြီး မကြာခင်မှာ အောက်ဆည်ဆိုတဲ့နေရာကို ရောက်လာကြတယ်။ ကင်းတားဆည်နေရာကို အထက်ဆည်လို့ ခေါ်ဆိုနေကြသလို အခုနေရာကို အောက်ဆည်လို့ ခေါ်ဆိုနေကြတာပါ။ သူငယ်ချင်းဖြစ်သူက အောက်ဆည်ကိုအပြန်မှ ဝင်ကြရအောင်၊ အခုရေတံခွန်ရှိရာကို အရင်သွားကြမယ်ဆိုတာနဲ့ ဒေသအခေါ်အောက်ဆည်ကို ဖြတ်ကျော်ခဲ့ပြီး ရှေ့ခရီးကို ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ ရောက်ခါနီးပြီလားဆိုပြီး သူငယ်ချင်းကို မေးကြည့်တော့ အထက်ဆည်ရှိရာကို မရောက်သေးပေမဲ့ လှေစီးကြမဲ့လှေဆိပ်ကို ရောက်တော့မှာဖြစ်ကြောင်း ပြောပြတယ်။ လှေဆိပ်ကနေ လှေစီးပြီး ပန်းလောင်ရေတံခွန်ရှိရာကို သွားကြရမှာပါ။ မိမိတို့ မောင်နှမတွေ အခုထွက်ရှိလာကြတဲ့ ခရီးစဉ်လမ်းကြောင်းရဲ့ အဓိကနေရာဖြစ်တဲ့ ပန်းလောင်ရေတံခွန်ရှိရာကို မရောက်ကြသေးပေမဲ့ လမ်းကြောင်းအတွင်းက မိုင်းမောမြို့ဟောင်းကိုတော့ ရောက်ရှိဖြတ်သန်းခဲ့ကြပြီးပါပြီ။ ရှေ့ခရီးကို ဆက်လိုက်ပါအုံးမယ်။

၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသက်သက်မာဝင်း၊ ပါမောက္ခ(ဌာနမှူး)၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

မဂ်လာပါတပည့်တို့ ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် သင်ရိုးသစ် ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ယူနေကြတဲ့ ကျောင်းသား ကျောင်းသူများ လွယ်ကူစွာဖြေဆိုနိုင်ကြဖို့ ရည်ရွယ်ပြီး ဇီဝဗေဒပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများနှင့် မေးခွန်းပုံစံဆိုင်ရာ သိကောင်းစရာများကို ပို့ချပေးသွားမှာဖြစ်ပါတယ်။ Grade 12 ဇီဝဗေဒပြဋ္ဌာန်းစာအုပ်မှာ အခန်း(၆)ခန်း ပါဝင်ပါတယ်။ အကြောင်းအရာများ အားလုံးဟာ ဇီဝဗေဒဘာသာရပ်နှင့်ပတ်သက်ပြီး သိရှိရမယ့်အချက်များကို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် သေချာကျေညက်အောင် လေ့လာကျက်မှတ်ခြင်းအားဖြင့် မေးခွန်းအားလုံးကို အခက်အခဲမရှိဘဲ ထူးချွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။

ဇီဝဗေဒဘာသာရပ်ဟာ သက်ရှိများ၏အကြောင်းကို သက်ရှိများကလေ့လာခြင်းဖြစ်ပါတယ်၊ သက်ရှိ၏အရေးအကြီးဆုံးအရာသည် အသက်ရှင်သန်ဖို့ဖြစ်ပါတယ်။ သို့အတွက်ကြောင့် အသက်ရှိခြင်းရဲ့ အစ၊ သက်ရှိများ၏ ဇီဝကမ္မဖြစ်စဉ်၊ သက်ရှိများ၏ ဆင့်ကဲပြောင်းလဲခြင်း၊ ရှင်သန်ဖို့အတွက် လိုက်လျောညီထွေဖြစ်မှု စတဲ့အကြောင်းအရာများကို နားလည်စေမည့်သင်ခန်းစာများကို ထည့်သွင်းဖော်ပြထားပါတယ်။

Chapter 1 INTRODUCTION TO BIOLOGY သင်ခန်းစာဟာ ဇီဝဗေဒကို ကျယ်ပြန့်စွာ ပိုင်းခြားထားသော အဓိကအကြောင်းအရာ ငါးခု THEMES OF BIOLOGY (Themes 1–5)နှင့် ဆက်လက်ပြီး လူတို့၏ နေ့စဉ်ဘဝတွင် ဇီဝဗေဒ၏ အရေးပါမှု၊ လူတို့၏အသက်ရှင်ရပ်တည်မှုတွင် အဓိကကျသော စားနပ်ရိက္ခာ အရင်းအမြစ်များအတွက် စိုက်ပျိုးရေး (Agriculture, Horticulture and Hydroponic Culture)၊ မွေးမြူရေး (Aquaculture and Livestock)၊ အသက်ရှင်သန်မှုအတွက် အစားအစာ(Food)၊ ကျန်းမာရေးနှင့် ဆေးဝါးအသုံးပြုခြင်း (Health and Medicine) ရှင်သန်နေထိုင်မှုအတွက် လိုအပ်သော အဝတ်အထည်နှင့် အမိုးအကာ (Clothing and Shelter)ပြုလုပ်ရာတွင်အသုံးပြုသည့်အပင်များ စသည့်အကြောင်းအရာများကို လေ့လာမှတ်သားကြရမှာ ဖြစ်ပါတယ်။

Chapter 2 MOLECULAR BIOLOGY မှာတော့ သက်ရှိဆဲလ်အားလုံးတွင် မရှိမဖြစ်ပါဝင်ပြီး သက်ရှိတိုင်း၏ မျိုးရိုးဆက်ခံသော လက္ခဏာများကို အဆုံးအဖြတ်ပေးသည့် DNA (Deoxyribonucleic acid) နှင့် ပရိတင်းဖွဲ့စည်းတည်ဆောက်ခြင်း (Protein Synthesis) တွင် အဓိကအခန်းကဏ္ဍမှာ ပါဝင်သော RNA (Ribonucleic acid) မော်လီကျူးနှစ်ခုတို့၏ တည်ဆောက်ဖွဲ့စည်းပုံ၊ DNA ၏ အခန်းကဏ္ဍနှင့် ၎င်း၏ပုံတူပွားခြင်း သဘောသဘာဝ (DNA replication)၊ မျိုးရိုးဗီဇကုဒ် (GENETIC CODE) ဆိုသည်မှာ နျူကလီယိုတိုက် ကိုဒွန် (Codon)နှင့် အမိုင်နိုအက်စစ်(Amino Acid)အကြား ဆက်နွယ်မှုကို သတ်မှတ်ပေးသည့် ကုဒ်တစ်ခုဖြစ်ကြောင်း၊ သက်ရှိဆဲလ်အတွင်း ပရိုတင်းပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်စဉ် (PROTEIN SYNTHESIS)နှင့် ပါဝင်သောလုပ်ငန်းစဉ်များ၊ မော်လီကျူးမျိုးရိုးဗီဇဆိုင်ရာ သုတေသနမှပေါ်ထွက်လာသော နည်းပညာအချို့(SOME TECHNIQUES IN MOLECULAR BIOLOGY)တွင် သက်ရှိများ (အဏုဇီဝ၊ အပင်နှင့် တိရစ္ဆာန်)၏ မျိုးဗီဇများကို လိုသလိုပြုပြင်နိုင်စွမ်းရှိကြောင်း စိတ်ဝင်စားစွာ လေ့လာသိရှိကျက်မှတ်ကြရမှာ ဖြစ်ပါတယ်။

Chapter 3 TRANSPORT SYSTEM IN ORGANISMS တွင် TRANSPORT SYSTEM IN PLANTS အပင်များ၏သယ်ယူပို့ဆောင်ရေးစနစ်ရှိ သယ်ယူပို့ဆောင်ရေးတစ်ရှူးများဖြစ်သော (xylem နှင့် phloem) တည်ဆောက်ပုံ၊ TRANSPORT MECHANISMS IN PLANTS အပင်များ၏ အစာ၊ ရေနှင့် inorganic ions များကို ပို့ဆောင်ပေးသည့် လုပ်ငန်းယန္တရားများ၊ TRANSPIRATION ပင်ငွေ့ပြန်ခြင်းတွင် Factors Affecting Transpiration ပင်ငွေ့ပြန်ခြင်းအပေါ် သက်ရောက်သည့် အချက်များ၊ Benefits of Transpiration ပင်ငွေ့ပြန်ခြင်း၏ အကျိုးကျေးဇူးများ၊ Demonstration of Transpiration Pull ပင်ငွေ့ပြန်ခြင်းဆွဲအားကို သရုပ်ဖော်ပြသခြင်း၊TRANSLOCATION အပင်များအတွင်း အစာအာဟာရ၊ ရေနှင့် ပျော်ဝင်ပစ္စည်းများ ရွှေ့လျားရွှေ့ပြောင်းခြင်းဖြစ်စဉ်အကြောင်းအရာများကို လေ့လာကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ TRANSPORT SYSTEM IN ANIMALS သတ္တဝါများ၏ သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်သော သွေးလည်ပတ်မှုစနစ်သည် အစုလိုက်သယ်ယူပို့ဆောင်ရေး (mass transport) ပုံစံဖြစ်ပြီး ဇီဝကမ္မဖြစ်စဉ်အတွက် လိုအပ်သောအရာဝတ္ထုများကို ခန္ဓာကိုယ်အနှံ့ အရည်စီးဆင်းမှုပုံစံယန္တရားအသွင်ဖြင့် ပို့ဆောင်ပေးသည့် အစီအစဉ်ဖြစ်ပါတယ်။ The Need for Transport ခန္ဓာကိုယ်အနှံ့ သယ်ယူပို့ဆောင်ရာတွင် လိုအပ်ချက်များ၊ Features of Mass Transport System ခန္ဓာကိုယ်တစ်လျှောက်ရှိ အရာဝတ္ထုများကို ရွှေ့ပြောင်းရန် ထိရောက်မှုရှိသည့် Mass Transport System ၏ လက္ခဏာရပ်များကို လေ့လာကြရမှာဖြစ်ပါတယ်။ CIRCULATORY SYSTEM သွေးလည်ပတ်မှုစနစ်တွင် Open circulatory system (အစွန်းဖွင့်သွေးကြော open–ended vessels များမှတစ်ဆင့် ပတ်ဝန်းကျင်တစ်ရှူးများနှင့်အင်္ဂါများကို သွေးတိုက်ရိုက်ရောက်ရှိသောစနစ်)နှင့် Closed circulatory system(နှလုံးမှ ညှစ်ထုတ်ပေးသည့်သွေးသည် (Blood vessels) သွေးလွှတ်ကြောများ၊ သွေးပြန်ကြောများနှင့် ဆံခြည်မျှင်သွေးကြောများ၏ စဉ်ဆက်မပြတ် သွေးကြောကွန်ရက်အတွင်း စီးဆင်းလှည့်ပတ်နေသော သွေးလည်ပတ်မှုစနစ်)ဟူ၍ အဓိကအမျိုးအစား နှစ်မျိုးရှိကြောင်း သိရှိရမှာဖြစ်ပါတယ်။ CARDIOVASCULAR SYSTEM IN MAMMALS နို့တိုက်သတ္တဝါများ၏ နှလုံးသွေးလည်ပတ်မှုတွင် သွေးကြောများမှတစ်ဆင့် သွေးများရွှေ့လျားနိုင်ရန် ရေပန့်စက်ကဲ့သို့ ဆောင်ရွက်ပေးသည့် နှလုံး၏ဖွဲ့စည်းတည်ဆောက်ပုံ (The Structure of the Heart)၊ The Blood Vessels သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ ဆံခြည်မျှင်သွေးကြောများ၊The components of the Blood သွေးတွင်းပါဝင်ပစ္စည်းများ၊ The Clotting of the Blood ထိခိုက်ဒဏ်ရာရသည့်နေရာမှာ သွေးတိတ်စေသောဖြစ်စဉ်၊ The Cardiac Cycle နှလုံးခုန်ခြင်းဖြစ်စဉ်၊ Control of Heart Beat နှလုံးခုန်နှုန်းအားထိန်းချုပ်ခြင်းအကြောင်းအရာများနဲ့ LYMPHATIC SYSTEM မှာတော့ တစ်ရှူးများမှ ပြန်ရည် (Lymph)များသည် သွေးထဲသို့ ပြန်ရည်ကြောမျှင် (Lymphatic capillaries)များမှတစ်ဆင့် စီးဆင်းသည့် တစ်ရှူးရည်၏အခန်းကဏ္ဍများကို လေ့လာမှတ်သားကြရမှာ ဖြစ်ပါတယ်။

Chapter 4 DISEASES IN PLANTS AND ANIMALS တွင် PLANT DISEASES အပင်ရောဂါများကို အများအားဖြင့် ပုံမှန်မဟုတ်သော ကြီးထွားမှု (abnormal growth) နှင့် /သို့မဟုတ် အပင်၏ ကမောက်ကမ ဖြစ်မှု (dysfunction) အဖြစ်သတ်မှတ်ပါတယ်။ Biotic diseases သက်ရှိများ (ဥပမာ၊ မှို၊ ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်များ) ကြောင့်ဖြစ်သည့် အပင်ရောဂါအမျိုးအစားများနှင့် Abiotic diseases သက်ရှိမဟုတ်သော ပတ်ဝန်းကျင်အခြေအနေများ (ဥပမာ၊ မြေဆီလွှာကျစ်ခြင်း၊ လေ၊ နှင်းခဲ၊ မြေဆီလွှာဆားပေါက်ပျက်စီးခြင်း၊ အမြစ်ထွက်မှုပုံမမှန်ခြင်း) ကြောင့်ဖြစ်သည့် အပင်ရောဂါအမျိုးအစားများကို သိရှိကြရပါမယ်။ Disease Causing Factors ရောဂါဖြစ်စေသော အကြောင်းရင်းများ၊ အပင်ရောဂါများ၏ Signs and Symptoms ရောဂါလက္ခဏာများ၊ Types of Pathogens အပင်ရောဂါပိုးအမျိုးအစားများနှင့် Control of Plant Diseases အပင်များတွင် ကျရောက်သော ရောဂါပိုးမွှားများကို ထိန်းချုပ်ခြင်းများအား ကဏ္ဍအလိုက် သင်ကြားကြရမှာဖြစ်ပါတယ်။ ANIMAL DISEASES ဆိုသည်မှာ ခန္ဓာကိုယ် (သို့မဟုတ်) စိတ်၏ နာမကျန်းမှုကို ဖြစ်စေသော ရောဂါများကို ဆိုလိုပါတယ်။ ANIMAL DISEASE များကို မကူးစက်နိုင်သော ရောဂါအမျိုးအစားများ Non–infectious Diseases နှင့် ကူးစက်နိုင်သောရောဂါ အမျိုးအစားများ Infectious Diseases ဟု ခွဲခြားနိုင်ပါတယ်။ မကူးစက်နိုင်သော ရောဂါအမျိုးအစားများ Non–infectious Diseases တွင် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ ကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ အကြောင်းအရာများ ပါဝင်ကြပါတယ်။ ကူးစက်နိုင်သော ရောဂါအမျိုးအစားများ Infectious Diseases တွင် နမူနာအဖြစ် ငှက်ဖျားပိုး Plasmodium ကူးစက်ခြင်း၊ ငှက်ဖျားပိုး၏ ဇီဝစက်ဝန်း Life cycle of Plasmodium၊ ငှက်ဖျားရောဂါကုသခြင်း၊ ကာကွယ်ခြင်း၊ကမ္ဘာတစ်ဝန်း ငှက်ဖျားရောဂါထိန်းချုပ်မှုအကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကျက်မှတ်ကြရမှာဖြစ်ပါတယ်။

Chapter 5 COORDINATION AND RESPONSE သည် အပင်နှင့် တိရစ္ဆာန်များ၏ ပေါင်းစပ်ညှိနှိုင်းမှု၊ တုံ့ပြန်မှုများနှင့် သက်ဆိုင်သည့် အကြောင်းအရာများပါဝင်ပြီး COORDINATION AND RESPONSE IN PLANTS အပင်၏ အစိတ်အပိုင်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် တုံ့ပြန်မှု၊ အပြန်အလှန်အကျိုးသက်ရောက်ပုံ အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာဖြစ်တယ်။ PLANT GROWTH AND DEVELOPMENT တွင် Plant Growth Regulators များဖြစ်သော အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ရှုထောင့်အမျိုးမျိုးကို ထိန်းချုပ်သည့် အဓိက အပင်ဟော်မုန်းအမျိုးအစား ငါးမျိုးဖြစ်တဲ့ Auxins, gibberellins, cytokinins, ethylene နှင့် abscisic acid တို့ကို သိရှိရမှာဖြစ်ပြီး ဤဟော်မုန်းတစ်ခုစီဟာ အပင်ကြီးထွားမှုနှင့်ဖွံ့ဖြိုးမှုအပေါ် တိကျသော အကျိုးသက်ရောက်မှုများရှိကြတယ်။ Seed Dormancy အစေ့ငုပ်ခြင်း၊ Seed Germination အစေ့ပေါက်ခြင်းအမျိုးအစား သုံးမျိုး၊ Photoperiodism ပန်းပွင့်စေရန် အပင်မှလိုအပ်သော အလင်းနှင့် အမှောင်ကာလ၊ အလင်းကာလပေါ်မူတည်၍ အပင်အမျိုးအစား သုံးမျိုးခွဲခြားခြင်း၊ Photomorphogenesis အပင်များ အလင်းရောင်ကို တုံ့ပြန်ပြီး ကြီးထွားသည့်ဖြစ်စဉ်နှင့် အရေးပါပုံ စသည့်အကြောင်းအရာများကို စိတ်ဝင်စားစွာ လေ့လာကြရမှာဖြစ်ပါတယ်။ COORDINATION AND RESPONSE IN ANIMALS တိရစ္ဆာန်များ၏ ညှိနှိုင်းခြင်းနှင့် တုံ့ပြန်မှုအပိုင်းမှာ ပတ်ဝန်းကျင်၏လှုံ့ဆော်မှုများကို ညှိနှိုင်းတုံ့ပြန်နိုင်စွမ်းသည် အသက်ရှင်ရပ်တည်မှုအတွက် အရေးကြီးပြီး ပြောင်းလဲနေသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်စေရမှာဖြစ်တယ်။ Human Nervous System တွင် လူ့အာရုံကြောစနစ်တည်ဆောက်ပုံ Structure of Neurones မတူညီသော Neurones အမျိုးအစားများနှင့် ၎င်းတို့၏လုပ်ငန်းများ၊ Synapses ၏ တည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်များ၊ SENSE ORGANS သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရန် ပတ်ဝန်းကျင်၏ ပြောင်းလဲမှုများကိုသိရှိပြီး သင့်လျော်စွာ တုံ့ပြန်ရမည်ဖြစ်ပြီး အပြောင်းအလဲများကို ထောက်လှမ်းရန် လူသားများနှင့် အခြားသက်ရှိများတွင် အဆင့်မြင့်ဖွံ့ဖြိုးစွာ ပါရှိနေသည့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာနှင့် အရေပြားတို့ကဲ့သို့သော အာရုံခံအင်္ဂါများမှ Structure of human eye and mechanism of vision လူ့မျက်လုံးဖွဲ့စည်းပုံနှင့် အမြင်အာရုံဆိုင်ရာယန္တရား၊ THE ENDOCRINE SYSTEM ၌ Endocrine glands and Hormones လူ့ခန္ဓာကိုယ်ရှိ endocrine ဂလင်းများ၏တည်နေရာနှင့် ဟော်မုန်းများ၏ အခန်းကဏ္ဍ၊ Comparison between Nervous System and Endocrine System လူ့ခန္ဓာကိုယ်ရှိအာရုံကြောစနစ်နှင့် endocrine စနစ်အကြား နှိုင်းယှဉ်လေ့လာမှုဇယား စသည့်ခေါင်းစဉ်များကို သေချာစွာ လေ့လာကျက်မှတ်ကြရမှာဖြစ်ပါတယ်။

Chapter 6 BIODIVERSITY AND CONSERVATION သင်ခန်းစာမှာ ဤစာအုပ်၏ နောက်ဆုံးအခန်းဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်းဖြစ်၍ သဘာဝတွင် ဇီဝမျိုးစုံမျိုးကွဲများသည် အဘယ်ကြောင့် အရေးကြီးရသနည်းဆိုသည့် အကြောင်းအရာ၊ အချက်အလက်များကို သေချာစွာမှတ်သားကြရမှာဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ဂေဟစနစ်တစ်ခုအတွင်းရှိ သက်ရှိပုံစံများ၏ ကွဲပြားမှုအတိုင်းအတာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများ ဟန်ချက်ညီစွာ ရှင်သန်ကြီးထွားပေါက်ဖွားနိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းသည် သက်ရှိများ၏ ဘဝရှင်သန်နေထိုင်မှုနှင့် သဘာဝဂေဟစနစ် နှစ်ခုလုံးတွင် အရေးပါသောအခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ Levels of Biodiversity ဇီဝမျိုးစုံတို့၏ မတူကွဲပြားသောအဆင့်များ၊ Importance of Biodiversity ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါမှု၊ Biodiversity in Myanmar တွင် မြန်မာနိုင်ငံရှိ သစ်တောအမျိုးအစား Forest Diversity များနှင့် Endangered Species မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ်များ၊ THREATS TO BIODIVERSITY ဇီဝမျိုးစုံမျိုးကွဲများအား မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရသော အကြောင်းတရားများဖြစ်တဲ့ Habitat Destruction ဇီဝမျိုးစုံမျိုးကွဲများ၏ နေထိုင်ရာများပျက်စီးခြင်း၊ Invasive Alien Species (IAS) ဒေသရင်းမဟုတ်သော မျိုးစိတ်များ ဝင်ရောက်လာခြင်း၊ Genetic Pollution ဗီဇညစ်ညမ်းမှုဖြစ်ခြင်း (ဥပမာ–မျိုးစပ်ခံရခြင်း၊ မျိုးရိုးဗီဇ ရောယှက်ခြင်း)၊ Overexploitation ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအား အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ Climate Change ထိုသို့အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း အကျိုးဆက်ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်း၊ Human Overpopulation လူဦးရေတိုးမြင့်ထူထပ်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပဋ္ဌိပက္ခများဖြစ်ပေါ်လာခြင်း၊ Wildlife Trade သဘာဝတောရိုင်းသက်ရှိများနှင့် ၎င်းတို့မှ ထုတ်လုပ်သောပစ္စည်းများကို တရားမဝင်ရောင်းဝယ်ခြင်း စတဲ့အကြောင်းအရာများကြောင့် ကမ္ဘာမြေ၏ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး CONSERVATION အတွက် အမျိုးမျိုးသော အစီအမံများနှင့် In situ နှင့် ex situ ကဲ့သို့သော ကာကွယ်ထိန်းသိမ်းရေးနည်းလမ်းများအကြောင်း အသိပညာပေးမြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံ

စာမျက်နှာ ၂၉ သို့

စာမျက်နှာ ၂၈ မှအဆက်

တွင် တည်ထောင်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေ (Protected Areas)များ၏ အမျိုးအစားနှင့်တည်နေရာများကို ကဏ္ဍအလိုက် စိတ်ဝင်စားစွာ လေ့လာကျက်မှတ်ကြရမှာ ဖြစ်ပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့မေးခွန်းပုံစံမှာ Section– A နှင့် Section– B နှစ်ပိုင်း ဖြစ်ပါတယ်၊ Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ်(၁)၊ (၂)၊ (၃) နှင့် Section – B မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၄)၊ (၅)တို့ဖြင့် စုစုပေါင်း ငါးပုဒ်ပါရှိမှာဖြစ်ပါတယ်။ အမှတ်ခွဲဝေမှုမှာ Section– A အတွက် (၃၀) မှတ်၊ Section– B အတွက် (၇၀) မှတ် ဖြစ်ပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်ကို မေးခွန်းဖွဲ့စည်းတည်ဆောက်ရာမှာ Grade 12 Biology Textbook မှ Chapter 1 – 6 အထိ ပါဝင်ကြတဲ့ ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ်များမှ အကြောင်းအရာများအား မေးခွန်းအမှတ်စဉ် (Question No. 1 – 5)များအတွက် Chapter အစဉ်လိုက် မေးခွန်းတည်ဆောက်မှာဖြစ်ပါတယ်။ မေးခွန်းများသည် ကျောင်းသား ကျောင်းသူများအတွက် သင်ယူခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝေဖန်ပိုင်းခြား တွေးခေါ်ခြင်းနဲ့ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးမှုနဲ့ ဆန်းသစ်မှုအရည်အသွေးများ ကောင်းမွန်မြင့်မားမှုကို ဦးတည်၍ လွယ်ကူလွန်းခြင်း၊ ခက်ခဲလွန်းခြင်းမရှိစေဘဲ ကျောင်းသား ကျောင်းသူများ၏ အရည်အချင်းအလိုက် လျော်ညီစွာဖြေဆိုနိုင်မည့် မေးခွန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားမှာ ဖြစ်ပါတယ်။

Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၁)၊ (၂) နဲ့ (၃) မှာ လုံးဝရွေးချယ်ဖြေဆိုပိုင်ခွင့် မရှိပါဘူး။

မေးခွန်းနံပါတ် (၁) အမှား (သို့မဟုတ်) အမှန် ဖြေဆိုခြင်း (TRUE or FALSE) မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု No. (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀)မှတ်ဖြစ်ပါတယ်။ TRUE or FALSE statements ဖော်ပြချက်တွေဟာ Grade 12 Biology မှာ ပြဋ္ဌာန်းထားတဲ့အကြောင်းအရာများအပေါ် နားလည်သဘောပေါက်မှုကို အခြေခံပြီး ဦးစားပေး မေးထားတာဖြစ်ပါတယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို Own construction နဲ့မေးထားတဲ့ statement များလည်းပါရှိမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁) TRUE or FALSE statements ကို ဖြေဆိုဖို့ Statement ဟာ အားလုံးမှန်ကန်ပြီး မိမိသိရှိထားတဲ့အကြောင်းအရာနဲ့ ကိုက်ညီရင် TRUE ဖြစ်ပြီး ကွဲလွဲမှုရှိရင် FALSE ဖြစ်၍ အဖြေများကို all capital letter နဲ့ရေးလျှင် ပိုကောင်းပါတယ်။ သို့သော် မည်သို့ပင်ဖြေဖြေ အဖြေမှန်လျှင်အမှတ်ရမည်ဖြစ်ပြီး အဖြေနှစ်မျိုးရေးခဲ့လျှင် လုံးဝအမှတ်မပေးပါ။

မေးခွန်းနံပါတ် (၂) ကွက်လပ်ဖြည့်ခြင်း (Completion)တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု No. (i – x) အတွက်တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၂) ရဲ့ Completion statement များအတွက် ကွက်လပ်ချန်ထားတဲ့ နေရာမှာ မှန်ကန်တဲ့ အဖြေစကားလုံး (Word) (၁)လုံးကိုသာ စာလုံးပေါင်း (Spelling) မှန်မှန်နဲ့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ ဖြည့်စွက်မည့် အဖြေစကားလုံးရဲ့ Tense ကိုဂရုစိုက်ဖို့လိုသလို သိပ္ပံအမည်များ (Scientific name) ကို ရေးသားဖော်ပြခိုင်းရင်တော့ မျိုးစု (Genus)၏ အစစာလုံးကို Capital letter နဲ့ စရေးပြီး 'Genus နှင့် species' တစ်ခုစီကို မျဉ်းသားပေးဖို့လိုအပ်ပါတယ်။ စာလုံးပေါင်းများကိုလည်း အမှားအယွင်းမရှိအောင် သတိထားပြီး ရေးသားကျက်မှတ်ရပါမယ်။

မေးခွန်းနံပါတ် (၃) အဖြေမှန်ရွေးချယ်ခြင်း (Multiple Choice) တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃) Multiple Choice ဖြေဆိုရာမှာ အဖြေမှန် (Correct answer) ကို ရွေးချယ်ရန် စကားလုံး (၄) လုံး (A, B, C, D) ထဲက တစ်လုံးကို ပုဒ်ခွဲငယ်နံပါတ်နဲ့အတူ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ အဖြေမှန် စကားလုံးကို ရေးသားဖော်ပြရန်မလိုပါ။

မေးခွန်းနံပါတ် (၁)၊ (၂)၊ (၃) Objectives မေးခွန်းတွေ ဖြေဆိုရာမှာ စာကြောင်း (Statements) များကို ပြန်ကူးရေးစရာ မလိုပါဘူး။ Objectives Statements (၃၀)ကို မှန်ကန်အောင်ဖြေဆိုနိုင်ဖို့ကတော့ ကျောင်းသား ကျောင်းသူများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာတွေကို နှုတ်တိုက်ကျက်မှတ်မည့်အစား အကြောင်းအရာရဲ့အနှစ်သာရကို အဓိပ္ပာယ်ရှိစွာနဲ့ ဆက်စပ်တွေးခေါ်ပြီး သဘောပေါက်နားလည်အောင် မှတ်သားထားမှသာ လွယ်လင့်တကူဖြေဆိုနိုင်မှာဖြစ်တယ်။ Objectives မေးခွန်းတွေဟာ နားလည်သဘောပေါက်မှုနဲ့ စဉ်းစားတွေးခေါ်ယူဆမှုကို အခြေခံတဲ့အတွက် သေချာလေ့လာမှတ်သားဖို့ လိုတယ်။ အဓိကပါဝင်တတ်တဲ့ မေးခွန်းတွေက ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition)များနှင့် Statements များ ဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာ မရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူများအနေနဲ့ Grade 12 Biology ပြဋ္ဌာန်းစာအုပ် တစ်အုပ်လုံးကို ခြုံငုံလေ့လာဖတ်ရှုထားဖို့လိုပါမယ်။ မေးခွန်းနံပါတ် ၁၊ ၂ နဲ့ ၃ Objectives မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံး ဆင့်ပွားမေးခွန်းငယ်နံပါတ်များအား မှားတပ်ခြင်း၊ နံပါတ်ပိုခြင်း၊ လိုခြင်း မရှိစေရန် ဂရုစိုက်ဖို့နဲ့ နံပါတ်ရေးချပြီးမှ Statements များကို သေချာစွာဖတ်ရှုပြီး မိမိအနေနဲ့ သေချာမှန်ကန်တဲ့အဖြေများကို သက်ဆိုင်ရာနံပါတ်ဘေးမှာ ဖြေဆိုဖို့ လိုအပ်ပါတယ်။

Section – B မှာ မေးခွန်းနံပါတ် (၄) မေးခွန်းတို No. 4 (Short questions)နဲ့ မေးခွန်းနံပါတ် (၅) မေးခွန်းရှည် No. 5 (Long questions) တွေပါဝင်မှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၄) တွင် မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် (a – f) အတွက် ပုဒ်ခွဲငယ် တစ်ခုလျှင် ငါးမှတ်စီဖြင့် ပေးမှတ် (၃၀)မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၄)အတွက် (Answer ALL questions) မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး လုံးဝရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ မေးခွန်းနံပါတ် (၄) မေးခွန်းတိုဖြေဆိုရာမှာ မေးခွန်းတွေကို သေချာစွာဖတ်ရှုပြီး တိုတိုနဲ့လိုရင်းကိုသာ ဖြေဆိုရမှာဖြစ်တဲ့အတွက်မေးခွန်းကမေးထားတဲ့အဖြေပေါ်မူတည်၍ ကိုက်ညီမှန်ကန်မှုရှိသည့်ဖြေဆိုမှု ပြုလုပ်နိုင်ရန် လိုအပ်ပြီး သို့မှသာ အမှတ်ပြည့်ရရှိနိုင်မှာဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၅) (Long questions) တွင် (Answer any FOUR questions)ဟူ၍ ရွေးချယ်ပိုင်ခွင့်ရှိသည့် မေးခွန်းပုဒ်ခွဲငယ် (၆)ပုဒ် No. (a – f) မေးထားပြီး နှစ်သက်ရာ (၄)ပုဒ်အား ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းရှည် (Long questions)မှာ ဘာသာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုကို ဖြေဆိုရမှာဖြစ်ပြီး ဆက်လက်လေ့လာမည့် အဆင့်မြင့်ဘာသာရပ်များကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါတယ်။ မေးခွန်းနံပါတ် (၅) မှာ ရွေးချယ်ဖြေဆိုပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးကို ဖြေဆိုရာတွင် မိမိကျွမ်းကျင်စွာ ဖြေဆိုနိုင်မည်၊ အမှတ်ပြည့်ရနိုင်မည့် မေးခွန်းမျိုးကို ရွေးချယ်ဖြေဆိုကြရန်နှင့် မေးခွန်းအရွေးမမှားစေဖို့ အထူးသတိပြုကြရန် အရေးကြီးပါတယ်။ မေးခွန်းတွေမှာ ပုံဆွဲခိုင်းခဲ့ရင် အချိုးကျသပ်ရပ်တဲ့ပုံနဲ့ အညွှန်း(Labels)မျဉ်းအတွက် ခဲတံကို အသုံးပြုပြီး ပြည့်စုံမှန်ကန်တဲ့ အညွှန်း Labels နဲ့ ပုံခေါင်းစဉ် Caption တွေ အတွက် ဘောလ်ပင်နဲ့တပ်ပေးလျှင် ပိုကောင်းပါတယ်။ ဒါ့ကြောင့် သင်ခန်းစာများကို လေ့လာတဲ့အခါ သရုပ်ဖော်ပုံနဲ့တွဲပြီး လေ့လာဖို့ လိုသလို Word diagram နဲ့ Table များကိုပါလေ့လာဖို့လိုတယ်။

Grade 12 Biology Textbook တွင် တိကျသော ရောင်စုံပုံချပ်များ precise colourful diagrams, ဓာတ်ပုံမိုက်ခရိုဂရပ်များ photomicrographs, figures and charts, Chapter တစ်ခုချင်းစီ၏ အဆုံးတွင် နမူနာမေးခွန်းများ၊ ဝေါဟာရအသုံးအနှုန်းအခက်အခဲများကို ကျော်လွှားရန် GLOSSARY များ ပါဝင်ကြပါတယ်။ ကျောင်းသား ကျောင်းသူများသည် Grade 12 Biology Textbook မှာပါဝင်တဲ့ အကြောင်းအရာတွေကို သေချာကျေညက်အောင်လေ့လာပြီးတဲ့နောက် ဇီဝဗေဒ၊ ဇီဝဗေဒနှင့် ဆက်နွယ်လျက်ရှိသည့် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်နယ်ပယ်များတွင် ဆက်လက်လေ့လာရန် အရည်အချင်းပြည့်မီသူများဖြစ်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့စာမေးပွဲဖြေဆိုတဲ့အခါ –

- မေးခွန်းမှာ Mention / Name / List နဲ့စထားရင် အမည်များ ဖော်ပြဖြေဆိုရန်။
- Enumerate နဲ့စရင် အမှတ်စဉ်ထိုး၍ ဖြေဆိုရန်။
- Define နဲ့စရင် အဓိပ္ပာယ်သတ်မှတ်ရန်။
- What / How / Cite / Give / State / Describe / Discuss/ Explain / Clarify / Write နဲ့စထားရင် ရေးပါ၊ ရှင်းပြပါ၊ ဖြေရှင်းပါ၊ ဆွေးနွေးပါ၊ ဖော်ပြပါ၊ ဘယ်လိုနားလည်သလဲ အစရှိတဲ့ မေးခွန်းတွေကို စာသားအားဖြင့် အဖြေထုတ်ရန်။
- Distinguish / Classify / Differentiate နဲ့စရင် အုပ်စုနှင့် အမျိုးအစားတို့ကို ခွဲခြားပြရန်။
- Comparative / Compare and contrast / versus နဲ့ မေးထားရင် နှိုင်းယှဉ်ဖြေဆိုရန်။
- Give a table / Tabulate နဲ့စရင် ဇယားဆွဲ၍ ဖြေဆိုရန်။
- Give a word diagram နဲ့စရင် စကားလုံးများကို အညွှန်းမြားတန်းဖြင့် ချိတ်ဆက်ဖော်ပြရန်။
- Draw / Illustrate / illustration / drawing / diagram နဲ့ မေးထားရင် သရုပ်ဖော်ပုံဆွဲပေးရန်။
- Provide labels and caption နဲ့စရင် ပုံကိုပြန်ကူးဆွဲစရာ မလိုဘဲ အညွှန်းမြားဖြင့် ညွှန်ပြသောနေရာကို အမည်ဖော်ပေးရန်နှင့် ပုံခေါင်းစဉ်တပ်ပေးရန်ဖြစ်ပြီး နောက်ဆက်တွဲမေးသည့် မေးခွန်းရှိခဲ့လျှင် မကျန်ရစ်အောင်ဖြေဆိုရန် သတိပြုပါ။
- မေးခွန်းကိုသေချာစွာဖတ်ပါ။ နားလည်သဘောပေါက်အောင် ဖတ်ပြီးမှဖြေဆိုပါ။
- အဖြေလွှာရဲ့သတ်မှတ်ထားတဲ့နေရာမှာ ခုံနံပါတ်ကိုမှန်အောင် တပ်ပါ။
- အဖြေလွှာပေါ်ကညွှန်ကြားချက်များကို သေချာစွာလိုက်နာပါ။
- ဖြေဆိုမည့်မေးခွန်းနံပါတ်ကို ဘေးမျဉ်းအတွင်း မှန်အောင် တပ်ပြီးမှဖြေဆိုပါ။
- ဖြေဆိုပြီးအဖြေများ မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်စစ်ဆေးပါ။
- အမှတ်များများလိုချင်ရင် ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၆) ခန်းလုံးကိုစေ့စပ်သေချာစွာ သိထားရမှာဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ အကြံပြုချက်များကို လိုက်နာပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဇီဝဗေဒဘာသာရပ်ကို ဂုဏ်ထူးမှတ်များနဲ့ ထူးထူးချွန်ချွန် အောင်မြင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအားလုံး ထူးချွန်စွာ အောင်မြင်ကြပါစေ။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၆၇၃ ဧက စိုက်ပျိုးမည်

မုံရွာ ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၆၇၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၀၇၉ ဧက၊ ကနီ မြို့နယ်တွင် ၈၀၃ ဧကနှင့် ပုလဲမြို့နယ်တွင် ၇၉၁ ဧက စုစုပေါင်း ၃၆၇၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်း ၃၆၇၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် နွေနှမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ စျေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းစျေးကွက်တွင်သာမက ပြည်ပစျေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး

ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

သွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၇၀၅၉ ဧက စိုက်ပျိုးပြီးစီး

ကလေး ဖေဖော်ဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၇၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီးဧက ၇၀၅၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၃၅၁ ဧက၊ ကလေးဝမြို့နယ်တွင် ၅၄၁ ဧက၊ မင်းကင်းမြို့နယ်တွင် ၆၁၆၇ ဧက စုစုပေါင်း ၇၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲကြီးဧက ၇၀၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၇၀၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ အတွက် လိုအပ်တဲ့မျိုးကောင်း မျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ပဲကြီးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၃၅၁ ဧက၊ ကလေးဝမြို့နယ်တွင် ၅၄၁ ဧက၊ မင်းကင်းမြို့နယ်တွင် ၆၁၆၇ ဧက စုစုပေါင်း ၇၀၅၀ ဖြစ်ကြောင်းသိရသည်။

ကလေးခရိုင်တွင် ပဲကြီးစိုက်တောင်သူများကို စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွှေ့ ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ပုဗ္ဗသီရိမြို့နယ် ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်လှေးကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၅ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်း အကြောင်းအရာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၅၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျောင်းစုကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၇ ဦးကို ငွေကျပ် ၂၂ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၂ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ပြောပြ၍ သိရသည်။ **နော်လူး**



အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလိမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တစ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုင်ငေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့.
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

SKY BLUE CO.Ltd

Mandalayကိုယ်စားလှယ်ခေါ်မည်။
အရောင်းဝန်ထမ်း- ကျား(၃)ဦး မ(၇)ဦး
အလိုရှိသည်။
ဆက်သွယ်ရန်- 09.777577706
လိပ်စာ- မန္တလေးမြို့

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
ဘဒ္ဒန္တမုနိန္ဒယောသ
(သာသနဓဇမဟာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ)
သက်တော်(၈၇)နှစ်၊ သီကျွှာတော်(၆၇)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အရှေ့လယ်ကိုင်းတိုက်၊ ညောင်ပင်ရှည်ကျောင်း ဦးစီးပဓာနနာယက၊ ဓမ္မဓရဘာသန္တရကောလိပ် ဩဝါဒါစရိယ၊ ရပ်ကျေးသံဃနာယက ဥက္ကဋ္ဌ၊ သက်တော်ရှည် ဆရာတော်ကြီး

ဘဒ္ဒန္တမုနိန္ဒယောသ သက်တော်(၈၇)နှစ်၊ သီကျွှာတော်(၆၇)ဝါ

သည် ၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၃)ရက်၊ (၄-၂-၂၀၂၆) ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ ၃ နာရီ ၁၈ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(စျာပနအခမ်းအနား ၈-၂-၂၀၂၆ ရက် တနင်္ဂနွေနေ့ မွန်းတည့် (၁၂)နာရီ)

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့နယ်၊ ဆယ်လံကျေးရွာနေ မောင်ညီညီထွန်း(ဘ) ဦးဖိုးကောင်း(၉/ညဥ့နု(နိုင်)၂၃၄၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-978034177

သင့်သွေးဖြင့် အသက်ကယ်ပါ

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုခေါ်ကြားစို့"
"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုခေါ်ကြားပေး"

အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ လူသားအရင်းအမြစ်ကောင်းများရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကို ဖော်ဆောင်နိုင်မည်ဖြစ်...

❖ ထို့ကြောင့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများပေါ်ထွက်လာရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

သီတဂုစက္ခုဒါနဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး၊ သီတဂုဆရာတော်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ်ရှိ သီတဂု အပြည်ပြည်ဆိုင်ရာသာသနာပြုအဖွဲ့.

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်သီတဂုကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ဉာဏိသဿရထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်(ယနေ့) (စနေနေ့) ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ၌ ခမ်းနားထည်ဝါစွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ ညနေ ၄ နာရီခန့်မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV Farmers'၊ MRTV Sports၊ MRTV-Entertainment Channel တို့ကလည်းကောင်း၊ မိတ်ဖက်ရုပ်သံလိုင်းများဖြစ်သည့် MWD-HD Channel၊ MWD Variety – HD Channel တို့ကလည်းကောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိကြသော ရုပ်သံလိုင်းများဖြစ်သည့် MRTV-4၊ Channel-7၊ 5 Plus၊ Channel-9၊ MNTV၊ SKY Premier Channel၊ Fortune Channel၊ Channel K၊ Y TV၊ M Entertainment Channel၊ Mahar Channel တို့ကလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဌွတီ၊ ရွှေ၊ ပုဂံတို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star၊ သဇင်တို့ကလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Mahar Youtube Channel အပါအဝင် Online Media တို့ကလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါMRTV HD Channel က Liveထုတ်လွှင့်ပြသမှုကြောင့် နေ့စဉ်ပုံမှန်ထုတ်လွှင့်လျက်ရှိသည့်သတင်းချိန်များဖြစ်သည့် ညနေ ၄ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီသတင်းများကို MRTV News Channel က ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

စာမျက်နှာ - ၂၅

၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

စာမျက်နှာ - ၂၈